# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၈ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၉၀)


### မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည့် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာ ပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ် ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဓမ္မပဒ(ဓမ္မပဒ-၁၄၀)**



# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး တာရာကိုတာ စစ်သည်တော်ရုပ်တုနှင့် မြင်းရုပ်တုများအား သွားရောက်လေ့လာ

ရှီအန်း မေ ၇

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချန်ဒူးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ရှန်ရှီးပြည်နယ် ရှီအန်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိကြသည်။**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရှီအန်းမြို့ Hyatt ဟိုတယ်သို့ရောက်ရှိကြပြီး အဆိုပါဟိုတယ်၌ ရှန်ရှီး ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Hu Heping ဦးဆောင်သော အဖွဲ့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့်တရုတ်နှစ်နိုင်ငံတို့အကြား ချစ်ကြည် ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီး မြှုပ်နှံမှုနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❀

### လေ့လာ ကြည့်ရှု

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် ချင်အင်ပါယာ၏ တာရာကိုတာ စစ်သည်တော်ရုပ်တု များအား လေ့လာကြည့်ရှုစဉ်**
ဓာတ်ပုံ-(ပြန်/ဆက်)



## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Global Commission on Drug Policy ၏ ဥက္ကဋ္ဌ၊ ဆွစ်ဇာလန်နိုင်ငံ သမ္မတဟောင်း Ms. Ruth Dreifuss အား လက်ခံတွေ့ဆုံ



## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Total ကုမ္ပဏီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

စ၁ - ၃


edexcel Approved Center 95873

PEARSON

ENROLL NOW

Hot Line
09-254 200 234
09-444 646 664

EMPS INTERNATIONAL SCHOOL
Simple way to Brighter Future

နိုင်ငံတကာအတန်း နှင့် မြန်မာကျောင်းအတန်း တစ်ပြိုင်နက် ရနိုင်မည့်အခွင့်အလမ်း

- Pre-School (2 ½ to 5 Yr )
- edexcel (Primary 1 - 6)
- KG မှ အလယ်တန်းအထိ
- Special Needs Classes
- Weekend Classes

မြန်မာ့အလင်း

# စီးပွားရေးကဏ္ဍ၏ အရှိန်အဟုန်မြှင့်ဆောင်ရွက်ချက်များ

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ အခရာကျသည်ကို စီးပွားရေးပညာရှင်များက ထောက်ပြကြပါသည်။ မြန်မာနိုင်ငံ၏အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များတွင် လိုအပ်သောအရင်းအနှီးအတွက် ဘဏ်များမှ ချေးငွေရရှိရေးသည် အဓိကလိုအပ်ချက်တစ်ရပ်အဖြစ်ပါဝင်နေပါသည်။ သို့သော် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကဘဏ်များသည် အိုးအိမ်၊ မြေယာကဲ့သို့သော ပိုင်ဆိုင်မှုများကို အာမခံအဖြစ်မထားရှိပါက စီးပွားရေးလုပ်ငန်းများသို့ချေးငွေထုတ်ပေးရန် တွန့်ဆုတ်လျက်ရှိပါသည်။ ဤသည်မှာလည်း တိုင်းပြည်၌ နှစ်ပေါင်း ၅၀ ကျော် ကျင့်သုံးခဲ့သော တံခါးပိတ်စီးပွားရေးမူဝါဒတို့ကြောင့် စီးပွားရေးလုပ်ငန်းတို့၏ အောင်မြင်နိုင်မှုအလားအလာအပေါ်မူတည်၍ ချေးငွေထုတ်ပေးနိုင်သော ကျွမ်းကျင်မှု ပြည်တွင်းပုဂ္ဂလိကဘဏ်များတွင် မရှိသောကြောင့် ဖြစ်ပါသည်။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ လိုအပ်လျက်ရှိသောဘဏ်ချေးငွေထုတ်ပေးရေးကိစ္စရပ်၌ ပြည်တွင်းပုဂ္ဂလိကဘဏ်များတွင် လုပ်ငန်းကျွမ်းကျင်မှု လိုအပ်သကဲ့သို့ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၌လည်း သက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုများ လိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ရေရှည်စီးပွားရေးအစီအစဉ်များနှင့်ပတ်သက်၍ ပီပီပြင်ပြင် တိတိကျကျ ရေးဆွဲမထားသည့်အချက်ကို စီးပွားရေးပညာရှင်များက ထောက်ပြကြပါသည်။ ဤမျှသာမက မြန်မာနိုင်ငံ၏အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းဖွဲ့စည်းပုံနှင့် စာရင်းအင်းထိန်းသိမ်းခြင်းအပါအဝင် အခွန်ထမ်းဆောင်ခြင်းနှင့် ဈေးကွက်စီမံခြင်းကဲ့သို့သော ကိစ္စရပ်များ၌ ဖြည့်ဆည်းဆောင်ရွက်ရမည့်ကိစ္စရပ်များစွာရှိနေပါသည်။ အဆိုပါလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ထိုင်းနိုင်ငံ၏ **KASI-KORN BANK (K BANK)** သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့် ပူးပေါင်းလျက် မြန်မာနိုင်ငံ၏ ဒေသအတော်များများတွင် သင်တန်းများပို့ချရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။ ထုတ်ပြန်ခဲ့သောသတင်းများအရ အဆိုပါ သင်တန်းများကို ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌သာမက နယ်စပ်ဒေသများဖြစ်သော မော်လမြိုင်၊ မြိတ်နှင့် တောင်ကြီးမြို့များ၌ပါ ဖွင့်လှစ်သွားမည်ဟုသိရှိရပါသည်။ ဤကဲ့သို့သောသင်တန်းများကို ထိုင်းဘဏ် **(K BANK)** နှင့်သာမက တခြားသော သင့်တော်ရာ နိုင်ငံခြားဘဏ်များနှင့် လက်တွဲဆောင်ရွက်နိုင်ရေးကိုပါ ကြိုးပမ်းဆောင်ရွက်ရန် အကြံပြုတိုက်တွန်းလိုပါသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအပါအဝင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်တွင်းပုဂ္ဂလိကဘဏ်များအနေဖြင့် ရာခိုင်နှုန်းတစ်ခုကို မချေးမနေရထုတ်ချေးရန် သတ်မှတ်ဆောင်ရွက်သွားမည်ဟု နိုင်ငံတော်ဗဟိုဘဏ်က ရှင်းလင်းပြောဆိုထားပါသည်။ ထို့အပြင် နိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်းပုဂ္ဂလိကဘဏ်များအား အကာအကွယ်ပေးမည်ဟူသော မူဝါဒထက် အထောက်အပံ့ပေးမည်ဟူသော မူဝါဒကိုင်စွဲမည်ဆိုသည်ကို ရှင်းလင်းတင်ပြထားသကဲ့သို့ နိုင်ငံခြားဘဏ်များကို ပြည်တွင်း၌ လုပ်ပိုင်ခွင့်ပိုမိုပေးအပ်မည်ဟူသောအချက်ကိုလည်း ချပြထားပါသည်။ ချုပ်၍တင်ပြရပါက နိုင်ငံတော်အစိုးရသည် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသကဲ့သို့အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကြံဉာဏ်ကောင်းများထုတ်၍ မီးကုန်ယမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအရာရှိ အဆင့် (၃) မွမ်းမံသင်တန်းအမှတ်စဉ် (၂၈) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မေ ၇**

ပြည်ထောင်စုရှေ့နေချုပ်ရုံးသင်တန်းခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ဥပဒေအရာရှိ အဆင့် (၃) မွမ်းမံသင်တန်း အမှတ်စဉ်(၂၈) သင်တန်း ဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုရှေ့နေချုပ်က ယခုသင်တန်းသည် ဥပဒေရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော ဦးစီးအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားရေးနှင့် တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးတို့အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သင်တန်းဆရာများနှင့် ပြည်တွင်းပြင်ပပညာရှင်များက ဆွေးနွေးပို့ချခဲ့၍ အတွေ့အကြုံဗဟုသုတများစွာ ရရှိကြမည် ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် တရားလိုများ၏ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရသည့်နည်းတူ စွပ်စွဲခံရသူများ၏ အခွင့်အရေးများကိုလည်း ဥပဒေအရကာကွယ်ပေးရမည်ဖြစ်ကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး အဂတိတရားကင်းသော ဥပဒေအရာရှိများဖြစ်စေရန် ပြုမူနေထိုင်ရမည်ဖြစ်ကြောင်း၊ တရားစီရင်ရေးကဏ္ဍတွင် ပြည်သူများ၏ ယုံကြည်ကိုးစားမှု တိုးတက်မြင့်မားလာရေးအတွက် ပါဝင်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး သင်တန်းတွင် ဆုရရှိသူများကို ဆုများချီးမြှင့်သည်။ သင်တန်းကာလမှာ ရက်ပေါင်း ၃၀ ကြာမြင့်ခဲ့ပြီး သင်တန်းသို့ ဦးစီးအရာရှိနှင့် မြို့နယ်ဥပဒေအရာရှိ စုစုပေါင်း ၄၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရဲတပ်သားသစ်သင်တန်းဆင်းပွဲ နေပြည်တော်၌ ကျင်းပ



**နေပြည်တော် မေ ၇**

နေပြည်တော်ရဲတပ်ဖွဲ့ အစီအစဉ်ဖြင့်ဖွင့်လှစ်သော ရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၂၂၀/၂၀၁၇) သင်တန်းဆင်းပွဲကို မေ ၇ ရက် နံနက် ၇ နာရီက နေပြည်တော်ရှိ ရဲတပ်ရင်း(၂၀)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးကာ ဆုရသင်တန်းသားများကို ဆုများချီးမြှင့်ခဲ့သည်။ **(ဓာတ်ပုံ)** ထို့နောက် ဆုရသင်တန်းသားများ၊ သင်တန်းသားမိဘများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်စကားပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၊ ရကခ(၂)မှူး ရဲမှူးကြီး မိုးသန်းအောင်၊ နေပြည်တော်ရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့မှူး ယာယီ ရဲမှူးကြီး လေးစိုး၊ အမှတ်(၁)ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုရဲမှူးကြီး ကျော်မိုး၊ အမှတ်(၂၀)လုံခြုံရေးရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ရေးမြို့နယ်အတွင်း သောက်သုံးရေ ဝေငှပေး

**မော်လမြိုင် မေ ၇**

မွန်ပြည်နယ် ရေးမြို့နယ် ရွှေပြည်သာကျေးရွာရှိ အိမ်ခြေ ၃၀၀၊ အိမ်ထောင်စု ၂၅၀ သောက်သုံးရေအခက်အခဲရှိ၍ ရေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော် ဦးစီးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက် ဦးစီးတပ်ဖွဲ့ဝင်များသည် မေ ၆ ရက်က မီးသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေဂါလန် ၄၀၀၀၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ရေးမြို့နယ်အတွင်းရှိ ကျေးရွာ/ရပ်ကွက်များ၌ ရေလိုအပ်ပါက ရေလှူဒါန်းသည့်အဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များထံ ဆက်သွယ်ရယူနိုင်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ဧရာဝတီမြစ်ရေမြင့်တက်နိုင်သဖြင့် မြစ်ကြောင်းသွား ရေယာဉ်၊ လှေ၊ သင်္ဘောများ ဂရုပြုသင့်

**နေပြည်တော် မေ ၇**

ဧရာဝတီမြစ်ရေသည် မေ ၂ ရက်မှ ၆ ရက်အတွင်း ကသာမြို့၌ ၁၀ ပေခန့်မြင့်တက်ခဲ့ပြီး မေ ၇ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပေဝက်ခန့်ကျဆင်းခဲ့သည်။ အဆိုပါမြစ်ရေသည် သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့၌ လွန်ခဲ့သော မေ ၃ ရက်မှ ၇ ရက်အတွင်း သုံးပေခွဲမှ ရှစ်ပေခန့်၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့၌ မေ ၆ ရက်မှ ၇ ရက်အတွင်း ပေဝက်မှ တစ်ပေခွဲခန့်မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်အတွင်း သပိတ်ကျင်းမြို့၌ ပေဝက်ခန့်၊ နောက်တစ်ရက်မှ လေးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့တို့၌ တစ်ပေခွဲမှ နှစ်ပေခန့်၊ နောက်တစ်ရက်မှ ခြောက်ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ နှစ်ပေခွဲမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများ၌ စိုက်ပျိုးနေထိုင်နေကြသူများအနေဖြင့် မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၇-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၄၅၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၈၅/၇၀၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၁၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၃၀ ကျပ် | (လက်ကားဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ · ၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၁ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၃ · ၉၃ |
| ထိုင်း | တစ်ဘတ် | ၃၉ · ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၈ · ၂၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## ထာဝရငြိမ်းချမ်းရေးရရှိရန် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်း

ယနေ့အချိန်အခါတွင် သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရန် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်အစိုးရက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပခြင်းဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သော နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ငြိမ်းချမ်းရေးပန်းတိုင်ကို ချီတက်သွားမှာဖြစ်

ငြိမ်းချမ်းရေးလမ်းသွားတဲ့အခါမှာ အခြားလမ်းတွေ သွားသလိုပဲ ရှေ့ကိုတက်ရတာတွေလည်း ရှိတယ်။ တစ်ခါတလေရပ်နေရတာတွေလည်း ရှိတယ်။ တစ်ခါတလေလည်း နည်းနည်းပြန်ပြီးတော့ နောက်ဆုတ်ရတာတွေလည်း ရှိတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ ပန်းတိုင်က ဘာလဲဆိုတာ ကျွန်မတို့က ရှင်းရှင်းလင်းလင်းသိပါတယ်။ ပန်းတိုင်က ဘာလဲလို့ ရှင်းရှင်းလင်းလင်းသိလို့ ကျွန်မတို့ ဆက်ပြီးတော့ ဒီပန်းတိုင်ကို ချီတက်သွားမှာဖြစ်ပါတယ်။

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## GCDP အဖွဲ့မှ မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ နိုင်ငံတကာတွင် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများဆွေးနွေး

### နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Global Commission on Drug Policy ၏ ဥက္ကဋ္ဌ ဆွစ်ဇာလန်နိုင်ငံ သမ္မတဟောင်း Ms. Ruth Dreifuss အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် Global Commission on Drug Policy (GCDP) ၏ ဥက္ကဋ္ဌ ဆွစ်ဇာလန်နိုင်ငံ သမ္မတဟောင်း Ms. Ruth Dreifuss အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် GCDP အဖွဲ့မှ မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ နိုင်ငံတကာတွင် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတွင် ကြုံတွေ့လျက်ရှိသည့် ပြဿနာများ၏ အခြေခံအကြောင်းတရားများ၊ စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Global Commission on Drug Policy (GCDP) ၏ ဥက္ကဋ္ဌ Ms. Ruth Dreifuss အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Total ကုမ္ပဏီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် Total ကုမ္ပဏီဥက္ကဋ္ဌ Mr. Patrick Pouyanne တို့ တွေ့ဆုံဆွေးနွေးစဉ်

**နေပြည်တော် ဧပြီ ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ပြင်သစ်နိုင်ငံ Total ကုမ္ပဏီဥက္ကဋ္ဌ Mr. Patrick Pouyanne နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Total ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်အသုံးပြုရေး အလားအလာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

❀ ရှေ့ဖုံးမှ

ကုန်သွယ်ရေးကဏ္ဍများပိုမိုမြှင့်တင်ရေး၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၏ ပြည်နယ်များအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**နေ့လယ်စာစားပွဲ တက်ရောက်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ရှန်ရှီးပြည်နယ် အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ရှီအန်းမြို့ရှိ ချင်အင်ပါယာ၏ တာရာကိုတာ (Terracotta Army) စစ်သည်တော်ရုပ်တုနှင့် မြင်းရုပ်တုပြတိုက်သို့ ရောက်ရှိကြပြီး ရှေးဟောင်းရုပ်တုများ၏ အနုပညာလက်ရာများနှင့် ချင်အင်ပါယာ၏ စစ်အင်အားဖွဲ့စည်းမှု သမိုင်းကြောင်းကို လေ့လာကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြသည်။

**စစ်အင်အားကြီးမားခဲ့**

၁၉၇၄ ခုနှစ်တွင် ရှီအန်းမြို့ အရှေ့ဘက် လင်ထုံခရိုင်အတွင်းရှိ ဒေသခံလယ်သမားများ ရေတွင်းတူးဖော်ရာမှ (Terracotta Army) တာရာကိုတာ စစ်သည်တော်ရုပ်နှင့် မြင်းရုပ်တုများကို စတင်တွေ့ရှိခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်အထိ စစ်သည်ရုပ်တု ၈၀၀၀၊ စစ်ရထားရုပ် ၁၃၀၊ မြင်းရုပ် ၅၂၀ နှင့် မြင်းစစ်သည်ရုပ် ၁၅၀ ခန့်ကို တူးဖော်တွေ့ရှိထားကြောင်း၊ ၁၉၈၇ ခုနှစ်တွင် UNESCO က ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ယင်းရုပ်တုများသည် ချင်မင်းဆက်၏ အင်ပါယာကြီး စစ်အင်အားကြီးမားခဲ့ပုံကို ဖော်ပြနေပြီး ဘီစီ ၂၄၆ မှ ၂၅၇ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် ရုပ်တုများဖြစ်ကြောင်း သိရသည်။

**သမ္မတ ရှီကျင့်ဖျင်၏ မွေးရပ်မြေ**

ရှန်ရှီးပြည်နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ မွေးရပ်မြေဖြစ်ပြီး ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု စတင်ရန်ဒေသလည်း ဖြစ်ကြောင်း သိရသည်။

**ရှန်ဟိုင်းမြို့ ရောက်ရှိ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ရှီအန်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ရှန်ဟိုင်းမြို့သို့ ရောက်ရှိကြသည်။

**လေဆိပ်၌ ကြိုဆို**

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ရှန်ဟိုင်းအစိုးရအဖွဲ့ ဒုတိယအတွင်းရေးမှူး မစ္စတာ ယူပေဟွားနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ရှန်ဟိုင်းမြို့ ဟုန်းချောင်နိုင်ငံတော် ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

**မြစ်အတွင်း ကြည့်ရှုလေ့လာ**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ရှန်ဟိုင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို Huangpu Jiang မြစ်အတွင်း သင်္ဘောစီး၍ လှည့်လည်ကြည့်ရှုလေ့လာသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် ချင်အင်ပါယာ၏ တာရာကိုတာ စစ်သည်တော်ရုပ်တုအား လေ့လာကြည့်ရှုစဉ်**
ဓာတ်ပုံ-(ပြန်/ဆက်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရှန်ရှီးပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Hu Heping အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
ဓာတ်ပုံ-(ပြန်/ဆက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အီကွေဒေါသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်

**နေပြည်တော် မေ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အီကွေဒေါသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကို အခြေခံပြီး သံတမန်ဆက်ဆံရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းများနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၁၇ ခုနှစ် မေ ၆ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ အီကွေဒေါအမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၇ ခုနှစ် မေ ၆ ရက်တွင် နယူးယောက်မြို့ကုလသမဂ္ဂဆိုင်ရာ အီကွေဒေါအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အီကွေဒေါသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၁၆ နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံဖြစ်သည်။

**(သတင်းစဉ်)**

# GCDP ၏လုပ်ငန်းစဉ်များနှင့် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် Global Commission on Drug Policy (GCDP) ဥက္ကဋ္ဌ ဆွစ်ဇာလန်နိုင်ငံ သမ္မတဟောင်း Ms. Ruth Dreifuss အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုများနှင့်ပတ်သက်၍ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ GCDP ၏ လုပ်ငန်းစဉ်များနှင့် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် GCDP ဥက္ကဋ္ဌ Ms. Ruth Dreifuss တို့ ဆွေးနွေးစဉ်**

# မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာမည်။

တနင်္သာရီတိုင်းဒေသကြီးတွင်နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

# တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်

**နေပြည်တော် ဧပြီ ၇**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၁၂၀) သူရတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)စစ်ရေးပြကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ စိုးဝင်း တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူကာ ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ စိုးဝင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၀) သူရတပ်ခွဲကို စစ်ဆေးစဉ်** (သတင်းစဉ်)

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းနိုင်လင်းအောင်အား ငွေဓားဆုချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် တာဝန်ထမ်းဆောင်သည့်အခါ ပေးအပ်လာမည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း အထက်ကယုံကြည်အားကိုးရပြီး လက်အောက်ကလည်း လေးစားတန်ဖိုးထားရသော အရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အချက်အချာကျသည့် နေရာတွင် တည်ရှိပြီး အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြားတွင်လည်း တည်ရှိနေသောကြောင့် မိမိတို့တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု ပျောက်ဆုံးမသွားစေရေး နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရာတွင် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် တိုက်စွမ်းရည်၊ တိုက်စွမ်းအားမြင့်မားသည့် တပ်မတော်သားများဖြစ်နေရန် လိုကြောင်း။

တပ်မတော်အနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရင်း၊ ဂျီနီဗာကွန်ဗင်းရှင်းပါ အချက်အလက်များအတိုင်း တိကျစွာလိုက်နာရင်း နိုင်ငံတော်အစိုးရ၏ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးမှတစ်ဆင့် နိုင်ငံရေးနည်းလမ်းဖြင့် နိုင်ငံရေးပြဿနာဖြေရှင်းဆွေးနွေးအဖြေရှာသည့် လမ်းကြောင်းပေါ်တွင် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်နှင့်အညီ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် ကျရာအခန်းကဏ္ဍအလိုက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် မူဝါဒများကိုသိရှိပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လို ကြောင်းတိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ရိပ်သာဧည့်ခန်းမ၌ ထူးချွန်ဆုရဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

**ဂုဏ်ပြုညစာစား**

ညနေ ၆ နာရီခွဲတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၀) သူရတပ်ခွဲသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သင်တန်းဆင်းအရာရှိ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် ကပွဲခန်းမ၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတနှင့် အငြိမ့်အဖွဲ့တို့နှင့်အတူ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ယိမ်းအဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဆိုလာစနစ်ဖြင့် သောက်သုံးရေရရှိရေး လုပ်ငန်းလွှဲပြောင်းပေးအပ်

**နေပြည်တော် ဧပြီ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျောက်မဲခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဆွေလင်းမြင့်သည် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် မိုင်းလုံမြို့ မုန်းပြင်ကျေးရွာအုပ်စု မိုးပြေကျေးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဆိုလာစနစ်ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းအား ကျေးရွာလုပ်ငန်းထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီထံ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျေးရွာနေပြည်သူများအနေဖြင့် ရေရှည်အသုံးပြုနိုင်သော သောက်သုံးရေရရှိရေးစနစ်ဖြစ်အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ယခင်ကသောက်သုံးရေလုံလောက်စွာမရရှိခဲ့သည့် မိုးပြေကျေးရွာရှိ အိမ်ထောင်စု ၉၈ စုအား သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဂန့်ဂေါခရိုင်၌ ချီချောင်းကူးကြိုးတံတားသစ် စတင်ဆောက်လုပ်

**ကျောက်ထု ဧပြီ ၇**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ မင်းကြည့်ကျေးရွာနှင့် ကျောက်ထုမြို့တို့ကို ဆက်သွယ်သည့် ချီချောင်းကူးတံတားကို ဆရာတော် ဘဒ္ဒန္တသုဇာတက ဦးဆောင်လျက် ဧပြီ ၆ ရက်မှ စတင်ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ ကြိုးတံတားကို လှူတော်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀ ကို မတည်လျက် ပြည်သူထည့်ဝင် ငွေကျပ် သိန်း ၂၀၀ တို့ဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်းနှင့် အလျား ပေ ၄၅၀၊ အကျယ် ၅ ပေ၊ အမြင့် ၂၉ ပေ ရှိ ကြိုးတံတားကို ဆောက်လုပ်သွားမည်ဖြစ်သည်။



မင်းကြည့်ရွာနှင့် ကျောက်ထုမြို့ကူး ချီချောင်းကို ယခင်က ဒေသအားဖြင့် ကြိုးတံတားငယ် ဆောက်လုပ်ခဲ့သော်လည်း ချောင်းရေမြင့်တက်သည့်နှစ်တွင် မျောပါခဲ့ရာ ယခုဆောက်လုပ်သည့် ကြိုးတံတားကိုမူ ရေရှည်ခိုင်မြဲရန်နှင့် ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရန် သံချည်၊ သံကွေး၊ ကွန်ကရစ်တိုင်များ အသုံးပြုလျက် ဆောက်လုပ်သွားမည် ဖြစ်ကြောင်းနှင့် တံတားပြီးစီးပါက မင်းကြည့်ကျေးရွာအပါအဝင် ချီချောင်း၏ အရှေ့ဘက်တွင်ရှိသော ကျေးရွာ ၁၀ ရွာတို့မှ ပြည်သူများပါ ဆက်သွယ်သွားလာမှု လွယ်ကူသွားမည်ဖြစ်ကြောင်း တံတားဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်စိုးထံမှ သိရသည်။ **(၁၀၁)**

## အစိုးရမသန်စွမ်းကျောင်းများ ပညာရေးအခွင့်အလမ်းကောင်းများရရှိလာ

**ရန်ကုန် ဧပြီ ၇**

မသန်စွမ်းကလေးမိဘများအနေဖြင့် မိမိတို့သားသမီးများအား ပုဂ္ဂလိကကျောင်းများတွင် ကျောင်းထားခြင်းထက် အစိုးရကျောင်းများ၌ ကျောင်းထားသင့်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အပြင်မှာ ပုဂ္ဂလိကမျက်မမြင်ကျောင်းတွေရှိသလို ကြည့်မြင်တိုင် မျက်မမြင်ကျောင်းရှိတဲ့အတွက်ကြောင့် နိုင်ငံတော်ကထောက်ပံ့တဲ့ စရိတ်တွေအားလုံး ကလေးတွေ ရရှိပါတယ်။ အစိုးရကျောင်တွေမှာ ဝင်ကြေးကအစ အားလုံးအခမဲ့ဖြစ်ပါတယ်။ လူမှု ဝန်ထမ်းဦးစီးဌာနလက်အောက်မှာ မျက်မမြင်ကျောင်းအနေနဲ့ စစ်ကိုင်းနဲ့ ကြည့်မြင်တိုင်မှာရှိပါတယ်။ နားမကြားကျောင်းအနေနဲ့ မန္တလေးနဲ့ ရန်ကုန်မှာရှိပါတယ်။ မိဘတွေအနေနဲ့ မိမိတို့သားသမီးတွေကို နားမကြားလို့၊ မျက်စိမမြင်လို့၊ မသန်စွမ်းဖြစ်နေလို့ဆိုပြီး အိမ်မှာပဲ ဒီအတိုင်းမထားသင့်ပါဘူး။ နားမကြားကျောင်းတွေမှာ၊ မျက်မမြင်ကျောင်းတွေမှာ သင်္ကေတဘာသာစကားနဲ့ သင်ကြားပေးနေတာ၊ ယခုအခါ တက္ကသိုလ်ဝင်တန်းတွေအထိ အောင်မြင်မှုတွေရရှိနေပါတယ်” ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးမင်းက ယနေ့နံနက်ပိုင်းတွင် အောကစ်ဟိုတယ်၌ ပြုလုပ်သော မသန်စွမ်းသူများအခွင့်အရေး ဥပဒေဆိုင်ရာအကြောင်း ရှင်းလင်းဆွေးနွေးရာတွင် ထည့်သွင်းပြောကြားသည်။

မျက်မမြင်ကလေးများအနေဖြင့် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းတွင် မူလတန်းအဆင့်အထိ သင်ကြားပေးလျက်ရှိကြောင်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ကို အထက(၄) ကြည့်မြင်တိုင်တွင် သင်ကြားပေးလျက်ရှိကြောင်း၊ တာမွေတွင်လည်း ၂၀၁၆ ခုနှစ်တွင် နားမကြားကျောင်းဖွင့်လှစ်ထားပြီဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေအရ ကျောင်းများတွင် မသန်စွမ်းမှုကို အကြောင်းပြု၍ ကျောင်းနေခွင့်ကို ငြင်းပယ်ခွင့်မရှိကြောင်း မသန်စွမ်းအခွင့်အရေးနှင့်ပတ်သက်၍ ဒေါ်မိုးမိုးမင်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်အထိ နိုင်ငံပေါင်း ၁၅၉ နိုင်ငံက လက်မှတ်ရေးထိုးပြီး ၁၅၁ နိုင်ငံက အတည်ပြုခဲ့ကြောင်း၊ ယင်းအချက်ကို အလေးထားသောအားဖြင့် မြန်မာနိုင်ငံက ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း သိရသည်။ **မြင့်မောင်စိုး**

# စိတ်ကျဝေဒနာ ပြောဆိုတိုင်ပင်ဆွေးနွေးပါ

ဒေါက်တာစိုးမင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပထမအကြိမ် ကမ္ဘာ့ကျန်းမာရေး ညီလာခံကို ၁၉၄၈ ခုနှစ်တွင် ကျင်းပခဲ့ပြီး အဆိုပါညီလာခံတွင် ၁၉၅၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ် ဧပြီလ ၇ ရက်နေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုသို့ဆုံးဖြတ်ခဲ့ပြီးနောက် နှစ်စဉ် ဧပြီလ ၇ ရက်နေ့ ကျရောက်တိုင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်ပံ့ပိုးမှုဖြင့် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ဆောင်ပုဒ်များချမှတ်ပြီး နိုင်ငံအသီးသီးတွင် ကျင်းပကြပါသည်။ ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်များ အသီးသီးရှိခဲ့ရာတွင် ၂၀၀၁ ခုနှစ်အတွက် သတ်မှတ်ခဲ့သော ဆောင်ပုဒ်မှာ (Mental Health: Stop Exclusion, Dare to Care) ဖြစ်ပါသည်။ အဆိုပါ ဆောင်ပုဒ်ကို (စိတ်ကျန်းမာမှုဂရုပြု၊ ရဲဝံ့ကြင်နာစောင့်ရှောက်ပါ) ဟု မြန်မာဘာသာပြန်ဆိုသတ်မှတ်ခဲ့ပါသည်။ ယခု ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်မှာ (Depression: Let's Talk) ဖြစ်ပါသည်။ အဆိုပါ ဆောင်ပုဒ်ကို (စိတ်ကျဝေဒနာ ပြောဆိုတိုင်ပင်ဆွေးနွေးပါ) ဟူ၍ မြန်မာဘာသာပြန်ဆို သတ်မှတ်ထားပါသည်။

### အဟန့်အတားများသဖွယ်

ကမ္ဘာတစ်ဝန်းတွင် နာမကျန်းဖြစ်မှု၊ မသန်စွမ်းမှုများ ဖြစ်စေသည့် အကြောင်းရင်းများအနက် စိတ်ကျဝေဒနာသည် အဓိကကျသော အကြောင်းရင်းအချက်ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ယခုနောက်ဆုံးခန့်မှန်းတွက်ချက်ထားမှုများအရ သက္ကရာဇ် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အကြားတွင် စိတ်ကျဝေဒနာခံစားနေရသူ ဦးရေမှာ ၁၈ ရာခိုင်နှုန်းခန့် တိုးပွားလာခဲ့ပြီး လူဦးရေသန်း ၃၀၀ ခန့်သည် စိတ်ကျဝေဒနာ ခံစားလျက် နေထိုင်နေကြရသည်ဟု ဆိုပါသည်။ ထို့အပြင် စိတ်ဝေဒနာခံစားရခြင်းသည် လူတစ်ယောက်အတွက် ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းဖွယ်ရာ အခြေအနေတစ်ခုဖြစ်သည်ဟု သတ်မှတ်ခံရမည်ကို စိုးရိမ်တတ်ခြင်း၊ စိတ်ဝေဒနာခံစားနေရသူများအနေဖြင့် လူမှုအသိုက်အဝန်းမှ ပံ့ပိုးမှုများမရရှိတတ်ခြင်း စသည့်အနေအထားများကလည်း စိတ်ကျဝေဒနာခံစားနေရသူများအတွက် ကျန်းမာရေးနှင့်ပြည့်စုံပြီး စွမ်းဆောင်ရည်ရှိသည့် လူနေမှုဘဝများပိုင်ဆိုင်နိုင်ရေးအတွက် လိုအပ်သည့် ကုသမှုများရရှိလာစေရေးကို အဟန့်အတားများသဖွယ် ဖြစ်နေပါသည်။

ယခု ၂၀၁၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ် (Depression: Let's Talk) သည် အဆိုပါတွေ့ရှိချက်များနှင့် ဆက်နွှယ်ပြီး ပေါ်ထွက်လာရသည်ဟု ဆိုနိုင်ပါသည်။ စိတ်ကျဝေဒနာခံစားနေရသူများအနေဖြင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရယူလာနိုင်ရေးအတွက် ဤ ဆောင်ပုဒ်နှင့်အညီ ဦးတည်ဆောင်ရွက်ပေးသွားရန် ရည်ရွယ်ထားသည်ဟု သိရပါသည်။

### စိတ်ကျဝေဒနာဖြစ်ပေါ်

ကျား/မ မရွေး၊ အသက်အရွယ်မရွေး မည်သူမဆို အကြောင်းတရားများ စုစည်းတိုက်ဆိုင်လာသည့်အခါတွင် စိတ်ကျဝေဒနာခံစားရနိုင်ပါသည်။ ယေဘုယျအားဖြင့် ဆိုရပါမူ အမျိုးသမီးများတွင် စိတ်ကျဝေဒနာဖြစ်ပွားမှုပို၍ များပြားတတ်ပါသည်။ မျိုးရိုးဗီဇ၊ ဆုံးရှုံးမှုများကြုံတွေ့ရခြင်း၊ စိတ်ဖိစီးမှုများခံစားရခြင်း၊ ရုပ်ပိုင်းဆိုင်ရာဝေဒနာများခံစားရခြင်း စသည်တို့မှာ စိတ်ကျဝေဒနာဖြစ်ပေါ်လာစေနိုင်သည့် အချို့သော အကြောင်းရင်းခံအချက်များ ဖြစ်ပါသည်။

လူတစ်ဦးတွင် စိတ်ဓာတ်ကျဆင်းခြင်း၊ ပျော်ရွှင်ဖွယ်ရာကိစ္စများနှင့်စပ်လျဉ်းပြီး ယခင်ကကဲ့သို့ ပျော်ရွှင်မှုမခံစားရတတ်တော့ခြင်း၊ အအိပ်အနေ အစားအသောက် ပျက်ယွင်းလာခြင်း၊ ကိုယ်အလေးချိန်လျော့ကျလာခြင်း၊ လှုပ်ရှားသွားလာမှုများ နှေးကွေးလေးလံလာတတ်ခြင်း၊ လူပင်ပန်း စိတ်ပင်ပန်းအားအင်ကုန်ခန်းမှုများခံစားရခြင်း၊ အာရုံစူးစိုက်နိုင်စွမ်းနည်းပါးလာခြင်း၊ စဉ်းစားတွေးခေါ်ဆုံးဖြတ်နိုင်စွမ်းများ နည်းပါးလာခြင်း၊ ကာမဆန္ဒစိတ်များလျော့ပါးလာခြင်း စသည့်လက္ခဏာများကို နေ့စဉ်ရက်ဆက်ဆိုသလို ရက်သတ္တနှစ်ပတ်ခန့် ခံစားနေရသည်ဆိုပါက ယေဘုယျအားဖြင့် စိတ်ကျဝေဒနာရှိနေသည်ဟု သတ်မှတ်နိုင်ပါသည်။ အချို့သောသူများတွင် ယခင်ကထက် ပိုမိုအိပ်လာခြင်း၊ အစားအသောက် ပို၍စားလာတတ်ခြင်း၊ ကိုယ်အလေးချိန်တိုးလာခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ စိတ်တိုစိတ်ဆတ်လာတတ်ခြင်း စသည့် လက္ခဏာများလည်း တွေ့ရတတ်ပါသည်။

စိတ်ကျဝေဒနာ ပြင်းထန်မှုအပေါ်မူတည်ပြီး အရာရာကို မကောင်းသည့်အမြင်ဖြင့် မြင်တတ်လာခြင်း၊ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသူတစ်ဦးကဲ့သို့ ခံစားရတတ်ခြင်း၊ အသုံးမကျတော့သည့် သူတစ်ဦးကဲ့သို့ ခံစားရခြင်း၊ မျှော်လင့်ချက်များ ကင်းမဲ့လာတတ်ခြင်း၊ ကိုယ့်အတွက် ကုစရာမဲ့ရာမဲ့ အခြေအနေမျိုး ဖြစ်နေသည်ဟု ခံစားရတတ်ခြင်း စသည့်လက္ခဏာများလည်း ဖြစ်ပေါ်လာတတ်ပါသည်။ လှုံ့ဆော်မဲ့အာရုံဟု ခေါ်ဆိုသော အမှန်တကယ် ပြောဆိုသည့်သူမရှိဘဲ နားထဲတွင်အသံများ ကြားလာရတတ်ခြင်း၊ သံသယစိတ်များ လွန်ကဲလာတတ်ခြင်း စသည့် အခြေအနေများလည်း ဖြစ်ပေါ်လာတတ်ပါသည်။

စိတ်ကျဝေဒနာ၏ ဆိုးရွားသော နောက်ဆက်တွဲအကျိုးဆက်တစ်ခုမှာ ကိုယ့်ကိုယ်ကိုယ် အသက်အန္တရာယ်ဖြစ်စေရန်၊ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ရန် လုပ်ဆောင်လာတတ်ခြင်းပင် ဖြစ်ပါသည်။ အဆိုပါအခြေအနေသည် အထူးအလေးထားသတိပြုရန် လိုအပ်သည့်အခြေအနေတစ်ခု ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် စိတ်ကျဝေဒနာနှင့် ရုပ်ပိုင်းဆိုင်ရာဝေဒနာများ ပူးတွဲဖြစ်ပေါ်တတ်ခြင်း၊ အရက်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲခြင်းနှင့် စိတ်ကျဝေဒနာ ပူးတွဲဖြစ်ပေါ်တတ်ခြင်း စသည့်အနေအထားများကိုလည်း တွေ့ရှိရတတ်ပါသည်။

### ဆိုးကျိုးဆက်

ကလေးသူငယ်များ၊ လူငယ်လူရွယ်များတွင် စိတ်ကျဝေဒနာခံစားရတတ်ခြင်း၊ ပညာသင်ကြားနေသည့်အသက်အရွယ်၊ လုပ်ငန်းခွင်အသီးသီးတွင် သွက်လက်တက်ကြွစွာ တာဝန်ထမ်းဆောင်နေသည့် အသက်အရွယ်အချိန်အခါတွင် စိတ်ကျဝေဒနာခံစားရခြင်း စသည့်အနေအထားများသည် ကာယကံရှင်နှင့် သူ၏မိသားစုတို့အတွက်သာမက သက်ဆိုင်ဆက်နွှယ်နေသည့် လူနေမှုအသိုက်အဝန်းအပေါ်တွင်ပါ ဆိုးကျိုးဆက်များ သက်ရောက်လာစေတတ်ပါသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များနှင့် မီးဖွားပြီးစအမျိုးသမီးများတွင် စိတ်ကျဝေဒနာ ဖြစ်ပေါ်ခံစားရခြင်းသည် ကာယကံရှင်အတွက်သာမကဘဲ သန္ဓေသား၊ မွေးကင်းစကလေးစသည်တို့အပေါ်တွင်ပါ ဆိုးကျိုးများ ဖြစ်ပေါ်လာစေတတ်ပါသည်။ ကိုယ်ဝန်ဆောင်ချိန်နှင့် မီးဖွားပြီးကာစအချိန်များတွင် ဆိုးရွားပြင်းထန်သော စိတ်ကျဝေဒနာခံစားရပါက အဆိုပါဝေဒနာရှင်အနေဖြင့် ကိုယ့်ကိုယ်ကိုယ်အသက်အန္တရာယ်ဖြစ်အောင် လုပ်ဆောင်လာနိုင်ခြင်း မိမိရင်သွေး၏ အသက်အန္တရာယ် ထိခိုက်အောင်လုပ်ဆောင်လာနိုင်ခြင်း စသည့်အခြေအနေများကို သတိပြုရန်လိုအပ်ပါသည်။

### အသိမှတ်ဉာဏ်ထိခိုက်

အသက်အရွယ်ကြီးရင့်သူများတွင် စိတ်ကျဝေဒနာဖြစ်ပေါ်ခံစားရခြင်းသည်လည်း သတိပြုသင့်သည့် အခြေအနေတစ်ခုပင်ဖြစ်ပါသည်။ အသက်အရွယ်ရလာသူများတွင် (Dementia) ဟု ခေါ်ဆိုသည့် အသိမှတ်ဉာဏ်ထိခိုက်လာသည့် ဝေဒနာတစ်မျိုးခံစားရတတ်ပါသည်။ တစ်ခါတစ်ရံတွင် အဆိုပါဝေဒနာနှင့် စိတ်ကျဝေဒနာတို့ကို ခွဲခြားရခက်သည့် အခြေအနေမျိုးလည်း ကြုံတွေ့ရတတ်ပါသည်။

စိတ်ကျဝေဒနာခံစားနေရသည့် သူတစ်ယောက်တွင် ပညာရေး၊ လူမှုရေး၊ လုပ်ငန်းတာဝန်၊ စီးပွားရေးစသည့် ကဏ္ဍများ ထိခိုက်လာခြင်း၊ ပြုစုစောင့်ရှောက်သူမိသားစုဝင်များ၏ ပညာရေး၊ လူမှုရေး၊ လုပ်ငန်းတာဝန်၊ စီးပွားရေး စသည်တို့ ထိခိုက်လာနိုင်ခြင်း စသည့်ဆိုးကျိုးဆက်များ ဖြစ်ပေါ်လာတတ်ပါသည်။ ရောဂါဝေဒနာပြင်းထန်ခြင်း၊ လိုအပ်သော ကုသမှုများ မရရှိနိုင်ခြင်း စသည်တို့ကြောင့် ကျန်းမာရေး ထိခိုက်ချို့ယွင်းစွာဖြင့် ကာလတာရှည်စွာ နေထိုင်ရတတ်ခြင်းမှာလည်း သတိပြုရန်လိုအပ်သည့် အခြေအနေတစ်ခုဖြစ်ပါသည်။

### ထိရောက်စွာ

စိတ်ကျဝေဒနာ၏ အကျိုးဆက်ဂယက်များကို လူတစ်ဦးခြင်းမှသည် မိသားစုတစ်စု၊ လူမှုအသိုက်အဝန်းတစ်ခု၊ နိုင်ငံတစ်ခု စသည်ဖြင့် ဆင့်ပွားဆပွား တွက်ချက်ကြည့်မည်ဆိုပါက ပေါ်ထွက်လာနိုင်သည့် ပြဿနာဝန်ထုပ်ဝန်ပိုးများသည် ကြီးမားကျယ်ပြန့်လွန်းလှပါသည်။ ပညာရှင်များ၏ တွက်ချက်မှုများအရ ကမ္ဘာတစ်ဝန်းတွင် ဝန်ထုပ်ဝန်ပိုး ပြဿနာများသဖွယ် ဖြစ်နေရသည့် ရောဂါဝေဒနာများအနက် စိတ်ကျဝေဒနာသည် စတုတ္ထအဆင့်တွင် ရှိနေပြီး ခရစ်နှစ် ၂၀၃၀ ပြည့်နှစ်တွင် ပထမအဆင့်သို့ ရောက်ရှိလာနိုင်သည်ဟုလည်း ဖော်ပြထားပါသည်။ ထို့အတွက်ကြောင့်လည်း စိတ်ကျဝေဒနာကို ထိရောက်စွာ ကုသရေးသည်အရေးပါသည့် ကိစ္စရပ်အဖြစ် ပေါ်ထွက်လာခြင်းဖြစ်ပါသည်။

စိတ်ကျဝေဒနာကို ကုသရာတွင် ဆေးဝါးကုထုံး၊ စိတ်ပိုင်းဆိုင်ရာကုထုံး၊ လူမှုရေးပိုင်းဆိုင်ရာကုထုံး၊ ပြန်လည်ထူထောင်ရေးကုထုံး စသည့်ကုထုံးများကို လိုအပ်သလို ပေါင်းစပ်အသုံးပြု၍ ပြင်ပလူနာအဖြစ်သော်လည်းကောင်း၊ အတွင်းလူနာအဖြစ်သော်လည်းကောင်း ကုသမှုပေးကြရပါသည်။ ကာယကံရှင်တွင် ရုပ်ပိုင်းဆိုင်ရာဝေဒနာများ၊ အရက်၊ မူးယစ်ဆေးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများသုံးစွဲသည့် ပြဿနာများ၊ စိတ်ပိုင်းဆိုင်ရာ အခြားဝေဒနာများ စသည့် အခြေအနေများပါရှိနေပါက အဆိုပါအခြေအနေများအတွက်လည်း လိုအပ်သည့်ကုသမှုများပေးရပါသည်။ စိတ်ကျဝေဒနာ ပြင်းထန်မှုအပေါ်မူတည်ပြီး လိုအပ်လာပါက (Electroconvulsive Therapy) ဟုခေါ်ဆိုသည့် ကုထုံးကိုလည်း အသုံးပြုကြရတတ်ပါသည်။

### အခက်အခဲရှိ

စိတ်ကျဝေဒနာသည် စနစ်တကျ ကုသမှုများရရှိပါက လျော့ပါးသက်သာ ပျောက်ကင်းနိုင်သော ဝေဒနာတစ်ခုဖြစ်ပါသည်။ သို့သော်လည်း စိတ်ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စွာ မပေးနိုင်ခြင်း၊ လိုအပ်သောကုသမှုရယူရန် အခက်အခဲရှိခြင်း၊ ဝေဒနာရှင်များနှင့် မိသားစုဝင်များအနေဖြင့် ကုသမှုခံယူရန် ရှက်ရွံ့ခြင်း စသည့်အခြေအနေများသည် ကုသမှုများရရှိရေးအတွက် အဟန့်အတားများ ဖြစ်နေတတ်ကြပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်းတွင် စိတ်ကျဝေဒနာ ခံစားနေရသူဦးရေ၏ ထက်ဝက်ခန့်နီးပါးမျှသာလျှင် လိုအပ်သော ကုသမှုများ ရနိုင်ကြသည်ဟုဆိုပါသည်။

မိမိတို့နိုင်ငံတွင် စိတ်ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍ တိုးတက်မြင့်မားလာစေရန်အတွက် တာဝန်ရှိသူများမှ ဦးဆောင်ဦးရွက်ပြုပြီး အကောင်အထည်ဖော်လျက်ရှိပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆေးရုံကြီးများတွင် စိတ်ကျန်းမာရေး အထူးကုဆရာဝန်များ ခန့်အပ်ထားရှိပေးခြင်း၊ စိတ်ကျန်းမာရေးအထူးကုဆေးရုံကြီးများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများတွင် စိတ်ကျန်းမာပညာဘာသာရပ်ကို ညှိနှိုင်းထည့်သွင်းသင်ကြားခြင်း၊ စိတ်ကျန်းမာပညာဆိုင်ရာ ဘွဲ့လွန်သင်တန်းများကို ဆေးလက်တွေ့ပါရဂူသင်တန်းအထိ အဆင့်တိုးမြှင့်၍ ဖွင့်လှစ်ပေးခြင်း၊ ပြည်ပ ဘွဲ့လွန်သင်တန်းများ စေလွှတ်ပေးခြင်း၊ အထွေထွေရောဂါကု ဆရာဝန်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် စိတ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာသင်တန်းများ ပို့ချပေးခြင်း စသည့် ဆောင်ရွက်ချက်များမှာ စိတ်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ တိုးမြှင့်ရေးအတွက် လိုအပ်သော အရင်းအမြစ်စွမ်းအားစုများ တိုးတက်မြင့်မားလာစေရန် လုပ်ဆောင်ပေးချက်များပင်ဖြစ်ပါသည်။ ထို့အပြင် ပြည်သူများအတွက် စိတ်ကျန်းမာရေးနှင့်သက်ဆိုင်သည့် အသိပညာ၊ ခံယူချက်သဘောထား၊ အပြုအမူလေ့ကျင့်မှုများ ကောင်းမွန်စွာရရှိလာစေနိုင်ရန် ပညာပေးခြင်းလုပ်ငန်းများကိုလည်း တစ်စထက်တစ်စ တိုးမြှင့်လုပ်ဆောင်ပေးလျက်ရှိပါသည်။ ထိုသို့ လုပ်ဆောင်ပေးခဲ့သည့်အတွက်လည်း မိမိတို့နိုင်ငံ၏ ပဏာမအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် စိတ်ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍမှာ တိုးတက်မှုများ တစ်ဆင့်ပြီးတစ်ဆင့် ရရှိလာနေပြီဖြစ်ပါသည်။

### ပူးပေါင်းဆောင်ရွက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမျိုးသားကျန်းမာရေးစီမံကိန်းတွင် စိတ်ကျန်းမာရေးစီမံချက်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ အဆိုပါစီမံချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး အထက်တွင် ဖော်ပြခဲ့သည့် လုပ်ဆောင်ချက်များနှင့် နီးနွှယ်နေသည့် ကဏ္ဍများပါဝင်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ စိတ်ကျန်းမာပညာအဖွဲ့အနေဖြင့်လည်း မိမိတို့နိုင်ငံ၏ စိတ်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ တိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ စိတ်ကျန်းမာပညာအဖွဲ့၏ ဆောင်ရွက်ချက်များထဲတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးလုပ်ဆောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်သိတတ်မှု (Corporate Social Responsibility) ဖြင့် ဖော်ဆောင်ပေးသည့် လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းလုပ်ဆောင်ခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ စိတ်ပညာအသင်း အပါအဝင် အခြားသော ပြည်တွင်း အဖွဲ့အစည်းအသီးသီးနှင့် လက်တွဲလုပ်ဆောင်ခြင်းဖြင့်လည်း စိတ်ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး စိတ်ကျန်းမာရေးဆေးရုံကြီးမှ ပြည်သူလူထုအခြေပြု စိတ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အစီအစဉ်ကိုလည်း ၂၀၁၄ ခုနှစ်မှ အစပြုပြီး မြို့နယ်တစ်ခုတွင် အစပျိုးအကောင်အထည်ဖော်ခဲ့ပါသည်။ ယခုအခါတွင် မြို့နယ်သုံးခု၌ အကောင်အထည်ဖော်ဆောင်နိုင်ပြီ ဖြစ်ပါသည်။ အဆိုပါ ပြည်သူလူထုအခြေပြု စိတ်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းသည် စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားနေရသည့် ပြည်သူများအတွက် လိုအပ်သောကုသမှုများ လွယ်လင့်တကူရလာနိုင်ရေးအတွက် များစွာ အထောက်အကူဖြစ်စေပါသည်။

### ဆတက်ထမ်းပိုး ဖော်ဆောင်

ယခုဖော်ပြပေးခဲ့သည့် လုပ်ဆောင်ချက်များသည် စိတ်ကျဝေဒနာအပါအဝင် အခြားသော စိတ်ပိုင်းဆိုင်ရာဝေဒနာများနှင့်စပ်လျဉ်းပြီး လိုအပ်သောကုသမှုများ အလွယ်တကူရလာနိုင်စေရန် ရည်ရွယ်သည့် လုပ်ဆောင်ချက်များပင်ဖြစ်ပါသည်။ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပံ့ပိုးမှုလိုအပ်သည့် ဘဏ္ဍာငွေများ အခြေအနေပေးခွင့်ပြုသည်နှင့်အမျှ တိုးတက်ရရှိလာမှုစသည်တို့အပေါ် အခြေခံပြီး အဆိုပါ လုပ်ဆောင်ချက်များကို တိုးချဲ့ဆောင်ရွက်လာနိုင်ပါက ပြည်သူလူထုအတွက် ပိုမိုလွယ်ကူအဆင်ပြေစေနိုင်သည့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုများကို ဆတက်ထမ်းပိုး ဖော်ဆောင်ပေးလာနိုင်မည်ဖြစ်ပါသည်။

စိတ်ကျဝေဒနာနှင့်စပ်လျဉ်းသည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် မပါမဖြစ်သည့် ကဏ္ဍတစ်ခုမှာ စိတ်ကျဝေဒနာမခံစားလာရစေရန် ကာကွယ်တားဆီးရေးကဏ္ဍဖြစ်ပါသည်။ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုဘဝပုံစံဖြင့်နေထိုင်ခြင်း၊ စိတ်ဖိစီးမှုများကို ကောင်းမွန်စွာရင်ဆိုင်ဖြေရှင်းနိုင်ခြင်း၊ မိမိတို့၏ စိတ်ဖိစီးမှုခံစားချက် အခက်အခဲများကို ယုံကြည်စိတ်ချရသူများအား ဖွင့်ဟပြောဆိုတိုင်ပင်ခြင်း၊ ဖြေရှင်းနိုင်မည့် နည်းလမ်းများရယူခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများလုပ်ဆောင်ခြင်း၊ ကိုယ်ရောစိတ်ပါ ဖြေလျှော့ချသည့် လေ့ကျင့်ခန်းများလုပ်ဆောင်ခြင်း၊ မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားများနှင့်အညီ စိတ်အေးချမ်းစွာနေထိုင်နိုင်ခြင်း၊ အရက်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများမသုံးစွဲခြင်း စသည်တို့မှာ စိတ်ကျဝေဒနာ မခံစားလာရစေရန် ကာကွယ်တားဆီးရေးအတွက် အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေနိုင်ပါသည်။

### အထောက်အကူပြု

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် မမွေးဖွားမီကိုယ်ဝန်စောင့်ရှောက်မှုရယူခြင်း၊ မွေးဖွားပြီးနောက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရယူခြင်း စသည်တို့မှာ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းတို့နှင့်ဆက်နွှယ်ပြီး ဖြစ်ပေါ်တတ်သည့် စိတ်ကျဝေဒနာဖြစ်ပွားလာမှုကို ကာကွယ်တားဆီးရေးအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

စိတ်ကျဝေဒနာခံစားနေရခြင်းကို ဆောလျင်စွာသိရှိခြင်း၊ လိုအပ်သော ကုသမှုများ ဆောလျင်စွာရယူခြင်းတို့သည်လည်း စိတ်ကျဝေဒနာ၏ နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်မလာစေရန် ကာကွယ်တားဆီးရေးအတွက် အဓိကကျသော လုပ်ဆောင်ချက်များ ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် အဆိုပါအချက်များကို သတိပြုခြင်း၊ လိုက်နာလုပ်ဆောင်ခြင်း၊ မိမိတို့နှင့် ခင်မင်သိကျွမ်းသူများကိုလည်း အသိပေးခြင်း၊ လိုက်နာလုပ်ဆောင်စေရန် ကူညီအားပေးခြင်းတို့သည် စိတ်ကျဝေဒနာအပါအဝင် အခြားသော စိတ်ပိုင်းဆိုင်ရာဝေဒနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်ကဏ္ဍကို များစွာအထောက်အကူဖြစ်စေနိုင်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ အခြားနီးနွှယ်နေသည့်ကဏ္ဍများနှင့် ပြည်သူများတို့မှ စိတ်ကျန်းမာရေးစောင့်ရှောက်မှုနှင့်စပ်လျဉ်းပြီး ပူးပေါင်းလုပ်ဆောင်နေကြသော်လည်း စိတ်ပိုင်းဆိုင်ရာဝေဒနာခံစားနေရသူများထဲမှ အချို့သောသူများအနေဖြင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများရယူရန်မဝံ့ရဲသည့်အခြေအနေကို ခံစားနေကြရပါသေးသည်။

စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားရခြင်းသည် ကာယကံရှင်နှင့် သူ၏မိသားစုအသိုက်အဝန်းအတွက် ဂုဏ်သိက္ခာထိခိုက်ဖွယ်ရာ ဖြစ်သည်ဟုစွဲမြဲမှတ်ယူတတ်ခြင်း၊လူမှုအသိုက်အဝန်း၏ နှိမ့်ချခွဲခြားဆက်ဆံမှုခံစားရတတ်ခြင်း စသည်တို့မှာ ကျန်းမာရေးစောင့်ရှောက်မှုရယူရန် မဝံ့ရဲသည့် အခြေအနေမျိုးကို ဖြစ်ပေါ်စေသည့် အဓိကအချက်များ ဖြစ်ပါသည်။ ဤပြဿနာမှာ ကမ္ဘာတစ်ဝန်းတွင် အနည်းနှင့်အများဆိုသလို ရှိနေတတ်သည့် ပြဿနာဖြစ်ပါသည်။ မိမိတို့အနေဖြင့်လည်း အဆိုပါ အခက်အခဲပြဿနာများကို လျော့ပါးသွားစေရန် ဦးတည်လုပ်ဆောင်နေသည့် ပြည်သူများ၏ စာနာနားလည်စိတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဖော်ပြပါ အခက်အခဲပြဿနာများကို ဖြေရှင်းရေးအတွက် ခွန်အားတစ်ခုပင်ဖြစ်ပါသည်။ ။

**လှုံ့ဆော်မဲ့အာရုံဟု ခေါ်ဆိုသော၊ အမှန်တကယ် ပြောဆိုသည့် သူမရှိဘဲ နားထဲတွင်အသံများ ကြားလာရတတ်ခြင်း၊ သံသယစိတ်များလွန်ကဲလာတတ်ခြင်း စသည့်အခြေအနေ များလည်း ဖြစ်ပေါ်လာတတ်**

# နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး



**နေပြည်တော် ဧပြီ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်အား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် Global Commission on Drug Policy (GCDP) ဥက္ကဋ္ဌ၊ ဆွစ်ဇာလန်နိုင်ငံ သမ္မတဟောင်း Ms. Ruth Dreifuss သည် ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် ဗဟိုအဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်နေမှုအခြေအနေများ၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ မူဝါဒများနှင့် လုပ်ငန်းအစီအမံများချမှတ်၍ တစိုက်မတ်မတ် ကွင်းဆင်းဆောင်ရွက်နေမှုများ၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ UN, NGOs, INGOs အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံ၊ ကဏ္ဍစုံမှ ဆောင်ရွက်ပေးနေမှု၏ အောင်မြင်ဖြစ်ထွန်းမှုများ၊ နယ်စပ်ဒေသရှိ IDPs များအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဆောင်ရွက်ပေးနေမှုများ၊ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အဆင်ပြေစွာ ငွေလွှဲပို့နိုင်

**နေပြည်တော် ဧပြီ ၇**

၂၀၁၇ ခုနှစ် ဧပြီလ ၃ ရက်မှစတင်၍ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ လုပ်ခ၊ လစာများအား မြန်မာနိုင်ငံရှိ မိသားစုများထံ လုံခြုံစိတ်ချစွာ လွှဲပို့နိုင်ရန်အတွက် ထိုင်းနိုင်ငံ Krung Thai Bank မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိမည်သည့် စီးပွားရေးဘဏ်ခွဲများတွင်မဆို လွှဲပြောင်းထုတ်ယူနိုင်မည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ငွေလွှဲခနှင့် အခြားဝန်ဆောင်မှုစရိတ်များ ကောက်ခံခြင်းမပြုဘဲ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆရာကြီးဇော်ဂျီ၏ နှစ် ၁၁၀ ပြည့် မွေးနေ့ပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၇**

မြန်မာစာပေလောက၏ မီးရှူးတန်ဆောင် ဆရာကြီးဇော်ဂျီ၏ နှစ် ၁၁၀ ပြည့် မွေးနေ့ပွဲ အခမ်းအနားကို ဧပြီ ၉ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သံစျေးငါးလွှာရှိ Yangon Book Plaza ၌ ထူးခြားသော အစီအစဉ်များနှင့်အတူ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

❄ *ကျော့ဖုံးမှ*

မန္တလေး- ရန်ကုန် သင်္ကြန်အထူးရထားများကို ဧပြီ ၁၃ ရက်အထိ နေ့စဉ်ပြေးဆွဲပေးမည်ဖြစ်သည်။ ရန်ကုန်မြို့မှ ထွက်ခွာသော ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားကို ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ညနေ ၄ နာရီတွင် ထွက်ခွာမည်ဖြစ်ပြီးနောက်တစ်နေ့ နံနက် ၆ နာရီတွင် မန္တလေးမြို့သို့ ဆိုက်ရောက်မည် ဖြစ်သည်။ မန္တလေးမြို့ထွက်ခွာမည့် မန္တလေး- ရန်ကုန် သင်္ကြန်အထူးရထားသည် မန္တလေးဘူတာကြီးမှ ညနေ ၄ နာရီ၁၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မြို့သို့ နောက်တစ်နေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ ဧပြီ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သင်္ကြန်အထူးရထားများကိုရပ်နားထားမည် ဖြစ်ပြီးမူလပုံမှန်ပြေးဆွဲနေသောရထားများ ပြေးဆွဲမည်ဖြစ်သည်။ ဧပြီ ၁၇ ရက်မှစတင်ကာ သင်္ကြန်အထူးရထားများကို ဧပြီ ၂၃ ရက်အထိ ပြန်လည်ပြေးဆွဲပေးမည် ဖြစ်ပြီး လက်မှတ်များကိုရိုးရိုးတန်းရော အထူးတန်းပါ သုံးရက်ကြိုတင် ဝယ်ယူရမည်ဖြစ်သည်။ ရန်ကုန်- မန္တလေးခရီးစဉ်တွင် ရိုးရိုးတန်းလက်မှတ်ကို ငွေကျပ် ၄၆၅၀၊ အထူးတန်းကို ငွေကျပ် ၉၃၀၀ ဖြင့် သတ်မှတ်ရောင်းချပေးမည်ဖြစ်သည်။

သင်္ကြန်အထူးရထားများကို ရန်ကုန်- မန္တလေးနှင့် မန္တလေး- ရန်ကုန် လမ်းကြောင်းတွင် နေ့စဉ် အစုန် / အဆန် ပြေးဆွဲပေးမည်ဖြစ်ပြီး ရပ်နားပေးမည့် ကြားဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်နှင့် သာစည်တို့တွင်သာ ရပ်နားပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဘူတာများအပြင် စီးနင်းလိုက်ပါမည့် ခရီးသည်များအနေဖြင့် ပုံမှန်ပြေးဆွဲပေးနေသောရထားများကို လိုက်ပါစီးနင်းနိုင်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

❖ *ကျော့ဖုံးမှ*

ဗီယက်နမ်အသင်း ၁၁ ဂိုးသွင်းထားသော ဆီးရီးယားအသင်းကို ၁၄ ဂိုးအထိ သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆီးရီးယားအသင်းကို တစ်ဖက်သတ် ဖိကစားကာ ပထမပိုင်းတွင် ခုနစ်ဂိုး၊ ဒုတိယပိုင်းတွင် ခုနစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲလုပ်ခဲ့ပြီး အသင်းခေါင်းဆောင် ခင်မာလာထွန်းမှလွဲ၍ လူစုံပါဝင်ခဲ့သည်။ ဆီးရီးယားအသင်း၏ ကစားပုံကြောင့် မြန်မာအသင်းပွဲစကတည်းက ဖိကစားနိုင်ခဲ့သည်။ ခြောက်မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးရခဲ့ပြီး ဂိုးများတရစပ် သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ဝင်းသီင်္ဂီထွန်းက ၂၄ ၊၃၆၊ ၃၈၊ ၅၆၊ ၆၃ မိနစ်တွင် တစ်ဦးတည်း ငါးဂိုးသွင်းခဲ့ပြီး ရီရီဦးက ၁၈၊ ၄၅၊ ၈၀၊ ၈၅ မိနစ်တွင် လေးဂိုး၊ နော်အားလိုဝါးဖောက ၆၊ ၄၀၊ ၉၅ မိနစ်တွင် သုံးဂိုး၊ ဝေဝေအောင်က မိနစ် ၇၀၊ ဖူးပွင့်ခိုင်က မိနစ် ၉၀ တို့တွင် တစ်ဂိုးစီသွင်းယူခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ခြောက်မှတ်ရထားပြီး ဧပြီ ၉ ရက်တွင် စင်ကာပူနှင့် ကစားရမည်ဖြစ်သည်။

## ကမ္ဘောဇအေနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ဘော်ဆိုင်းတိုက်နယ်ဆေးရုံ၊ ဈေးနှင့် မီးသတ်အဆောက်အအုံလှူဒါန်း

**ဘော်ဆိုင်း ဧပြီ ၇**

ခနူ၊ တောင်ရိုးနှင့် ပအိုဝ်းလူမျိုးများ အများစုနေထိုင်ရာ ရှမ်းပြည်နယ်တောင်ပိုင်း ဘော်ဆိုင်းမြို့၌ ဧပြီ ၇ ရက်တွင် ကျရောက်သော ကမ္ဘာ့ကျန်းမာရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းသော (၁၆)ခုတင်ဆံ့ ဘော်ဆိုင်းတိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲ၊ ဘော်ဆိုင်းအဆင့်မြင့်ဈေးသစ်ဖွင့်ပွဲနှင့် မီးသတ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားများကို ဧပြီ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ဘော်ဆိုင်းအဆင့်မြင့်ဈေးသစ်ကြီးကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၊ ကလောမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းလတ်၊ စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ဘော်ဆိုင်းအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဈေးသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ဈေးသစ်ကြီးတွင် ခြောက်ပေပတ်လည် ဆိုင်ခန်းပေါင်း ၁၆၂ ခန်းနှင့် ၉ ပေပတ်လည် ဆိုင်ခန်းပေါင်း ၄၂၀ ပါဝင်ပြီး သံကူကွန်ကရစ်များဖြင့် ဆောက်လုပ်ထားသည်။

ထို့နောက် မီးသတ်အဆောက်အအုံသစ်ဖွင့်ပွဲကို နံနက် ၉ နာရီတွင်ကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်၊ ပြည်နယ်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မင်း၊ ကလောမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်နှင့် ဘော်ဆိုင်းဒေသ အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



ဆက်လက်၍ (၁၆)ခုတင်ဆံ့ ဘော်ဆိုင်းတိုက်နယ်ဆေးရုံသစ် ဖွင့်ပွဲကို ကျင်းပရာ တိုက်နယ်ဆေးရုံ ဆိုင်းဘုတ်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ရှမ်းပြည်နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးထွန်းအောင်နှင့် ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုက်နယ်ဆေးရုံ ကမ္ပည်းမော်ကွန်းဖြစ်သော ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။ အဆိုပါ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတွင် Operation Therater နှစ်ခန်း၊ သားဖွားခန်း တစ်ခန်း၊ နှစ်ခန်းတွဲ ဆရာဝန်နေအိမ် တစ်လုံး၊ လေးခန်းတွဲ သူနာပြုနေအိမ် တစ်လုံးနှင့် လေးခန်းတွဲ အမှုထမ်းနေအိမ်များကို TV၊ သောက်ရေသန့်စက်များ၊ ပရိဘောဂစုံလင်စွာဖြင့် လှူဒါန်းတည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် မင်္ဂလာမဏ္ဍာပ်၌ (၁၆)ခုတင်ဆံ့ ဘော်ဆိုင်းတိုက်နယ်ဆေးရုံနှင့် ဘော်ဆိုင်းဈေးသစ်ဆိုင်ရာ အချက်အလက်များ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး



**ဘော်ဆိုင်းဆေးရုံသစ်နှင့် ဈေးသစ်လှူဒါန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း ရှင်းလင်းတင်ပြစဉ်**

ဒေါက်တာမြင့်ထွေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့က အမှာစကားများပြောကြားကြသည်။ ထို့နောက် အလှူရှင် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌက ဘော်ဆိုင်း တိုက်နယ်ဆေးရုံနှင့် ဘော်ဆိုင်းဈေးသစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းထံ ဆေးရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းထံ ဘော်ဆိုင်း အဆင့်မြင့်ဈေးသစ်ကြီးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လည်းကောင်း လွှဲပြောင်းပေးအပ်ရာ ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ်တွင် ခုတင်(၁၀၀)ဆံ့ ခိုလမ်ပြည်သူ့ဆေးရုံကြီးကို လည်းကောင်း၊ တောင်ကြီးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို လည်းကောင်း၊ ကျိုင်းခမ်းဆေးရုံကြီးတို့ကို ဆေးရုံသုံးပစ္စည်းများ စုံလင်စွာဖြင့် တည်ဆောက်လှူဒါန်းထားပြီး အေးသာယာ အခမဲ့ဆေးခန်းကိုလည်း ဖွင့်လှစ်ကုသိုလ်ယူခဲ့သည့်အပြင် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များကို အခမဲ့ဆေးဝါးကုသမှုများ ပေးခဲ့သည်။ အထူးသဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး စသည်ဖြင့် ကဏ္ဍပေါင်းစုံတွင် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

## နွေရာသီအခြေခံပန်းချီ သင်တန်းဆင်းပွဲနှင့် ပန်းချီလက်ရာမွန်ပြပွဲ ထားဝယ်၌ကျင်းပ

**ထားဝယ် ဧပြီ ၇**

ထားဝယ်ခရိုင် ပန်းချီ၊ ပန်းပု အစည်းအရုံးမှ ကြီးမှူးကျင်းပသော နွေရာသီအခြေခံပန်းချီသင်တန်းဆင်းပွဲနှင့် သင်တန်းဆင်း ပန်းချီလက်ရာမွန်ပြပွဲကို ထားဝယ်မြို့ ဘုရားကြီးဝင်းဓမ္မာရုံ၌ ဧပြီ ၆ ရက်က ကျင်းပရာ ထားဝယ်ခရိုင် ပန်းချီ၊ ပန်းပုအစည်းအရုံး နာယက ဦးထွန်းကြည်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ထူးချွန်ဆုရသင်တန်းသားများအား ဆုတံဆိပ်များ ချီးမြှင့်ခဲ့သည်။ သင်တန်းသို့ ထားဝယ်ဒေသခံမူလတန်းနှင့် အလယ်တန်းပညာအဆင့် ကလေးသူငယ်များ ၁၁၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၄ ရက်မှ ဧပြီ ၃ ရက်အထိ ဖြစ်သည်။ သင်တန်းဆင်းပွဲအပြီးတွင် သင်တန်းသားများ၏ သင်တန်းဆင်း ပန်းချီလက်ရာမွန်များကို ခင်းကျင်းပြသထားရာ သင်တန်းဆင်းပွဲတက်ရောက်သူများမှ စိတ်ဝင်တစား ကြည့်ရှုအားပေးကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ သတင်းစာတိုက်များနှင့် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် နေပြည်တော်သတင်းစာတိုက်သို့ ရောက်ရှိပြီး ဘိုးဝဇီရခန်းမ၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံ၊ မြန်မာ့အလင်း၊ မြန်မာ့သတင်းစဉ်နှင့် နေပြည်တော်သတင်းစာတိုက်တို့မှ ဝန်ထမ်းများ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ နေပြည်တော်ပုံနှိပ်စက်ရုံမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဒစ်ဂျစ်တယ်သတင်းစာနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်များ၊ ဝန်ထမ်းများအနေဖြင့် ပြောင်းလဲလာသည့် နည်းပညာနှင့်အညီ လိုက်လျောညီထွေစွာ လိုက်ပါဆောင်ရွက်ရန်များ၊ ကျောင်းသုံးစာအုပ်များ၊ စွယ်စုံကျမ်းနှင့် အခြားပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများတွင် တီထွင်ကြံဆ လုပ်ကိုင်ဆောင်ရွက်ရန်များနှင့် စပ်လျဉ်း၍ ပြောကြားပြီး ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် သတင်းစာတိုက်ရှိ သတင်းခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး Auditorium ခန်းမတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဝန်ထမ်းများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ရေး လုပ်ငန်းဆောင်ရွက်နေမှုများ၊ Master Control Room၊ Convergence News Room၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၏ သတင်းစတူဒီယိုခန်းများကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့သည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အလင်းသတင်းစာတိုက်ရှိ သတင်းခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစဉ်**

ဓာတ်ပုံ-တင်မောင်လွင်(မြန်မာ့အလင်း)

## နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများ ဆက်လက်ပြုလုပ်မည်

**နေပြည်တော် ဧပြီ ၇**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ ရုံးအမှတ်(၇) နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ရာ ဧပြီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ကလည်းကောင်း၊ ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဧပြီ ၂၆ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဧပြီ ၂၈ ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မေ ၂ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မေ ၄ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကလည်းကောင်း ရှင်းလင်းဖြေကြားကြမည်ဖြစ်သည်။

တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ e-mail:ir.pso.moi2015@gmail.com သို့ လိပ်မူ၍ အမည်၊ သတင်းဌာန၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ လိပ်စာ (e-mailလိပ်စာ)တို့အား ပေးပို့ရန်နှင့် ဆက်လက်ရှင်းလင်းမည့် ဝန်ကြီးဌာနများနှင့် ရှင်းလင်းပွဲပြုလုပ်မည့်နေ့ရက်များအား ကြိုတင်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်း ထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇)တွင် ကျင်းပသည်။

ရှေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယခုလအတွင်း ထူးခြားဆောင်ရွက်ခဲ့သည့် အချက်အလက်များကို လစဉ်ပုံမှန်သတင်းထုတ်ပြန်ခြင်း ဖြစ်ပါကြောင်း၊ အခမ်းအနားတွင် အချက်ခြောက်ချက် ထုတ်ပြန်ပေးသွားရန် စီစဉ်ထားပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု လျှပ်စစ်မီးပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက်ဆောင်ရွက်ရာတွင် ကျေးရွာများ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် အစီအစဉ်များကို သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားရှိပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကံပေါက်-မြိုင်ကလေး ၂၃၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဓာတ်ငွေ့ယိုစိမ့်မှုအား ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ပတ္တမြားစီမံကိန်း၏ ပိုက်လိုင်းများ ချိတ်ဆက်ပေါင်းကူးခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှထွက်ရှိသည့် စက်သုံးဆီများအား စျေးနှုန်းအရှင်ဖြင့် ရောင်းချပေးမှုအခြေအနေ၊ ဒေသန္တရရေနံချက်ဖိုများအား လိုင်စင်ခွင့်ပြုထုတ်လုပ်ပေးမှု အခြေအနေ၊ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းနှင့် အရေးယူဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ထားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မီဒီယာများမှ သိရှိလိုသည်များကို မေးမြန်းကြရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါအခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လက်ပံတန်းဆေးရုံကြီး အားထားလာရသဖြင့် လျှို့ဒါန်းမှုများပြားလာ

**လက်ပံတန်း ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှာ ယခင်က မွေးလူနာများ၊ ခွဲစိတ်မွေးရမည့်လူနာများမှာ သာယာဝတီဆေးရုံသို့လည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ သွားရောက်ကုသရသဖြင့် ငွေကုန်ကြေးကြများကာ အခက်အခဲများဖြင့် သွားလာနေရခြင်းမှ ယခုအခါဆေးရုံအုပ်ကြီး ဒေါက်တာ ရဲဝင်း၏ ဦးဆောင်ဆောင်ရွက်မှုကြောင့် နေ့/ည ခွဲစိတ်မွေးဖွားပေးခြင်း၊ သာမန်မွေးဖွားပေးခြင်းများကြောင့် ပြည်သူများ အားထားနေရပြီး နံနက်အစာပြေကျွေးမွေးခြင်း၊ နေ့လယ်စာကျွေးမွေးခြင်း လှူဒါန်းမှုများကိုလည်း အလှူရှင်များနှင့် ဆေးရုံကပါ ကျွေးမွေးလှူဒါန်းနေကြောင်း သိရသည်။

**အောင်ဆင့်**

## ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၇**

၂၀၁၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းက မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ စာရင်းဇယားများအရ စိတ်ကျရောဂါဖြစ်ပွားမှုသည် စိတ်ရောဂါများထဲတွင် တတိယအများဆုံးဖြစ်ပွားနေပါကြောင်း၊ လူဦးရေ ၁၀၀၀ တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းသည် စိတ်ကျရောဂါဖြစ်ပွားနေပြီးလူဦးရေ သုံးသိန်းခန့်မှာ ရောဂါခံစားနေရပါကြောင်း၊ ပြည်သူများအတွင်းမဖော်ထုတ်နိုင်သည့် ရောဂါဖြစ်ပွားနေသူများစွာ ကျန်ရှိနိုင်ပါကြောင်း၊ အထူးသဖြင့် ကလေးမွေးဖွားပြီးစ မိခင်များ၊ တီဘီရောဂါဝေဒနာရှင်များနှင့် သက်ကြီးရွယ်အို ဘိုးဘွားများတွင် စိတ်ကျဝေဒနာခံစားနေရသည်ကို သုတေသနပြုလေ့လာချက်များအရ သိရှိရကြောင်း။

စိတ်ကျန်းမာရေး ပြဿနာရပ်များအနက် စိတ်ကျဝေဒနာသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှိုင်းယှဉ်းပါက အများဆုံးတွေ့ရသည့် ဝေဒနာဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ကမ္ဘာတစ်ဝန်းလုံး၌ စိတ်ကျရောဂါခံစားနေရသူဦးရေ ၃၂၂ သန်းရှိ၍ အရှေ့တောင်အာရှနိုင်ငံများတွင် စိတ်ကျရောဂါခံစားနေရသူ ၈၆ သန်း ရှိနေပါကြောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း စိတ်ကျရောဂါဝေဒနာရှင် အရေအတွက် ၁၈ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ပါကြောင်း၊ ထို့အပြင် လူဦးရေ ရှစ်သိန်းနီးပါးခန့်သည် နှစ်စဉ် မိမိကိုယ်ကို အဆုံးစီရင်လျက်ရှိနေပါကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်က ဖတ်ကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများက ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**



# ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ဓာတ်လှေကားသစ်နှစ်စင်း ပေးအပ်လှူဒါန်းပွဲကျင်းပ



**ရန်ကုန် ဧပြီ ၇**

ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ဓာတ်လှေကားသစ်နှစ်စင်း တပ်ဆင်ပြီးစီး၍ ဖွင့်ပွဲအခမ်းအနားနှင့် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါဓာတ်လှေကားအရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရွှေတိဂုံစေတီတော်အလုပ်အကျွေးဘဏ္ဍာထိန်း ဦးစိုးဝင်း၊ မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ မစ္စတာ မစ်ဆူအီဒိုနှင့် မစ်ဆူဘီရှီလျှပ်စစ် ကော်ပိုရေးရှင်းမှ မစ္စတာခိုးဂျိမာရှူးရားမားတို့က ဓာတ်လှေကားသစ်နှစ်စင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ဆက်လက်၍ ညှိခန်းမဆောင်၌ အလှူရှင် မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ မစ္စတာအီဒိုက လှူဒါန်းရသည့်အကြောင်း ရှင်းလင်းပြောကြားပြီး စေတီတော်အလုပ်အကျွေးဘဏ္ဍာထိန်း ဦးစိုးဝင်းက ဂုဏ်ပြုထောမနာစာတမ်းလွှာကို ဖတ်ကြားသည်။

ထို့နောက် အလှူရှင်များက ဓာတ်လှေကားနှစ်စင်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ ဂေါပကအဖွဲ့နှင့် အလှူရှင်များက ဓာတ်လှေကားကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြပြီး အာရုံခံမုခ်ဦးရှိ ဗုဒ္ဓမြတ်စွာဘုရားအား ရွှေကြာသက်နှင်းကပ်လှူပူဇော်ကြသည်။

ယခင်တပ်ဆင်ခဲ့သော ဓာတ်လှေကားနှစ်စင်းသည် နှစ် ၂၀ ကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် မစ်ဆူဘီရှီကော်ပိုရေးရှင်းနှင့် မစ်ဆူဘီရှီလျှပ်စစ်ကော်ပိုရေးရှင်းတို့က ယခုဓာတ်လှေကား သစ်နှစ်စင်းကို တပ်ဆင်လှူဒါန်းခြင်းဖြစ်သည်။

အဆိုပါဓာတ်လှေကားအဟောင်းနှစ်စင်းကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ဖြုတ်သိမ်းခဲ့ပြီး ယခုဓာတ်လှေကားအသစ်နှစ်စင်းကို မတ် ၁၂ ရက်တွင် တပ်ဆင်ပြီးစီးခဲ့ကာ ယခုဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်း-ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)သို့ MPT ၏ မြန်မာ့နှစ်သစ်ကူးအထိမ်းအမှတ် ငွေလှူ

**နေပြည်တော် ဧပြီ ၇**

ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ (နေပြည်တော်)သို့ MPT ၏ မြန်မာ့နှစ်သစ်ကူးအထိမ်းအမှတ်အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မြတ်မင်္ဂလာလမ်းနှင့် ရွှေကြာပင်လမ်းထောင့်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်)ရှိ သုခဝါသအောင်စစ်သည်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ(နေပြည်တော်) ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း(ငြိမ်း)၊ MPT ၏ စီးပွားရေးဌာနကြီးမှ အထွေထွေမန်နေဂျာ ဦးသိန်းဟုတ်နှင့် MPT JO မှ Chief Commercial Officer Mr. Koichi Kawase၊ နေပြည်တော်ကောင်စီနယ်မြေ တိုင်းမန်နေဂျာ ဦးကျော်မျိုးခန့်၊ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာမှ အဘိုးအဘွားများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ(နေပြည်တော်) ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း(ငြိမ်း)က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာပေါ်ပေါက်လာပုံနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အလှူငွေပေးအပ်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ MPT ၏ စီးပွားရေးဌာနကြီးမှ အထွေထွေမန်နေဂျာ ဦးသိန်းဟုတ်နှင့် MPT JO မှ Chief Commercial Officer Mr. Koichi Kawase တို့က ကရုဏာကမ္ဘာဘိုးဘွား ရိပ်သာ(နေပြည်တော်) ဒုတိယဥက္ကဋ္ဌထံသို့ အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တက်ရောက်လာကြသော MPT မိသားစုဝင်များက အဘိုး၊ အဘွားများအား စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး အဘိုး အဘွားများက ဆုတောင်းမေတ္တာပို့သခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)





# ရန်ကုန်တိုင်းဒေသကြီး ရဲတပ်သားသစ်သင်တန်းအမှတ်စဉ် (၂၉၉/ ၂၀၁၆-ရကရ) ဆင်း

**ရန်ကုန် ဧပြီ ၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ကြီးကြပ်၍ ရဲတပ်သားသစ်သင်တန်းအမှတ်စဉ် (၂၉၉/ ၂၀၁၆)ဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတွင် ဧပြီ ၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဆင်း စစ်ရေးပြအခမ်းအနားတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က သင်တန်းဆင်းတပ်ခွဲအား လိုက်လံစစ်ဆေးကာ စံပြဆု၊ လေ့ကျင့်ရေးထူးချွန်ဆု၊ ဥပဒေထူးချွန်ဆုနှင့် ရဲကျင့်ဝတ်ဆုရရှိသူ သင်တန်းသားလေးဦးအား ဆုချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ဥပဒေဘောင်အတွင်းမှ ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများ တရားဥပဒေစိုးမိုးမှုအောက်တွင် တည်ငြိမ်အေးချမ်းပြီး ဘေးကင်းလုံခြုံမှုရှိစေရန် ရဲတပ်ဖွဲ့အနေဖြင့် ဝန်ဆောင်မှုကိုရှေးရှုသောရဲလုပ်ငန်းစနစ်ကို ကျင့်သုံးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိဘဲ အဂတိတရားကင်းရှင်းပြီး မှန်မှန်ကန်ကန်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။ (**အပေါ်ပုံ**)

ဆက်လက်၍ သင်တန်းသားများက တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြသည်။

ယင်းနောက် သင်တန်းသား ၅၂ ဦးတို့အား သင်တန်းကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီး အောင်ကိုဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသည် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ကြီးကြပ်မှုဖြင့် ပထမဆုံးဖွင့်လှစ်ခဲ့သည့် သင်တန်းဖြစ်ပြီး သင်တန်းကာလမှာ ၂၁.၁၁.၂၀၁၆ ရက်မှ ၇.၄.၂၀၁၇ ရက်အထိဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ သင်တန်းသား ၂၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၂၉ ဦး စုစုပေါင်း ၅၂ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ရဲတပ်သားသစ်သင်တန်းအမှတ်စဉ် (၂၉၈/ ၂၀၁၆) သင်တန်းဆင်းပွဲအခမ်းအနား ပဲခူး၌ ကျင်းပ

**ပဲခူး ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲတပ်သားသစ်သင်တန်းအမှတ်စဉ်(၂၉၈/ ၂၀၁၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၈ နာရီက ပဲခူးမြို့ဉသျှောင်မြို့သစ်ရပ်ကွက်ကြီး(၈)ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁) ရဲတပ်ရင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်နှင့် တာဝန်ရှိသူများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် သင်တန်းသားမိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက သင်တန်းဆင်းမိန့်ခွန်းပြောကြားခဲ့ပြီး စံပြကျောင်းသားဆုရရှိသူ ကျောင်းသားအမှတ်(၉၅) ရွှေထွန်းလူနှင့် ကျန်ဆုရကျောင်းသားများအား ဆုများချီးမြှင့်သည်။

အဆိုပါ ရဲတပ်သားသစ်သင်တန်းတွင် သင်တန်းသားစုစုပေါင်း ၁၁၀ သင်တန်းဆင်းခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

# လေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် ဖြစ်မြောက်နိုင်ခြေ ရှိ၊ မရှိ လေ့လာနိုင်ရန် စာချွန်လွှာလက်မှတ်ရေးထိုး

**မကွေး ဧပြီ ၇**

Private Infrastructure Development Group(PIDG)၏ ကုမ္ပဏီတစ်ခုဖြစ်သော InfraCo Asia သည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်း လေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် ဖြစ်မြောက်နိုင်ခြေရှိ၊ မရှိ လေ့လာနိုင်ရန် မကွေးမြို့ နန်းထိုက်သူဟိုတယ်တွင် ဧပြီ ၄ ရက် နံနက် ၁၀ နာရီက နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

Infra Co Asia နှင့် မြန်မာနိုင်ငံအတွင်း ၎င်း၏ စီမံကိန်းများကို အကောင်အထည်ဖော်သည့် အဖွဲ့ဖြစ်သော Infra Capital Myanmar တို့သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်း လေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်နိုင်ရန် နည်းပညာပိုင်းနှင့် စီးပွားရေးပိုင်းဆိုင်ရာ ဖြစ်မြောက်နိုင်ခြေရှိ၊ မရှိ လေ့လာဆန်းစစ်ချက်များ ဆောင်ရွက်မည်ဖြစ်ရာ ပထမဦးဆုံးဖြစ်မည့် လေအားလျှပ်စစ် စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကိုယ်စား သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ တိုင်းဒေသကြီး ဝန်ကြီးနှင့် Infra Co Asia မှ CEO Mr. Allard Nooy တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

"Infra Co Asia အနေဖြင့် ကျွန်တော်တို့ရဲ့တတ်စွမ်းမှုတွေနဲ့ မြန်မာပြည်အတွက် ပထမဆုံးဖြစ်မယ့် လေအားလျှပ်စစ် စီမံကိန်းတွေကို အကောင်အထည် ဖော်နိုင်ဖို့အတွက် ဆန္ဒရှိပါတယ်။ ပြီးတော့ မြန်မာနိုင်ငံအတွင်းမှာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းတွေ ရေရှည်တည်တံ့အောင် အကောင်အထည် ဖော်နိုင်ဖို့အတွက် စီမံကိန်း ကနဦးအကောင်အထည်ဖော်မှုအပိုင်းမှာ Infra Co Asia မှ ရင်းနှီးမြှုပ်နှံခြင်းနဲ့ကျွမ်းကျင်မှုတွေ ထောက်ပံ့ပေးဖို့ပဲ ဖြစ်ပါတယ်"ဟု Mr. Nooy က ပြောသည်။

လေ့လာဆန်းစစ်မှုမှ ရရှိလာသည့် ရလဒ်သည် မြန်မာပြည်၏ လေစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ခိုင်မာသည့် အုတ်မြစ်တည်ဆောက်သွားရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ICM ဒါရိုက်တာ Mr.Yanis Boudjouher က ပြောသည်။

စီမံကိန်း ရည်ရွယ်ချက်အရ ပြီးပြည့်စုံသော ဖြစ်မြောက်နိုင်ခြေ ရှိ၊ မရှိ လေ့လာဆန်းစစ်ခြင်းမှ စီးပွားဖြစ်ထွန်းနိုင်မည့် လေစွမ်းအင်ဆိုင်ရာ အချက်အလက်များ ကောက်ခံရရှိခြင်းဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်နိုင်ရေး လမ်းဖွင့်ပေးနိုင်မည်ဖြစ်သည်။

**သန်းနိုင်ဦး(ဇဖဲ)**

# ဆီးရီးယားစစ်အခြေစိုက်စခန်းကို အမေရိကန်က ဒုံးကျည်များဖြင့် ပစ်ခတ်



**ဝါရှင်တန် ဧပြီ ၇**

ယခုရက်သတ္တပတ်အတွင်း အပြစ်မဲ့ ကလေးငယ်များစွာ သေဆုံးစေခဲ့သည့် ဓာတုလက်နက်ဖြင့် တိုက်ခိုက်မှုကို ဆီးရီးယားတပ်ဖွဲ့က လုပ်ဆောင်ခဲ့သည်ဟုဆိုကာ အမေရိကန်သည် သောကြာနေ့တွင် ဆီးရီးယား စစ်အခြေစိုက်စခန်းကို ဒုံးကျည်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်လိုက်ကြောင်း သိရသည်။

ဆီးရီးယားအရေး၌ အမေရိကန်တပ်ဖွဲ့၏ ပါဝင်ပတ်သက်လာမှုက ရုရှားထံမှပြင်းထန်သော ဝေဖန်ထိုးနှက်မှုများစွာကို ပေါ်ပေါက်လာစေခဲ့သည်။ ပြီးခဲ့သည့် အင်္ဂါနေ့က သူပုန်ထိန်းချုပ် ဧရိယာအတွင်း အဆိပ်ဓာတ်ငွေ့သုံးတိုက်ခိုက်ခဲ့မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်၏ စစ်အင်အားစုများထိန်းချုပ်ထားသည့် ဆီးရီးယားစစ်အခြေစိုက်စခန်းကို အမေရိကန်စစ်သင်္ဘောနှစ်စင်းက ပဲ့ထိန်းဒုံးကျည် ၅၉ စင်းကို မြေထဲပင်လယ်အရှေ့ဘက်ဆီမှ ပစ်ခတ်ခဲ့ကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားခဲ့သည်။

သမ္မတရာထူး စတင်လွှဲပြောင်းတာဝန်ယူဆောင်ရွက်ခဲ့ပြီး ချိန်မှစတင်၍ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရချိန်တွင် သမ္မတဒေါ်နယ်ထရန့်အနေဖြင့် ဆီးရီးယားနိုင်ငံ၏ ခြောက်နှစ်ကြာ ပြည်တွင်းစစ်ဖြစ်ပွားမှုအတွင်း အပြင်းထန်ဆုံးတိုက်ရိုက် အရေးယူဆောင်ရွက်မှုတစ်ခုကို ပြုလုပ်လိုက်ခြင်းဖြစ်ကာ သမ္မတအာဆတ်အား စစ်ဘက်ဆိုင်ရာ အကူအညီများပေးအပ်နေသည့် ရုရှားနှင့် အီရန်မဟာမိတ်များနှင့် ထိပ်တိုက် တွေ့ဆုံရမည့် အခြေအနေကို မြင့်တက်လာစေခဲ့သည်။

ရုရှားသမ္မတဗလာဒီမာပူတင်ကမူ ဆီးရီးယား စစ်အခြေစိုက်စခန်းကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုသည် နိုင်ငံတကာစည်းမျဉ်းများကို ချိုးဖောက်လိုက်ခြင်းဖြစ်ပြီး အမေရိကန်နှင့် ရုရှား၏ ဆက်ဆံရေးကို ဆိုးဆိုးရွားရွား ထိခိုက်သွားစေခဲ့ကြောင်း ကရင်မလင်နန်းတော်မှ ပြောကြားချက်ကို သတင်းအေဂျင်စီများက ကိုးကားဖော်ပြခဲ့ ကြသည်။

အမေရိကန်အာဏာပိုင်များက ၎င်းတို့အနေဖြင့် ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုမစတင်မီ ရုရှားအင်အားစုများအား ကြိုတင်အသိပေးမှု ပြုလုပ်ခဲ့ကြောင်း စစ်အခြေစိုက်စခန်းရှိ ရုရှားတပ်ဖွဲ့ဝင်အင်အားစုများ ထိခိုက်မှုမရှိစေရန် လုပ်ဆောင်ခဲ့ကြောင်းနှင့် စစ်အခြေစိုက် စခန်းရှိ ရုရှားအဖွဲ့ဝင်များရှိရာ နေရာများကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းမရှိကြောင်း အမေရိကန်အာဏာပိုင်များက ပြောကြားခဲ့သည်။

သို့သော် အုပ်ချုပ်ရေးအဖွဲ့သည် တိုက်ခိုက်မှုပြုလုပ်ရန်အတွက် ရုရှား၏ထောက်ခံချက်ကိုရယူရန် မကြိုးစားခဲ့ကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

(**ရိုက်တာ**)

# စတော့ဟုမ်းမြို့ ဈေးလမ်းတစ်ခုအတွင်း ကုန်တင်ကားတစ်စီးဝင်တိုက်ခဲ့ရာ လူ သုံးဦးထက်မနည်းသေဆုံး

**စတော့ဟုမ်း ဧပြီ ၇**

ဧပြီ ၇ ရက်က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့လယ် လူစည်ကားရာဈေးလမ်းတစ်ခုအတွင်း ကုန်တင်ကားတစ်စီး အရှိန်ဖြင့် တစ်ဟုန်ထိုးမောင်းဝင်လာပြီး စတိုးဆိုင်တစ်ဆိုင်အား ဝင်တိုက်ခဲ့ရာ လူသုံးဦးထက်မနည်းသေဆုံးခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။ ယင်းတိုက်ခိုက်မှုအား ဝန်ကြီးချုပ်က အကြမ်းဖက်တိုက်ခိုက်မှုပုံစံဖြစ်ဟန်တူကြောင်း ပြောကြားခဲ့သည်။

မတော်တဆဖြစ်ပွားခဲ့သည့် နေရာတစ်လျှောက် လုံခြုံရေးတပ်ဖွဲ့ဝင်များစောင့်ကြပ်လျက်ရှိကာ အဓိကဘူတာရုံအပါအဝင် အဆိုပါအနီးဝန်းကျင်ဒေသများအား အန္တရာယ်ကင်းစေရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရဲတပ်ဖွဲ့၏ လုံခြုံရေးဆိုင်ရာအစီအမံအရ မြေအောက်မီးရထားလမ်းကြောင်းများအား ခေတ္တပိတ်ဆို့ထားခဲ့ရကြောင်း သိရသည်။



ဆွီဒင်တိုက်ခိုက်ခံရပြီဖြစ်ကြောင်း၊ တိုက်ခိုက်မှုပုံစံများအရ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခု ဖြစ်ကြောင်း ဝန်ကြီးချုပ် စတီဖန်လေဗ့်ဗန်က သတင်းထောက်များကို ပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များနှင့် အရေးပေါ်အဖွဲ့များ အခင်းဖြစ်ပွားရာနေရာတွင် ရောက်ရှိနေကြောင်း ရိုက်တာသတင်းသမားတစ်ဦးက ပြောခဲ့သည်။ လွန်ခဲ့သော နှစ်ကလည်း ကုန်တင်ကားသို့မဟုတ် ကားများဖြင့် လူအုပ်ကြားသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှု အတော်များများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

(**ရိုက်တာ**)

# ဆီးရီးယားတွင် ဓာတုလက်နက်ဖြင့်တိုက်ခိုက်မှုကို အမေရိကန်၏ တုံ့ပြန်မှုအပေါ် ဂျပန်ထောက်ခံ

**ဝါရှင်တန် ဧပြီ ၇**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဓာတုအဆိပ်လက်နက်များအသုံးပြု၍ အပြစ်မဲ့ပြည်သူများအား တိုက်ခိုက်ခြင်းနှင့် ယင်းလက်နက်အသုံးပြုမှု တစ်ဟုန်ထိုးတိုးပွားလာခြင်းအပေါ် သည်းခံလိုခြင်းမရှိတော့ပြီဖြစ်သည့် အမေရိကန်အစိုးရ၏ဖြေရှင်းမှုကို ဂျပန်အစိုးရအဖွဲ့က အားပေးထောက်ခံကြောင်းပြောကြားခဲ့သည်။

ဆီးရီးယားရှိ အတိုက်အခံအဖွဲ့များကြီးစိုးသည့်နယ်နိမိတ်အတွင်း ဓာတုအဆိပ်လက်နက်ဖြင့် တိုက်ခိုက်ခဲ့မှုဖြစ်ပွားခဲ့ပြီးနောက် ဆီးရီးယားစစ်အခြေစိုက်စခန်းကို အမေရိကန်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ်တွင် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ထောက်ခံအားပေးကြောင်း မှတ်ချက်ချပြောဆိုခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားတွင်အပြစ်မဲ့အရပ်သားများစွာတို့သည် ဓာတုအဆိပ်လက်နက်အသုံးပြုသည့်တိုက်ခိုက်မှုများ၏ သားကောင်အဖြစ်သို့ ကျရောက်ခဲ့ရကြောင်းနှင့် လူမမည်ကလေးငယ်များပါ အဆိပ်လက်နက်ကြောင့် သေဆုံးခဲ့ရသည့်ပုံရိပ်များ ထွက်ပေါ်လာခဲ့သည့်အခါတွင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အကြီးအကျယ် တုန်လှုပ်ချောက်ချားခဲ့ရကြောင်း အာဘေးက ပြောကြားခဲ့သည်။

ဂျပန်သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဘေးက ကတိပေးအပ်ခဲ့သည်။

(**အင်န်အိတ်ချ်ကေ**)

# အစွန်းရောက်အဖွဲ့ကို တစ်နိုင်ငံလုံး တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဆိုမာလီယာသမ္မတပြောကြား

**နိုင်ရိုဘီ ဧပြီ ၇**

ဆိုမာလီယာပြည်သူလူထုနှင့် အစိုးရတပ်ဖွဲ့တို့ ပူးပေါင်း၍ အယ်လ်ရှာဘတ် အစွန်းရောက်အဖွဲ့အစည်းအား တိုက်ခိုက်ရန် စစ်ကြေညာကြောင်း ယမန်နေ့က ဆိုမာလီယာသမ္မတ မိုဟာမက်အဗ္ဗဒူလာဟီက ပြောခဲ့သည်။

ယမန်နေ့က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အယ်လ်ရှာဘတ် အစွန်းရောက်အဖွဲ့အနေဖြင့် လက်နက်ချအလင်းဝင်ရန်လိုကြောင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုကို စွန့်လွှတ်ရန် ဆိုမာလီယာသမ္မတက ပြောကြားခဲ့သည်။ ထိုသို့ပြုလုပ်ပါက အစိုးရက ခွင့်လွှတ်ပေးမည်ဖြစ်ပြီး စာပေသင်ကြားမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ဆိုမာလီယာမြို့တော် မိုဂါဒစ်ရှူး၏ အရေးပါသည့် ဌာနများအတွက် ရာထူးခန့်အပ်မှုများကိုလည်း ကြေညာခဲ့သည်။ အသစ်ခန့်အပ်လိုက်သော ရာထူးများမှတစ်ဆင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။ (**ဆင်ဟွာ**)

# တရုတ်နိုင်ငံသို့လာရောက်ရန် သမ္မတထရန့်ကို ရှီဖိတ်ကြား

**ဝါရှင်တန် ဧပြီ ၇**

အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရန့်အား အလည်အပတ်လာရောက်ရန် တရုတ်သမ္မတရှီကျင့်ဖျင်က မကြာသေးမီက ဖိတ်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါဖိတ်ကြားချက်အား အမေရိကန်သမ္မတဒေါ်နယ်ထရန့်က လက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါချစ်ကြည်ရေးခရီးစဉ်ဖိတ်ကြားချက်အရ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် တရုတ်နိုင်ငံသို့ မကြာမီအချိန် တွင် လာရောက်နိုင်မည်ဟု မျှော်လင့်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

(**ဆင်ဟွာ**)

# ကိုရီးယားကျွန်းဆွယ်အရေး မြောက်ကိုရီးယားလက်ဦးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်

**ပြုံယမ်း ဧပြီ ၇**

မြောက်ကိုရီးယားသည် ကျွန်းဆွယ်အရေးတွင် လက်ဦးမှုယူ ဖြေရှင်းရမည်ဖြစ်ပြီး မျိုးနွယ်များ ပြန်လည်ပေါင်းစည်းရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးက သတင်းထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံက မြောက်ကိုရီးယားအပေါ် ကျင့်သုံးသည့် နိုင်ငံခြားရေးမူဝါဒသည် ရန်သူအသွင်ဆန်နေသောကြောင့် မိမိကိုယ်ကို ကာကွယ်သည့်ရွေးချယ်မှုအဖြစ် တိုက်ပွဲဝင်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံက မြောက်ကိုရီးယားအပေါ် ဖိအားပေးမှုများနှင့် ရန်စမှုများကြောင့် လက်ဦးမှုယူတိုက်ခိုက်ရမည့် အခြေအနေသို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတကာဥပဒေများအရ အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုထားသည့် သဘောတူညီမှုအရ တစ်ဖက်ဖက်မှ အဆိုပါ သဘောတူညီမှုအား ချိုးဖောက်ခဲ့ပါက ကျန်တစ်ဖက်အနေဖြင့်လည်း ယင်းသဘောတူညီမှုကို ပယ်ဖျက်နိုင်သည့် အခွင့်အရေးရှိသည့် အပြင် အရေးပေါ်အခြေအနေရောက်ရှိခဲ့ပါက ချက်ချင်းတိုက်ပွဲဝင်နိုင်ကြောင်း ဖော်ပြထားသည်။

ကိုရီးယားကျွန်းဆွယ်တွင် တိုက်ပွဲဖြစ်ခဲ့ပါက အမေရိကန်နိုင်ငံက တာဝန်ယူရမည်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံက စတင်တိုက်ခိုက်ခဲ့ပါကလည်း အမေရိကန်နှင့် နောက်လိုက်အဖွဲ့များ၏ စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို တိကျစွာ တိုက်ခိုက်သွားမည်ဖြစ်ကြောင်း၊ မြောက်ကိုရီးယား၏ လက်ရှိကြုံတွေ့နေရသည့် အရေးကိစ္စများကြောင့် ကာကွယ်ရေးနည်းလမ်းကို ရွေးချယ်ခဲ့ရသည့်အတွက် ယင်းအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လေးစားပေးရန်လိုကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

(**ဆင်ဟွာ**)



# မြစ်ကူးတံတားတည်ဆောက်မပြီးစီးမီကာလအတွင်း ကစ္ဆပနဒီမြစ်ကို ဖြတ်ကူးရန် ကားကူးဇက်ရေယာဉ်ထားရှိပေးရန်လိုအပ်နေ

**ပလက်ဝ မေ ၇**

ပလက်ဝ-ကျောက်တော် ကျောက်ချော လမ်း ၃၃ မိုင် ၅ ဖာလုံနှင့် ပလက်ဝ-မတူပီ မြေသားလမ်း ၁၃၅ မိုင် ဖောက်လုပ် ပြီးစီးပြီဖြစ်သည်။ ဤလမ်းနှစ်သွယ်ဖြင့် ပလက်ဝမြို့ထိသွားလာနိုင်ရန် ကစ္ဆပနဒီ (ပလက်ဝ) မြစ်ကူးတံတားတစ်စင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်၍ သုံးနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်ရန် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေများ လျာထားတင်ပြတောင်းခံထားရှိပြီး တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

ဤလမ်းပိုင်းများကို ဒေသခံပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရန်အတွက် ပလက်ဝ-ကျောက်တော်၊ ပလက်ဝ-ဆမီး ယာဉ်လိုင်းနှစ်ခုဖြင့် ပြေးဆွဲပေးနေပြီဖြစ်သော်လည်း ပလက်ဝမြို့အထိ သွားလာရန် မြစ်ကူးတံတားမရှိသေးခြင်းကြောင့် လောင်းကဒူး-ပလက်ဝ လမ်းပိုင်းနှစ်မိုင်ကို အသုံးပြုသွားလာရာတွင် ပုဂ္ဂလိက ဆောက်လုပ်ရေးကုမ္ပဏီပိုင်ယာဉ်များ၊ ဌာနဆိုင်ရာ ယာဉ်များမှာ ဒေသမှ ပုဂ္ဂလိက စက်တပ်ရေယာဉ်ကို သစ်သားတန်းများရိုက်ပြီး ကားကူးရေယာဉ်အဖြစ် အသုံးပြုနေကြသည့် ရေယာဉ်ပိုင်ရှင်များနှင့် ဆိုင်ကယ်ကူး ပဲ့ထောင်စက်လှေပိုင်ရှင်များ ကူးတို့ကူးဝန်ဆောင်မှုလုပ်ငန်းဖြင့် စီးပွားဖြစ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကားကူးဝန်ဆောင်မှုမှာ အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်နေသည့်အပြင် ဆိုင်ကယ်ကူးဝန်ဆောင်မှုမှာလည်း ဆိုင်ကယ်တစ်စီးငွေကျပ်နှစ်ထောင်နှုန်းဖြင့် အသွားအပြန် ငွေကျပ်လေးထောင်ပေး၍ ဖြတ်ကူးနေရသဖြင့် စရိတ်စက ပိုမိုကုန်ကျရသည့် အခက်အခဲများ ကြုံတွေ့နေရသည်။ ထို့အပြင် ယာဉ်လိုင်းများ ပြေးဆွဲရာတွင်လည်း မြစ်ကူးတံတား တည်ဆောက်ပြီးစီးမှသာလျှင် တံတားဖြတ်သန်း၍ လောင်းကဒူး-ပလက်ဝ နှစ်မိုင်ခရီးဖြင့် ပလက်ဝမြို့အထိ သွားရောက်နိုင်မည်ဖြစ်ရာ ယခုအချိန်တွင် ယာဉ်လိုင်းများမှာ ကင်ဝကျေးရွာ အရှေ့ဘက် ကင်ချောင်းဝ အထိသာ ပြေးဆွဲပေးပြီး ကင်ချောင်းဝမှ ပလက်ဝသို့ ပဲ့ထောင်စက်လှေဖြင့် ခက်ခဲစွာ ပို့ဆောင်ပေးနေရကြောင်း တွေ့ရသည်။

သို့ဖြစ်၍ ကစ္ဆပနဒီ (ပလက်ဝ) မြစ်ကူးတံတား တည်ဆောက်မပြီးစီးမီကာလအတွင်း လောင်းကဒူး-ပလက်ဝ လမ်းပိုင်းဖြင့် ပလက်ဝမြို့အထိ အသုံးပြုသွားလာနိုင်ရန် ကားကူးဇက်ရေယာဉ်များ စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်နေမှုကို ဒေသခံများက မျှော်လင့်စောင့်စားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - မောင်မောင်ကျော့**



# သာစည်မြို့နယ် ဉသျှစ်ကုန်းကျေးရွာ၌ ကလေးငယ်များ ကျောက်ဖြုများပေါက်နေ

**သာစည် မေ ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ တစ်နေ့ထက်တစ်နေ့ အပူချိန်များ မြင့်မားနေမှုကြောင့် ညောင်ရမ်းတိုက်နယ်အတွင်းရှိ ဉသျှစ်ကုန်းကျေးရွာ၌ ကလေးငယ်များတွင် ကျောက်ဖြုများပေါက်နေကြကြောင်း ဒေသခံတစ်ဦးဖြစ်သူ ဦးတင်ဝင်းက ပြောပြ၍ သိရသည်။



"ကျွန်တော်တို့ရွာမှာ ကလေးငယ်တွေ မတ်လကစပြီး အခုလအထိ ကျောက်ဖြုတွေ ပေါက်နေကြပါတယ်။ ကလေးတစ်ယောက်ဟာ ကျောက်ဖြုပေါက်တော့မယ်ဆိုရင် ပထမဦးဆုံး အပြင်းဖျားလာပါတယ်။ တစ်ရက်လုံးလုံးဘာမှလည်း ကျွေးမရတော့ဘူး။ နောက်ရက်တွေကျတော့ အဖုတွေက မျက်နှာအပါအဝင် တစ်ကိုယ်လုံးအနှံ့ ပေါ်ထွက်လာကြတယ်။ အဲ့ဒီအဖုတွေပေါ်မှာ မကြာမီ ပြည်တွေ တည်လာကြတယ်။ လူကြီးတွေရဲ့ ပြောစကားအတိုင်း အဖုစုံအောင်၊ ထွက်လာအောင်လို့ ပုစွန်ဆိတ်တွေ ချက်ကျွေးရတယ်။ ကြက်ဟင်းခါးသီးကိုလည်း ချက်ကျွေးရပါတယ်။ ဒီကျောက်ဖြုအဖုတွေက အညှီနံ့ပြင်းလွန်းတယ်။ အပြင်လေစိမ်းမိရင် တစ်ကိုယ်လုံးအနှံ့ ယားတော့ ကလေးတွေကို လေတိုက်မခံရအောင် အိမ်ထဲမှာပဲ ထားရပါတယ်။ ကျောက်ဖြုပေါက်တဲ့ကလေးတစ်ဦးဟာ အိပ်ရာထဲမှာ အနည်းဆုံး ၁၇ ရက်လောက်နေကြရတယ်"ဟု ဉသျှစ်ကုန်းကျေးရွာမှ ကျောက်ဖြုပေါက်သူ ကလေးတစ်ဦး၏ဖခင်က ပြောသည်။

ဉသျှစ်ကုန်း ကျေးရွာတွင် ကျောက်ဖြုပေါက်သည့် ကလေးအများစုမှာ ငါးနှစ်အရွယ်မှ ၁၅ နှစ်အရွယ်ထိဖြစ်ကြပြီး ကလေးများ ကျောက်ဖြု ပေါက်နေသော်လည်း မိဘများက နီးစပ်ရာ ဆေးရုံ/ ဆေးခန်းများသို့ သွားရောက်ပြသခြင်းမရှိကြဘဲ ဒေသခံတို့၏ ရှေးရိုးအစဉ်အလာအတိုင်း ကျောက်ခဲကို ကျောက်မှုန့်ဖြစ်အောင်ထုပြီး ကျောက်ဖြုပေါက်နေသည့် နေရာအနှံ့ကို ကျောက်မှုန့်များ သိပ်ပေးနေကြသည်ဟု ဆိုကြသည်။

**မောင်ကို(သာစည်)**

## မြန်မာ့ရုပ်မြင်သံကြား

၈-၄-၂၀၁၇ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - ပြည်သူနှင့်အတူ"နိုင်ငံတော်အစိုးရ၏တစ်နှစ်တာအတွင်း လူမှုရေးကဏ္ဍဆောင်ရွက်ချက်များ"
၉း၂၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ပထမထပ်ဟန်းနီးမွန်း" ရဲအောင်၊ ဇေရဲထက်၊ စိုးမြတ်သူဇာ၊ ဖွေးဖွေး (ဒါရိုက်တာ-ညီမင်းလွင်)
၁၁း၃၀ - ချစ်စရာ့တာသင်္ကြန်
၁၅း၀၀ - "ဘောလုံးအားကစားနည်း၏အခြေခံနည်းစနစ်များ" (ရှေ့တန်းတိုက်စစ်)

**ညပိုင်း**

၁၅း၄၅ - Myanmar National League (MNL)(1)(2017) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ချင်းယူနိုက်တက် FC Vs ရန်ကုန်ယူနိုက်တက် FC )
၁၈း၁၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင်-အဆိုတော် ရွှေထူး)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊မိုးလေဝသအခြေအနေ
၂၁း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့် ဓားဘုရင်" (အပိုင်း-၂၁) -ပြည်သူ့နီတိ "အဖြစ်လုပ် အလုပ်ဖြစ်"

# သင်္ကြန်ကာလအတွင်း လိင်စိတ်ကြွဆေးဝါးများရောင်းချမှုမရှိစေရေး ဆေးဆိုင်များကို ရှောင်တခင်စစ်ဆေး

**မော်လမြိုင် မေ ၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁)ဈေးနှင့် မြိုင်ရတနာ(၄)ထပ်ဈေးတို့၌ မေ ၇ ရက်က ယခုနှစ် သင်္ကြန်ကာလအတွင်း လိင်စိတ်ကြွဆေးဝါးများရောင်းချမှုမရှိစေရေးအတွက် ဈေးအတွင်းရှိ ဆေးဆိုင်များကို အမျိုးသားအစားအသောက်နှင့်ဆေးဝါးကြီးကြပ်မှုကော်မတီ ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာခင်မိမိဦးနှင့်အဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနလက်ထောက်ကျန်းမာရေးမှူး ဦးစိုးဝင်းနှင့်အဖွဲ့နှင့် အမျိုးသားအစားအသောက်ဆေးဝါးကွပ်ကဲရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ၂၅ ဦးတို့က ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့သည်။



ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် အမှတ်(၁)ဈေးနှင့် မြိုင်ရတနာ(၄)ထပ်ဈေးတို့၌ ဆေးဆိုင်များကို ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ လိင်စိတ်ကြွဆေးဝါးများတွေ့ရှိခြင်းမရှိကြောင်း၊ ဆေးဆိုင်ပိုင်ရှင်များက မိမိတို့အနေဖြင့် စိတ်ကြွဆေးဝါးများကို ရောင်းချခြင်းမရှိပါကြောင်းနှင့် တရားဝင်မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ရောင်းချလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။ **တင်ထွန်း (မော်လမြိုင်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ၊ ရွှေအင်ကြင်းလမ်း၊ အခန်း(၁၀၅)၊ တိုက်(၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီ** သည် ယင်းတို့၏ပါတီအမည်အား **ပြည်သူ့အကျိုးပြု ကျောင်းသားများပါတီ** ဟု အမည်ပြောင်းလဲခွင့်ပြုပါရန်နှင့် ပါတီအလံနှင့် တံဆိပ်ကိုလည်း ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ** ဟူသည့်အမည်နှင့် ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၏ အလံပုံစံ**



**ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပုသိမ်မြစ်အတွင်း စက်လှေနှစ်စင်းတိုက်၊ လူ ၂၀ ထက်မနည်းသေဆုံး

**ပုသိမ် မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၆) နယ်မြေ ကျောက်ငူဆိပ်ကမ်း ပုသိမ်မြစ်(ငဝန်မြစ်)အတွင်း၌ မေ ၇ ရက် ညပိုင်းက စက်လှေနှစ်စင်း မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားရာ လူ ၂၀ ထက်မနည်းသေဆုံးကြောင်း ရဲတပ်ဖွဲ့၏ ကနဦးသတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်မြို့မှ ကမ်းနီကျေးရွာသို့ ထွက်ခွာလာသော ကမ်းနီကျေးရွာ စက်လှေပိုင်ရှင် ဦးမောင်ဆွေ၏ ငွေကြယ်ပွင့်အမည်ရှိ စက်လှေသည် လူ ၈၀ ခန့် တင်ဆောင်လာ၍ မင်္ဂလာဆောင်မှပြန်လာကြရာ တစ်ဖက်မှ ခုတ်မောင်းလာသော ကျောက်ဆွဲသင်္ဘောတစ်စင်းဖြင့် မျက်နှာချင်းဆိုင်တိုက်မိကာ ငွေကြယ်ပွင့်စက်လှေမှာ ဝမ်းဗိုက်ကွဲပြီး မြစ်အတွင်း နစ်မြုပ်သွားခြင်းဖြစ်ကြောင်း သိရသည်။

သတင်းအရ ရေကြောင်းလုံခြုံရေး ရဲတပ်ဖွဲ့ ရဲမှူး ဝေဇော်အောင်၊ ရဲအုပ်အောင်မျိုးကျော်တို့ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့နှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များက ဝိုင်းဝန်းကူညီကယ်ဆယ်ပြီး စက်လှေကို ကမ်းစပ်သို့ သယ်ဆောင်ရှာဖွေရာ စက်လှေဝမ်းဗိုက်အတွင်းမှ အမျိုးသား လေးဦး၊ အမျိုးသမီး ၁၄ ဦးတို့ကို သေဆုံးလျက်တွေ့ရှိရကြောင်း၊ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့မှ သိရသည်။

**ပုသိမ်-လှကြည်**

# အမျိုးသားတစ်ဦး မူးယစ်ဆေးသုံးစွဲရင်း သေဆုံး

**မြစ်ကြီးနား မေ ၇**- ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တည်းခိုခန်းတစ်ခု၌ မေ ၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က အမျိုးသားတစ်ဦး မူးယစ်ဆေးသုံးစွဲရင်း အပ်တန်းလန်းဖြင့် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်၌ ဖွင့်လှစ်ထားသည့် မြရိပ်မွန်တည်းခိုခန်း အခန်းအမှတ် (၂၇)တွင် မိုးညှင်းမြို့နယ် နန့်မွန်ကျေးရွာမှ လာရောက်တည်းခိုသူ ဦးအဗရမ်(၂၆ နှစ်)ဖြစ်ပြီး ယင်းအခန်းအတွင်းရှိ ခုတင်ပေါ်တွင် ဘယ်လက်ဖျံ၌ မူးယစ်ဆေးဝါးသုံးစွဲရင်း ဆေးထိုးအပ်စိုက်ထိုးသွင်းလျက်ဖြင့် သေဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်နှင့် ပစ်ခတ်လုပ်ကြံမှုတွင် တရားလိုပြသက်သေတစ်ဦးအား စစ်ဆေး

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်နှင့် ပစ်ခတ်လုပ်ကြံမှုတွင် သေနတ်သမား ကြည်လင်းနှင့်အတူ ဖမ်းဆီးခံထားရသူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့အား ယနေ့ နံနက် ၁၀ နာရီက အင်းစိန်မြို့နယ်ရှိ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ စတုတ္ထအကြိမ် ရုံးထုတ်လာရာ **(ယာပုံ)** တရားလိုပြသက်သေတစ်ဦးကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်ပြီးစွပ်စွဲထားသော ရာဇဝတ်မှုကြီးအမှုအမှတ် (၄၆/၂၀၁၇)အရ လက်နက်အမှုနှင့်တရားစွဲထားသည့် ကြည်လင်းနှင့်အောင်ဝင်းဇော်တို့အား လက်နက်ဥပဒေပုဒ်မ ၁၉(ဃ)(စ) လူသတ်မှုမှ ရှာဖွေသက်သေ ဦးတင်မောင်အား စစ်ဆေးပြီးနောက် ဧပြီ ၂၁ ရက်သို့ ပြန်လည်ချိန်းဆိုလိုက်ကြောင်း သိရသည်။

ဒုတိယခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေးအရာရှိ ဦးခင်မောင်မြင့်က "ရာဇဝတ်မှုကြီး အမှုအမှတ် ၄၅/၂၀၁၇ ဥပဒေပုဒ်မ ၃၀၂/၃၄/၁၂၂ ရာဇဝတ်အထွေထွေအမှုအမှတ် ၂၀/၂၀၁၇အရ အောင်ဝင်းခိုင်ကို ကျင့် ၅၀၂ အမှုအတွက် တရားခံပြေးနဲ့ပတ်သက်ပြီး တစ်ဖက်တရားလိုဘက်က မကျေနပ်လို့ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၁၂၀(ခ) ၂၀၁၇ နဲ့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ထံ အမှုတွဲခေါ်စာကို ပေးပို့ထားတယ်။ အဲဒီအမှုတွဲ တိုင်းရုံးကပြန်ကျလာမှ စစ်မယ်။ အခုကတော့ လက်နက်မှုကိုပဲ စစ်ဆေးရမှာပါ။ မကျေနပ်တဲ့ အယူခံပြင်ဆင်မှုရဲ့ လျှောက်လဲချက်ကို ရန်ကုန်တိုင်းက ဆုံးဖြတ်ပါလိမ့်မယ်။ လူသတ်မှုနဲ့ ဆက်စပ်အမှုတွဲပြန်ရောက်မှ စစ်ဆေးရမှာဖြစ်ပါတယ်။ ပြင်ဆင်ထားတာက တရားခံပြေး အောင်ဝင်းခိုင်ကိစ္စနဲ့ပါ။ အမှုတွဲမရှိရင် မစစ်ရပါဘူး။ အယူခံမှု ပြင်ဆင်မှုဆိုတာ ရှိပါတယ်။ လာမယ့် ၂၁ ရက် ရုံးချိန်းမှာလည်း လက်နက်ဥပဒေအရ ဆက်လက်စစ်ဆေးသွားမှာပါ။ ဒီနေ့ ရှာဖွေသက်သေစစ်ဆေးတဲ့ ဦးတင်မောင်ဟာ အငြိမ်းစားဝန်ထမ်းဖြစ်ပြီး အရပ်သားသက်သေဖြစ်ပါတယ်" ဟု ပြောကြားသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-ထင်ပေါ်ဝင်း**



# ကသာမြို့နယ်အနီး ဧရာဝတီမြစ်ရေလျှံလာ၍ အနိမ့်ပိုင်းရောက်သီးနှံစိုက်ခင်းအချို့ ရေနစ်မြုပ်



**ကသာ ဧပြီ ၇**

ကသာမြို့နယ်အနီးရှိ ဧရာဝတီမြစ်ရေ မြင့်တက်လာ၍ အနိမ့်ပိုင်းရောက် သီးနှံစိုက်ခင်းအချို့ ရေနစ်မြုပ်ခြင်း ကြုံတွေ့လာကြောင်း သိရသည်။ **(ဝဲပုံ)**

ကသာမြို့နယ်၌ ဧပြီ ၄ ရက်မှ စတင်၍ ဧရာဝတီမြစ်ရေလျှံလာရာမှ ကျဆင်းမှုမရှိခြင်းကြောင့် ဧပြီ ၆ ရက် မွန်းတည့် ၁၂ နာရီတွင် ဧရာဝတီမြစ်ရေ ၅၅၂ စင်တီမီတာအထိ တိုးလာသဖြင့် သီးနှံစိုက်ပျိုးထားရှိသော ဧရာဝတီမြစ်အတွင်း နုန်းတင်ကျွန်ရစ်သော မြေနိမ့်ပိုင်း၌ မြေပဲ၊ ဖရဲ၊ ခရမ်းချဉ်အပြင် သီးနှံမျိုးစုံစိုက်ခင်းများ ရေနစ်မှု ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အနိမ့်ပိုင်း နုန်းတင်မြေနုကျွန်းအချို့တွင် ရေနစ်မြုပ်လာရာ သီးနှံရိတ်သိမ်းမှု မပြုရသေးသော စိုက်ခင်းများ၊ ရိတ်သိမ်းဆဲ အခင်းများ ရေဆက်လက်တက်လာမည်ကို တောင်သူများ စိုးရိမ်လျက်ရှိကြောင်းနှင့် သီးနှံရိတ်သိမ်းလုပ်သား ငှားရမ်းရမှု အခက်အခဲရှိလာသည်ဟုလည်း သိရသည်။

ကသာမြို့နယ်၌ ဧရာဝတီမြစ်ရေ အတက်အကျကို အမှီပြု၍ နုန်းတင်မြေနုတွင် သီးနှံစိုက်ပျိုးသည့် ကျေးရွာ ၃၃ ရွာရှိသည့်အနက် ရေနစ်မြုပ်မှုကြောင့် ကျေးရွာအုပ်စု ၁၄ အုပ်စု၌ ရေလျှံခြင်း ကြုံတွေ့လာရာ မြေပဲ ဧက ၄၃၇၄ ဒသမ ၄၀၊ စပါး ၄၀၃ ဒသမ ၀၀ ဧက၊ ဟင်းသီးဟင်းရွက် ၂၈ ဒသမ ၀၀ ဧက၊ ဖရဲ ၃ ဒသမ ၀၀ ဧက စုစုပေါင်း ဧက ၄၈၀၈ ဒသမ ၄၀ ရေလျှံနစ်မြုပ်ခြင်းကို ဧပြီ ၆ ရက်အထိ စာရင်းပြုလုပ်ထားကြောင်းနှင့် မြစ်ရေလျှံရာတစ်လျှောက် စာရင်းများပြုလုပ်သွားရမည်ဖြစ်ကြောင်း၊ ရေကျဆင်းပါက ပျက်စီးမှု စာရင်း ရှိ မရှိ စာရင်းပြုလုပ်ရမည်ဖြစ်ကြောင်း၊ မြေပဲစိုက်ခင်း၊ ဖရဲစိုက်ခင်းနှင့် အခြား သီးနှံစိုက်ခင်းများ ပျက်စီးမှု ရှိ မရှိ မသိနိုင်သေးကြောင်း၊ ရေကျသွားမှ ပြောနိုင်မည်ဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

**ငွေအိုး(ကသာ)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈၈ စီး၊ သွင်းကုန် ၆၀၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၈၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၆ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၈၆ သိန်းခန့်နှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၁၈၇ သိန်းခန့်၊ စုစုပေါင်း ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂ ဒသမ ၁၈၇ သိန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၆ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခြောက်ဘီးယာဉ်များအား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် " CP 9933 " Fish Food (1 × 20) Kg (600) Bags ၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် "CP 9933" Fish Food များ**






**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/7115၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးလှမိုး-ဒေါ်နုနုထွေးတို့၏သား မောင်မျိုးမင်း(ခ)မောင်ပြည့်ဖြိုးဝေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

မြတ်ကိုကိုထွန်း ၁၂/ဗဟန(နိုင်)၁၀၂၇၉၂ ၏ ပတ်စပို့နံပါတ် MA-323686မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၅၄၄၃၈၁**

**အများသိစေရန်ကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ဆင်ခေါင်းမြောက်ရွာ၊ ရပ်ကွက်ကြီး(၁၇)၊ အကွက် (၆၆၄/က) နေ ဦးအောင်ကျော် (ဘ)ဦးသာဇံ ၉/မထလ(နိုင်)၁၁၈၃၅၈ မှ ပြင်ဦးလွင်မြို့ မြို့နယ်စာချုပ်စာတမ်းအမှတ် (၉၃)ဖြင့် မှတ်ပုံတင်ဌာနမှူးရုံး၌ ၁၅-၂-၂၀၁၇ ရက်တွင် ဦးဇော်ဝင်းထွန်း (ဘ) ဦးထွန်းလင်း ၁/မကန(နိုင်)၀၁၇၁၉၉ နှင့် ဦးဘိုဘိုအောင်(ဘ) ထင်အွန်(ခ)ဦးဝင်း ၉/မရမ(နိုင်)၀၉၂၅၀၁ တို့အား အထွေထွေ ကိုယ်စားလှယ်လွှဲစာကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

လုပ်ငန်းများပြီးဆုံးသွားပြီဖြစ်၍ ၁၅-၂-၂၀၁၆ ရက်တွင် ဦးအောင်ကျော်မှ ကျွန်တော် ဦးဇော်ဝင်းထွန်းနှင့် ဦးဘိုဘိုအောင်တို့အား လွှဲအပ်ထားသော အထွေထွေ ကိုယ်စားလှယ်လွှဲစာအား ကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ကျော် ၉/မထလ(နိုင်)၁၁၈၃၅၈**
**ဦးဇော်ဝင်းထွန်း ၁/မကန(နိုင်)၀၁၇၁၉၉**
**ဦးဘိုဘိုအောင် ၉/မရမ(နိုင်)၀၉၂၅၀၁**

**ကန့်ကွက်နိုင်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ လယ်တီကွင်း၊ ညောင်ကုန်းတောင်ရပ်၊ ကွင်းအမှတ်(၂၅)၊ ဦးပိုင်အမှတ် ၃-က၊ ဧရိယာ ၀ဒသမ ၃၁၇ဧကရှိ မြေကို မောင်နိုင်လင်းဦးအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့နယ်**

**ကန့်ကွက်နိုင်ပါကြောင်း**

ဟင်္သာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ လမ်းမတော်လမ်းဟုခေါ်တွင်သော ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ အကွက်အမှတ်၄၉၊ ဥယျာဉ်ကြီးမြောက်ရပ်၊ ဦးပိုင်အမှတ် ၁/ခ၊ မြေဧရိယာ ၀ ဒသမ၃၇၇ဧကရှိမြေကွက်မှာ ဟင်္သာတမြို့၊ ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမအသင်းအမည်ဖြင့် နှစ်၃၀ဂရန်ရရှိပြီးဖြစ်ပါသည်။ ဂရန်စာချုပ်မူရင်းသည် ရုံးပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်စာချုပ်မိတ္တူထုတ်ယူခွင့်လျှောက်ထားမှုအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့နယ်**

**ကန့်ကွက်နိုင်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ လယ်တီရပ်၊ အေးမြသာယာရပ်ကွက်၊ ကွင်းအမှတ်(၁၉)၊ ဦးပိုင်အမှတ် ၄၄၊ ဧရိယာ ၀ဒသမ ၃၁၇ ဧကရှိမြေကို ဦးခင်မောင်ရင်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့နယ်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မိတ္ထီလာမြို့၊ အုံတုံကျေးရွာ အလက(ခွဲ)အင္ဂမတန်းမှ မငြိမ်းငြိမ်းထွေး၏ဖခင် ဦးအောင်ဇော်ဝင်း(ခ)ဦးအောင်ဇော်ပု ၉/မထလ(နိုင်)၁၀၀၆၁၀ မှာ တစ်ဦးတည်းဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ဦးကျော်လွင် ၄/မတပ(နိုင်)၀၂၄၄၅၅ ၏မြန်မာနိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၇၁၃၁၀၈၂၊ ၀၉-၂၅၆၃၄၁၄၁၇**

**ကန့်ကွက်နိုင်ပါကြောင်း**

ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ သီရိအောင်မြေ(၁)လမ်း ခေါ်တွင်သော ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ် ၃၇၊ ကနောင်စုအနောက်ရပ်၊ ဦးပိုင်အမှတ် ၄၁၃၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကို ဦးဟန်ဝင်းဆွေအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့နယ်**

**ကန့်ကွက်နိုင်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတမြို့၊ ဆကာရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ကွင်းအမှတ် (၅၄)၊ ဦးပိုင်အမှတ် ၁၃၆၊ ဧရိယာ ၀ ဒသမ ၁၃၆ ဧကရှိ မြေကို ဒေါ်ဝါဝါဦးအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုး အကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့နယ်**

**ကန့်ကွက်နိုင်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ လယ်တီကွင်းရပ်၊ အင်္ဂပိုလမ်း၊ ကွင်းအမှတ်(၂၄)၊ ဦးပိုင်အမှတ်-၆၀၊ ဧရိယာ၀ဒသမ ၃၇၆ ဧကရှိမြေကို ဦးလှထွန်း အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့နယ်**

**ကန့်ကွက်နိုင်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်(၂)လမ်း၊ အမှတ်(၁၃၄)နေ ကွင်းအမှတ်(၄၆)၊ ဦးပိုင်အမှတ်-၁၉၁၊ ဧရိယာ ၀ ဒသမ ၀၆၇ ဧကရှိမြေကို ဦးခင်စိန်(ခ)ဦးမောင်မြင့်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့နယ်**

# မုံရွာမြို့နွားဘေးမဲ့ပွဲတော်အတွက် လှူဒါန်းမည့်ဘေးမဲ့နွားများကိုလက်ခံပေးလျက်ရှိ

**မုံရွာ ဧပြီ ၇**

သင်္ကြန်အပြီး မြန်မာနှစ်ဆန်းရက်များ၌ ကုသိုလ်ယူကာကျင်းပလေ့ရှိသော မုံရွာမြို့အလယ်ရပ်ချမ်းသာကြီး ဘုရားဂေါပက အဖွဲ့၏ ဇီဝိတဒါနနွားဘေးမဲ့ပွဲတော်ကိုယခုနှစ် (၃၅) ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်ရာ ယခင်နှစ်ကမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ သားသတ်လိုင်စင်စီဖြင့် နှစ်ဆန်း ၁ ရက်တွင် သတ်အံ့ဆဲဆဲနွားများ၏ အသက်ကို အလှူခံသွားမည်ဖြစ်ကြောင်း ချမ်းသာကြီးဘုရားဂေါပကအဖွဲ့ဝင် ဦးတင့်လွင်ထံမှ သိရသည်။



"ဒီနှစ်မှာမုံရွာအပါအဝင် တောရွာတွေက စည်ပင်သာယာသားသတ်လိုင်စင်စီနဲ့ သတ်တော့မယ့်နွားတွေရဲ့အသက်ကိုကယ်တင်ကြမှာပါ။ လောလောဆယ်မုံရွာ အပါအဝင်ကျေးရွာတွေက စည်ပင်လိုင်စင် (C)နဲ့ နှစ်ဆန်းတစ်ရက်နေ့မှာ သတ်မယ့်နွားအရေအတွက်က ၂၄ ကောင် ကယ်ခွင့်ရမယ်လို့စာရင်းရထားပြီးပါပြီ။ ဒ့ါအပြင် အနယ်နယ်အရပ်ရပ်ကနေ နွားတစ်ကောင်ခြင်းဖြစ်စေ၊ ခြံပြတ်လှူဒါန်းလိုရင်ဖြစ်စေ၊ နှစ်ဆန်း၂ ရက်နံနက်ပိုင်းတွင် ချမ်းသာကြီးဘုရားကို အရောက် ကိုယ့်စရိတ်နဲ့ကိုယ်ပို့ပေးဖို့လိုပါတယ်။ဒါမှသာ လှူမယ့်နွားတွေကိုတိမွေးကု ဆရာဝန်နဲ့ ဆေးစစ်ကုသစရာရှိတာတွေကုသပေးနိုင်ဖို့အတွက်ပါ။ လမ်းမလျှောက်နိုင်တဲ့နွားနဲ့ ကူးစက်ရောဂါရှိတဲ့နွားကိုတော့ လက်ခံမှာ မဟုတ်ပါ။ ကျန်တာ အကုန်လုံး လက်ခံပါတယ်" ဟု ဦးတင့်လွင်က ပြောသည်။

(၃၅) ကြိမ်မြောက် ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်တွင် အလှူခံရရှိလာသောဘေးမဲ့နွားများကို ယခုစတင်ဖွင့်လှစ်မည့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာ အင်ကြင်းမြိုင် ငွေတောင်ဘုန်းတော်ကြီးကျောင်းဘေးမဲ့ခြံသို့ ပို့ဆောင်လှူဒါန်းရာ ဘေးမဲ့ခြံအတွင်း ဘေးမဲ့နွားများထားရန် အဆောက်အအုံအတွက် ငွေကျပ် ၃၅ သိန်းကို မုံရွာမြို့ ချမ်းသာကြီးဘုရား ဂေါပကအဖွဲ့က မတည်လှူဒါန်းထားကြောင်း သိရသည်။ လက်ရှိတွင် မုံရွာမြို့ချမ်းသာကြီးဘုရားဂေါပကအဖွဲ့သို့ မြို့လယ်တီရပ်ကွက် မုံရွေး-ကြေးမုံကျေးရွာ၊ ယင်းမာပင်မြို့နယ် လက်ပံတောကျေးရွာနှင့် ဘုတလင်မြို့နယ်ရုံးတောကျေးရွာများမှ အလှူရှင်များက နွားရှစ်ကောင် လှူဒါန်းထားကြောင်း ဧပြီ ၅ ရက် စာရင်းများအရ သိရသည်။

နွားဘေးမဲ့ပွဲတော် ပထမအကြိမ်မှ(၁၃) ကြိမ်မြောက်အထိ ကျွဲ၊ နွား၊ ဆိတ် ၂၅၈ ကောင်ကို မန္တလေးမြို့ တံခွန်တိုင်နွားဘေးမဲ့ခြံ၊ (၁၄)ကြိမ်မှ(၁၇) ကြိမ်အထိ နွား ၄၅ ကောင်ကိုပဲခူးတိုင်း ကဝမြို့နယ် ခမည်းပြင်ဘိုးဘိုးကြီး နွားဘေးမဲ့ခြံ၊ (၁၈) ကြိမ်နှင့် (၁၉)ကြိမ်မှနွား ၂၅ ကောင်ကိုပြင်ဦးလွင်မြို့ ပွေးတောင်သျှိုကစ္စနားနွားဘေးမဲ့ခြံ၊ အကြိမ် (၂၀) မှ (၂၅)ကြိမ်အထိ နွား ၁၀၁ ကောင်ကို နောင်ချိုမြို့နယ် သုံးဆယ်ရွာ လော့ခူးသက်ရှည်မြိုင် နွားဘေးမဲ့ခြံများသို့ ပို့ဆောင်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင်(၂၆)ကြိမ်မှ (၂၈)ကြိမ်အထိ နွား ၅၄ ကောင်ကို ပဲခူးတိုင်း ပဏ္ဍိတာ ရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာ နွားဘေးမဲ့ခြံ၊ (၂၉) ကြိမ်နှင့် အကြိမ် (၃၀)တို့တွင် နွား ၃၉ ကောင်ကို ရန်ကုန် ဂျူဗလီပန်ဂျရာ ပိုလ်စိုဆိုက်တီး ဟိန္ဒူ ဘာသာရေး၊ ဂေါသာလနွားဘေး မဲ့ခြံ၊ (၃၁) ကြိမ်တွင် နွားအကောင်၂၀ ကို ရေစကြိုမြို့နယ် ပန်းတိုင်းခြံကျေးရွာ မေတ္တာစိမ့်စမ်းဘေးဥယျာဉ်၊ (၃၂) ကြိမ်တွင် နွားအကောင် ၃၀ နှင့် (၃၃) ကြိမ်တွင်နွား ၄၇ ကောင်တို့ကို မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ဗောဓိငါးထောင် ဘေးမဲ့ခြံနှင့် (၃၄) ကြိမ်တွင် နွား ၈၂ ကောင်ကို စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲရွာ ဦးမှတ်ဘေးမဲ့ခြံတို့သို့ ပို့ဆောင်ခဲ့ရာ ပထမအကြိမ်မှ (၃၄)ကြိမ်အထိ တန်ဖိုးငွေကျပ် ၆၄၆ သိန်း ရှစ်သောင်းနှစ်ထောင်တန်ဖိုးရှိ နွား ၇၀၂ ကောင်၏အသက်ကို ကယ်တင်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း ( မုံရွာ)**

# မရမ်းကုန်းမြို့နယ်အတွင်း ကျူးကျော်နေထိုင်သူ အိမ်ထောင်စုများအား သက်သေခံကတ်ထုတ်ပေး

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးရေးသုတေသနစီမံကိန်းအရ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်မှ (၁၀)ရပ်ကွက်ရှိ ကျူးကျော်နေထိုင်ကြသူ အိမ်ထောင်စုများအား အမှတ်(၁)ရပ်ကွက် တပင်ရွှေထီးလမ်း ပဋ္ဌာန်းဓမ္မာရုံ၌ ဧပြီ ၅ရက်ကအိမ်ထောင်စု သက်သေခံကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောညီညီထွေးက "ရပ်ကွက်(၁၀)ခုမှ ပိုင်ဆိုင်မှုမရှိဘဲ အခြားမြေပေါ်မှာ ကျူးကျော်နေထိုင်ကြတဲ့ အိမ်ထောင်စုတွေကို ဓာတ်ပုံမှတ်တမ်းတွေ ရိုက်ကူးပြီး အိမ်ထောင်စု သက်သေခံ စမတ်ကတ်ပြုလုပ်ပေးတာပါ၊ ထုတ်ပေးပြီးကိုင်ဆောင်ထားတဲ့ကတ်ကို ပျောက်ဆုံးပျက်စီးခြင်းမရှိအောင် ထိန်းသိမ်းရမှာပါ။ မသက်ဆိုင်တဲ့သူတွေကို လွှဲပြောင်းအပ်နှံခြင်း မပြုလုပ်ရဘူး။ ကျူးကျော်နေထိုင်ရတဲ့ ကိစ္စဖြေရှင်းဆောင်ရွက်ပေးတဲ့အချိန်၊ အကျိုးခံစားခွင့်ပေးမယ်ဆိုရင်တော့ ဆောင်ရွက်ပေးတဲ့အချိန်မှာ ကိုယ်ပိုင်ဆိုင်ထားတာ ကိုယ်ရရှိဖို့လိုမယ်။ အရေးကြီးတာက စမတ်ကတ်ကို သေသေချာချာ ထိန်းသိမ်းဖို့လိုတယ်။ ဒီကနေ့ ရရှိတဲ့စာရင်းအရ အိမ်ထောင်စု ၂၇၆စု၊ လူဦးရေ ၉၄၂ ဦးရှိပါတယ်။ ဒေသခံတွေ မနစ်နာအောင် မြေပေါ်ကျူးကျော်နေထိုင်တယ်လို့ တင်ပြလာရင် ထပ်မံဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပါတယ်"ဟုပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**




# မြန်မာ GAP Protocol အတည်ပြုနိုင်ရေးစည်းဝေး

**နေပြည်တော် ဧပြီ ၇**

မြန်မာ GAP Protocol အတည်ပြုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၅ ရက် နံနက်ပိုင်းက နေပြည်တော် ပရဆေးဥယျာဉ်၌ ပြုလုပ်ရာ အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးအေးကိုကိုနှင့် ဦးဇော်ထွန်းမြင့်၊ ညွှန်ကြားရေးမှူးများ၊ ပညာရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစားအစာဘေးကင်းလုံခြုံမှုရှိစေရေး၊ အာဟာရပြည့်ဝစွာစားသုံးနိုင်ရေးတို့အတွက် နိုင်ငံတကာတွင် GAP Protocol များ သတ်မှတ်ဆောင်ရွက်နေသကဲ့သို့ အာဆီယံနိုင်ငံများဆိုင်ရာ အာဆီယံ GAP Protocol ကိုလည်း သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်များ နိုင်ငံတကာစံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်လာနိုင်၍ ပြည်ပဈေးကွက်ဝင်ရောက် ယှဉ်ပြိုင်ရောင်းချနိုင်ရေးဈေးကွက်ခိုင်မာစွာရပ်တည်နိုင်ရေးတို့အတွက် မြန်မာ GAP Protocol ကို ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဒေသခံတောင်သူများ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆွေးနွေးပွဲများ ပြုလုပ်၍ သီးနှံများအလိုက် ဒေသရေမြေရာသီဥတုအလိုက် GAP Protocol တွင် ထည့်သွင်းသတ်မှတ်သင့်သည့် အချက်အလက်များ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးဖြစ်သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲများမှရရှိသော သတင်းအချက်အလက်များ၊ အသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူများမှ ပေးပို့လာသော အကြံပြုချက်များ အပေါ် ဝိုင်းဝန်းဆွေးနွေး၍ မြန်မာ GAP Protocol မူကြမ်းအချောသပ်ရေးဆွဲကာ အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြအတည်ပြုနိုင်ရေးအတွက် ဆွေးနွေးပွဲကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ GAP Protocol ဆိုသည်မှာ မြေပြုပြင် စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းတွင် စားသုံးသူအတွက် ဘေးအန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများ အနည်းဆုံးဖြစ်စေရန် လိုက်နာရမည့်နည်းလမ်းများကို စုစည်းထားသည့် စံလုပ်ထုံးလုပ်နည်းများဖြစ်ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# စစ်တောင်းမြစ်ရေတင် နွေစပါးစိုက်တောင်သူများအဆင်ပြေမှုရှိစေရန်ကွင်းဆင်းစစ်ဆေး



**တောင်ငူ ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦး၊ တောင်ငူ ခရိုင်ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်၊ လက်ထောက်ညွှန်ကြားရေးမှူး (ရေအရင်းအမြစ်) ဦးတင်မောင်ထွေးနှင့် တာဝန်ရှိသူများသည် ဧပြီ ၅ ရက်က တောင်ငူမြို့နယ် ဇီးဖြူပင်ကျေးရွာအနီးရှိ သဖန်းပင်စစ်တောင်းမြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

"အဓိကအားဖြင့်တော့ SRI ရက်ကိုးဆယ် မျိုးပွားစိုက်ခင်းတွေက တောင်သူတွေအတွက် မျိုးကောင်းမျိုးသန့်တွေ ရရှိနိုင်မယ်။ မျိုးစရိတ်သက်သာတဲ့အပြင် သွင်းအားစုကုန်ကျစရိတ် အလွန်နည်းတယ်။ ထွက်နှုန်းကလည်း ကောင်းတော့ တောင်သူတွေပိုမိုတိုးချဲ့စိုက်ပျိုးစေချင်တယ်"ဟု ဒုတိယညွှန်ကြားရေးမှူးက ရှင်းလင်းပြောကြားသည်။

ယခင်ကတည်းက SRI ရက်ကိုးဆယ်မျိုးစပါးများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိသော တောင်သူ ဦးသက်ပြင်းက "စိုက်ပျိုးရေးဦးစီးဌာနက ဒီစိုက်ခင်းတွေကို ပေါင်းနုတ်တာ။ ပင်ပွားနုတ်ဖယ်တာ လုပ်ပေးတယ်။ နောက်တောင်သူတွေ ထွက်ရှိတဲ့ စပါးအားလုံးကို သူတို့ဌာနက ကာလပေါက်ဈေးနဲ့ ဝယ်မှာ။ ဝယ်ပြီးတဲ့ စပါးတွေကို ပိုးသတ်တာတို့ သန့်စင်တာတို့လုပ်ပြီးရင် ကျန်တဲ့တောင်သူတွေဆီ မျိုးကိုဖြန့်ဝေပေးသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ မျိုးစပါးနည်းနည်းနဲ့ အကုန်အကျသက်သာပြီး အထွက်နှုန်းကောင်းတဲ့ ဒီစပါးမျိုးကို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ရင် တောင်သူတွေ အများကြီး အကျိုးရှိနိုင်ပါတယ်။ ဒါပေမယ့်လည်း တစ်ခုတော့ရှိတာပေါ့ တောင်သူတွေ စပါးထွက်နှုန်းဘယ်လောက်ကောင်းကောင်း ဈေးကွက်ခိုင်ခိုင်မာမာရှိမှ အဆင်ပြေနိုင်မှာပါ" ဟုပြောသည်။

ဆက်လက်၍ နွေစပါး ၆၅၀ ကျော် စိုက်ပျိုးနိုင်သော အနောက်ဆင်ရွာအုပ်စု နှစ်ဆောင်ပြိုင် စစ်တောင်းမြစ်ရေတင် လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများနှင့် စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဆေးရောင်ခြယ် ပြိုင်ပွဲကျင်းပ

**မလှိုင် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်ဧပြီ ၆ ရက်က အဆိုပါရုံးရှိကလေးစာဖတ်ခန်းတွင် ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်ချက်ဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်ဆွေဆွေမြင့်က ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါပြိုင်ပွဲ၌ ကျောင်းသားကျောင်းသူ ၁၉ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# မှတ်ပုံတင်ပြီးသား ဆင်းကတ်များ စလင်းတွင်ရောင်းချ

**စလင်း ဧပြီ ၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ မှတ်ပုံတင်ပြီးသားဆင်းကတ်များကို တစ်ကတ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဧပြီလ ပထမပတ်က ရောင်းချလျက်ရှိသည်။

လူစည်ကားသော စည်ပင်ဈေးအနီး ယာဉ်ငယ်ပေါ်တွင် အမ်ပီတီမှတ်ပုံတင်ပြီးသား ဆင်းကတ်တစ်ကတ်လျှင် ငွေကျပ် ၁၀၀၀၊ အူရီဒူးမှတ်ပုံတင်ပြီးဖုန်းဘေ ငွေကျပ် ၅၀၀ ပါတစ်ကတ်လျှင် ငွေကျပ် ၁၀၀၀၊ မှတ်ပုံတင်ပြီး တယ်လီနောဖိုးဂျီတစ်ကတ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချရာ ဝယ်သူများပြားလျက်ရှိသည်။ ရောင်းချမှုနှင့် စပ်လျဉ်း၍ သိရှိလိုသဖြင့် မေးမြန်းကြည့်ရာ "ဒိုင်ကြီးတွေထံက ကျွန်တော်တို့ ဆင်းကတ်တစ်ကတ် ကိုငွေကျပ် ၇၀၀ နှင့် ဖောက်သည်ယူရပါတယ်။ အရောင်းသွက်ပါတယ်။ အမ်ပီတီနဲ့ အူရီဒူးကဖုန်းဘေငွေကျပ် ၅၀၀ ပါတယ်။ တယ်လီနောက ဖိုးဂျီဖြစ်ပြီး ဖုန်းဘေအပိုမပါဘူး"ဟု ပြောသည်။ **စစ်ကြည်(စလင်း)**

# လူကြိုက်များနေသော WowBox app ကို တယ်လီနောမိတ်ဆက်

**ရန်ကုန် ဧပြီ ၇**
တယ်လီနောဆင်းကတ်သုံးစွဲသူများ၏ နေ့စဉ်လူမှုဘဝအတွက် အထောက်အကူပြုမည့် အခမဲ့သုံးစွဲနိုင်သော WowBox app ကို တယ်လီနောမြန်မာက မတ် ၃၀ ရက်က တရားဝင် မိတ်ဆက်ခဲ့သည်။ တယ်လီနောအနေဖြင့် WowBox app ကို ဖေဖော်ဝါရီလအတွင်းမှစ၍ အစမ်းသုံးစွဲခွင့်ပြုခဲ့ပြီးနောက် ပြည်တွင်းတွင် တရားဝင်မိတ်ဆက်ခြင်း မပြုမီကတည်းကပင် WowBox app သည် Google Play တွင် ရေပန်းစားသော အပလီကေးရှင်းတစ်ခု ဖြစ်နေခဲ့သည်။

WowBox app သည် အခမဲ့ရယူနိုင်သည့်အပြင် အသုံးပြုရာတွင်လည်း လုံးဝအခမဲ့အသုံးပြုနိုင်သော အပလီကေးရှင်းဖြစ်ပြီး အပလီကေးရှင်းထဲတွင် သတင်းများ၊ ဖျော်ဖြေရေးအစီအစဉ်နှင့် ဂိမ်းများ၊ အလုအပနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများကို ရယူဖတ်ရှုနိုင်မည်ဖြစ်သည်။ ထို့အတူတယ်လီနော၏ ပရိုမိုးရှင်းအစီအစဉ်များအားလုံးကိုလည်း တစ်နေရာတည်းတွင် တွေ့မြင်နိုင်မည်ဖြစ်ပြီး အစီအစဉ်များကို အပလီကေးရှင်းထဲမှပင် ခလုတ်တစ်ချက်နှိပ်ရုံဖြင့် ဝယ်ယူနိုင်မည် ဖြစ်သည်။

အပလီကေးရှင်းတွင်ပါသော အကြောင်းအရာအားလုံးကို မြန်မာဘာသာဖြင့် ဖတ်ရှုနိုင်ရန် WowBox App ကို မြန်မာနိုင်ငံအတွက် မြန်မာဘာသာဖြင့် သီးသန့်ထုတ်လုပ်ထားကြောင်း သိရသည်။ ဆောင်းပါးအနေဖြင့် WowBox app ၌ ဖော်ပြရန် သီးသန့်ရေးသားထားသော အထူးဆောင်းပါးသစ် အနည်းဆုံး ၁၀ ပုဒ်ကို နေ့စဉ်နေ့တိုင်း ဖတ်ရှုနိုင်မည်ဖြစ်ကာ လတ်တလော ခေတ်စားနေသည့်သတင်းများ၊ အားကစား သတင်းများ၊ ဂိမ်းများ၊ တေးသီချင်းနှင့် ရုပ်ရှင်သုံးသပ်ချက်များ၊ ရုံတင်နေသည့် ရုပ်ရှင်စာရင်းများ၊ လူမှုဘဝရေးရာဆောင်းပါးများ၊ နှလုံးသားရေးရာ အကြံပေးချက်များ၊ အချစ်ကံဆန်းစစ်မှုများနှင့် အခြားအကြောင်းအရာများစွာ ပါဝင်သည်။ နှလုံးသားရေးရာ အကြံပေးချက်များ၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ၊ ဟာသများ၊ နေ့စဉ်သတင်းများနှင့် ဖက်ရှင်အလှအပဆိုင်ရာ အကြံပြုချက်များ စသည်တို့မှာ လူကြိုက်များသော ကဏ္ဍများဖြစ်သည်။

"သုံးစွဲသူတွေအနေနဲ့ WowBox app ကနေတစ်ဆင့် ပြည်တွင်းသတင်းတွေနဲ့ ဖျော်ဖြေမှုဆိုင်ရာ အချက်အလက်တွေကို အလွယ်တကူ ရရှိနေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တယ်လီနောရဲ့ဝန်ဆောင်မှုတွေကို တစ်နေရာတည်းမှာ အလွယ်တကူ လေ့လာပြီး ကလစ်တစ်ခါနှိပ်ရုံနဲ့တင် အလွယ်တကူ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Joslin Myrthong က ပြောသည်။

ထို့အပြင် တယ်လီနော၏ အင်တာနက်နှင့် ဖုန်းပရိုမိုးရှင်းအစီအစဉ်များကိုလည်း အပလီကေးရှင်းအတွင်း ကြည့်ရှု၍ စိတ်ကြိုက်ဝယ်ယူနိုင်မည်ဖြစ်သည်။ အပလီကေးရှင်းမှတစ်ဆင့် အစီအစဉ်များ ဝယ်ယူလျှင် အသုံးပြုသူများအနေနှင့် ရမှတ်များစုဆောင်းနိုင်မည်ဖြစ်ပြီး အဆိုပါရမှတ်များဖြင့် ထပ်ဆောင်း packs များကို ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် အပလီကေးရှင်းကို စတင် စမ်းသပ်အသုံးပြုခွင့်ပေးချိန်မှစ၍ ယခုအချိန်အထိ Daily Gift အနေဖြင့် နေ့စဉ် 50mb အင်တာနက် အခမဲ့သုံးခွင့် ရနေခြင်းကလည်း WowBox app ကို လူကြိုက်များစေသော အဓိက အချက်တစ်ခုဖြစ်ကြောင်း အသုံးပြုနေသူများ၏ ပြောကြားချက်အရ သိရသည်။

WowBox ၏ တာဝန်ခံဖြစ်သူ Bjorn Thorstensen က "ဒီအပလီကေးရှင်းဟာ ပျော်ရွှင်ဖွယ်ကောင်းပြီး လူငယ်ဆန်တဲ့ လူနေမှုဘဝအတွက် ရည်ရွယ်ပါတယ်။ အပြိုးတွေကို သယ်ဆောင်လာခြင်းဆိုတဲ့ အပလီကေးရှင်းရဲ့ စိတ်ကူးစိတ်သန်းနဲ့ ကိုက်ညီစေဖို့အတွက် ကျွန်တော်တို့အနေနဲ့ သုံးစွဲသူတွေရဲ့အလေ့အထ အခြေပြုတဲ့ ဈေးကွက်ရှာဖွေရေးတွေကို လုပ်ဆောင်ခဲ့ပြီး ပြည်တွင်းမှာ ဖြစ်ပျက်နေတဲ့အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး လက်တွေ့လုပ်ဆောင်နိုင်မယ့် ဖြေရှင်းချက်တွေကို ပေးအပ်နေပါတယ်"ဟု ပြောသည်။

WowBox app ကို အသုံးပြုလိုသူများအနေဖြင့် Google Playstore (http://bit.ly/wowboxmm) သို့မဟုတ် တိုက်ရိုက် link (http://bit.ly/wowboxapp) တွင်လည်းကောင်း၊ မိမိတို့ တယ်လီနောဖုန်းများသို့ WowBox မှ ပေးပို့လာသော မက်ဆေ့တွင်ပါဝင်သည့် Link မှတစ်ဆင့်လည်းကောင်း အခမဲ့ ဒေါင်းလုပ်ရယူနိုင်မည်ဖြစ်သည်။

WowBox ကို ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင်လည်း နိုင်ငံအလိုက်ဘာသာစကားဖြင့် အသုံးပြုနေကြကာ ထိုနိုင်ငံများတွင် လက်ရှိသုံးစွဲသူပေါင်း ရှစ်သန်းကျော်ရှိနေပြီဖြစ်ကြောင်း၊ WowBox app သည် အပလီကေးရှင်းအတွင်း ပါဝင်သည့် အကြောင်းအရာများ၊ ဒီဂျစ်တယ် ဈေးကွက်ရှာဖွေရေးလှုပ်ရှားမှုများနှင့် ဆန်းသစ်သော ဒီဇိုင်းများကြောင့် ဆုချီးမြှင့်မှုများရရှိခဲ့သော အပလီကေးရှင်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**




# ဆမ်ဆောင်း Galaxy S8 နှင့် Galaxy S8+ စမတ်ဖုန်းသစ်များ စတင်မိတ်ဆက်

**ရန်ကုန် ဧပြီ ၇**
ဆမ်ဆောင်း၏ လူကြိုက်အများဆုံး စမတ်ဖုန်းစီးရီးစ်ဖြစ်သည့် Galaxy S စီးရီးစ်ထဲမှ နောက်ဆုံးထွက် မော်ဒယ်သစ်စမတ်ဖုန်းနှစ်မျိုးဖြစ်သည့် Galaxy S8 နှင့် S8+ တို့ကို ပြည်တွင်းဈေးကွက်သို့ ဧပြီ ၃ ရက်က တရားဝင် စတင်မိတ်ဆက်ခဲ့ပြီး ကြိုတင်မှာယူမှုများ လက်ခံနေပြီဖြစ်ကြောင်း သိရသည်။




Galaxy S8 နှင့် S8+ တို့တွင် နောက်ဆုံးပေါ် မိုဘိုင်းနည်းပညာများ၊ စုံလင်သော ဝန်ဆောင်မှုများ၊ အက်ပလီကေးရှင်းများနှင့် ထူးခြားကောင်းမွန်သော ရုပ်ထွက်အရည်အသွေးရရှိစေမည့် မျက်နှာပြင် အစရှိသည့် ဆန်းသစ်မှုများကို ထည့်သွင်းထားသည်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၈ လက်မရှိ Galaxy S8 နှင့် ၆ ဒသမ ၂ လက်မရှိ S8+ တို့တွင် အဆုံးအစမဲ့သော မျက်နှာပြင်နှင့် ဘေးဘောင်ဖျောက်ထားသော ဒီဇိုင်းများကြောင့် ခလုတ်နှင့် ထောင့်များ မပါဝင်တော့ဘဲ ချောမွေ့၍ အဆုံးအစမဲ့သော မျက်နှာပြင်ကို သုံးစွဲနိုင်မည်ဖြစ်ကာ ရုပ်ထွက်ပိုင်းကို အထူးကောင်းမွန်စေမည့်အပြင် ဖုန်း၏ လုပ်ဆောင်ချက်များစွာကိုလည်း အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ ဖုန်းများ၏ ရှေ့နောက်မျက်နှာပြင် နှစ်ဖက်စလုံးတွင် Corning Gorilla Glass 5 များကို အသုံးပြုထားသောကြောင့် အရည်အသွေးမြင့်မားသည်နှင့်အမျှ အကြမ်းခံနိုင်စွမ်းလည်း ရှိမည်ဖြစ်သည်။

Galaxy S8 နှင့် S8+ တို့တွင် အဆင့်မြှင့်တင်ထားမှုများအနေဖြင့် ကင်မရာပိုင်းတွင် အလင်းရောင်အားနည်းသည့်နေရာတွင် ရိုက်ကူးခြင်း၊ zoom ချုံ့ချဲ့ခြင်းတို့ ပြုလုပ်သော်လည်း အရည်အသွေးမြင့် ဓာတ်ပုံကောင်းများ ရရှိစေနိုင်မည့် လုပ်ဆောင်ချက်များပါဝင်သော အဆင့်မြှင့်တင်ထားသည့် 8MP ရှေ့ကင်မရာနှင့် 12MP ရှိ Dual Pixel နောက်ကင်မရာတို့ ပါဝင်သည်။ ဖုန်း၏ စွမ်းဆောင်ရည်ပိုင်းတွင် 10nm processor ကို ထည့်သွင်းပေးထားခြင်း၊ LTE ကွန်ရက်နှင့် Wi-Fi ချိတ်ဆက်မှုတို့ကို အဆင်သင့် ထည့်သွင်းပေးထားခြင်းတို့ကြောင့် သုံးစွဲသူများအနေဖြင့် ဖိုင်များ၏ အရွယ်အစားကို ထည့်သွင်းစဉ်းစားစရာမလိုဘဲ လွယ်ကူစွာ ဒေါင်းလုပ်ပြုလုပ်နိုင်မည်ဖြစ်သည်။

ထို့အပြင် ဖျော်ဖြေရေးပိုင်းတွင်လည်း Galaxy S8 နှင့် S8+ သည် ကမ္ဘာ့ပထမဆုံး MOBILE HDR PREMIUM ထုတ်ကုန်အဖြစ် UHD Alliance ၏ အသိအမှတ်ပြုထားခြင်းခံရသောကြောင့် သုံးစွဲသူများအနေဖြင့် စိုလွင်တောက်ပသော အရောင်နှင့် အလင်းအမှောင်ချိန်ညှိထားမှုများကို ကြည့်ရှုနိုင်မည့်အပြင် အဆင့်မြင့် ဂရပ်ဖစ်နည်းပညာနှင့် Vulkan API တို့ကြောင့် အဆင့်မြင့်ဂိမ်းများကို ကစားရာတွင်လည်း ထူးခြားသည့်အတွေ့အကြုံကို ရရှိစေနိုင်သည်။

ဖုန်း၏ လုံခြုံရေးပိုင်းတွင်လည်း Samsung Knox နည်းပညာကို အခြေခံ၍ ဖန်တီးထားပြီး လက်ဗွေရာစနစ်၊ iris scan စနစ်နှင့် မျက်နှာကိုမှတ်သားထားသည့်စနစ် အစရှိသည့် အဆင့်မြင့် လုံခြုံရေးစနစ်များ ပါဝင်ကာ သုံးစွဲသူများအနေဖြင့် မိမိအတွက် အသင့်တော်ဆုံးဖြစ်မည့် လုံခြုံရေးစနစ်နည်းလမ်းများကို အသုံးပြုနိုင်မည်ဖြစ်သည်။

"Galaxy S8 နဲ့ S8+ တွေမှာ သုံးစွဲသူတွေ သဘောကျနှစ်ခြိုက်တဲ့ ရေနဲ့ ဖုန်ဒဏ် ကာကွယ်နိုင်တဲ့ IP68 စနစ်၊ 256GB အထိ တိုးမြှင့်အသုံးပြုနိုင်တဲ့ Micro SD ပံ့ပိုးမှု၊ Always On Display နဲ့ လျင်မြန်တဲ့ ကြိုးမဲ့အားသွင်းစနစ် အစရှိတဲ့ အခြေခံ Galaxy လုပ်ဆောင်ချက်တွေ ပါဝင်မှာဖြစ်ပါတယ်"ဟု ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူ ကိုဇာနည်ဝင်းထက်က ပြောကြားသည်။

ထို့အပြင် ဖုန်းအသုံးပြုသူအား ကိုယ်ရေးလက်ထောက်အနေဖြင့် ကူညီပေးမည့် အသိဉာဏ်ရှိ Interface တစ်ခု ဖြစ်သည့် Bixby လည်း Galaxy S8 နဲ့ S8+ တို့တွင် ပါဝင်ပြီး Bixby မှတစ်ဆင့် ဖုန်းအတွင်းရှိ ဝန်ဆောင်မှုများနှင့် apps များကို အသံဖြင့်လည်းကောင်း၊ ဖုန်းမျက်နှာပြင်ကို ထိခြင်းနှင့် စာရိုက်ခြင်းတို့ဖြင့်လည်းကောင်း ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ဖုန်းစဖွင့်သည်နှင့် Bixby ၏ အသံလုပ်ဆောင်ချက်သည် Camera၊ Contacts၊ Gallery၊ Messages နှင့် Settings စသည့် Samsung ဖုန်းအတွင်း ပါရှိသော apps များကို ထိန်းချုပ်နိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ကျန်ရှိသော Samsung apps များနှင့် အခြား apps များကိုပါ အသုံးပြုနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ Bixby ၏ Contexual အသိအမြင်စွမ်းရည်သည် ဖုန်းအသုံးပြုသူ၏ ဝါသနာ၊ အခြေအနေနှင့် နေရာ စသည်တို့အပေါ်မူတည်၍ အကူအညီများ ပေးစွမ်းနိုင်မည်ဖြစ်ပြီး သုံးစွဲသူများသည် ဈေးဝယ်ခြင်း၊ ရုပ်ပုံများရှာဖွေခြင်း၊ အနီးအနားရှိနေရာများ၏ အသေးစိတ်များကို ရှာဖွေခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့အတူ Bixby သုံးစွဲသူများ တိုးပွားလာသည်နှင့်အမျှ ဖုန်းများ၊ apps များနှင့် ဝန်ဆောင်မှုများအားလုံးကို နေရာမရွေး ချိတ်ဆက်ပေးနိုင်မည့် Interface တစ်ခု ဖြစ်လာပြီး သုံးစွဲသူများအနေဖြင့် ပိုမိုလွယ်ကူအဆင်ပြေသော ဖုန်းသုံးစွဲမှု အတွေ့အကြုံအသစ်များကို ခံစားနိုင်မည်ဖြစ်သည်။

ထို့အပြင် Galaxy S8 နှင့် S8+ တို့ကို VR Device များ ချိတ်ဆက်သုံးစွဲခြင်း၊ အရည်အသွေးမြှင့်တင်ထားသော processing power ကို အသုံးပြုပြီး ဖုန်းကို ကွန်ပျူတာတစ်လုံးသုံးနေရသကဲ့သို့ လုပ်ဆောင်ပေးနိုင်ခြင်း စသည့် လုပ်ဆောင်ချက်များကိုလည်း အသုံးပြုနိုင်မည်ဖြစ်သည်။

Galaxy S8 နှင့် S8+ ကို ဧပြီ ၃ ရက်မှ ၃၀ ရက်အထိအတွင်း ပစ္စည်းလက်ကျန်ရှိသည်အထိ ကြိုတင်မှာယူနိုင်မည်ဖြစ်ပြီး ရန်ကုန်၊ မန္တလေး အပါအဝင် မြို့ကြီး ၃၆ မြို့တွင်ရှိသော ဆမ်ဆောင်းအရောင်းပြခန်းများနှင့် အရောင်းမြှင့်တင်ရေးဆိုင်များတွင် စရန်ငွေ ကျပ် ငါးသောင်းပေးသွင်း၍ မှာယူရမည်ဖြစ်ကာ မှာယူထားသောဖုန်းများကို မေ ၆ ရက်မှ ၂၀ ရက်အတွင်း သတ်မှတ်ထားသော အရောင်းဆိုင်များ၌ ထုတ်ယူရမည်ဖြစ်သည်။ ကြိုတင်မှာယူသူများနေဖြင့် ကျပ်တစ်သိန်းတန်ဖိုးရှိ လက်ဆောင်ပစ္စည်းများဖြစ်သော ဖုန်းကာဗာ၊ မှန်ကပ်၊ ကြိုးမဲ့အားသွင်းခုံနှင့် micro USB cable တို့ကို ပစ္စည်းအရေအတွက် ကန့်သတ်ချက်ဖြင့် ရရှိမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြင်ပတွင် ဝယ်ယူပါက ဒေါ်လာ ၁၀၀ ခန့် ကျသင့်နိုင်သည့် စွမ်းဆောင်ရည်မြင့် AKG by Harman နားကြပ်လည်း တွဲဖက်ပစ္စည်းတစ်ခုအဖြစ် ပါဝင်မည်ဖြစ်ကြောင်း၊ ထို့အတူ MPT နှင့် ပူးပေါင်း၍လည်း MPT ၏ Special Packages များကို အခမဲ့ရယူသုံးစွဲနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကာ အသေးစိတ်ကို ထပ်မံထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

ကြိုတင်မှာယူခြင်းမရှိဘဲ ဝယ်ယူလိုပါက မေ ၁၂ ရက်မှစ၍ တစ်နိုင်ငံလုံးတွင် ဝယ်ယူနိုင်မည်ဖြစ်ပြီး ကိုယ်ထည်အရောင်များမှာ အနက်ရောင်၊ ရွှေရောင်နှင့် မီးခိုးရောင်တို့ဖြစ်ကာ ဈေးနှုန်းမှာ S8 အတွက် ကျပ် ၁၀၆၀၀၀၀ နှင့် S8+ က ကျပ် ၁၁၉၀၀၀၀ ဖြစ်သည်။

**သူရဖြိုး**

# အွန်လိုင်းမှတစ်ဆင့် ကားရောင်းဝယ်ခြင်းများကို သိရှိစေရန် Motors.com.mm မှ ကမ်ပိန်းပြုလုပ်

**ရန်ကုန် ဧပြီ ၇**
မြန်မာနိုင်ငံတွင် လူသိများသည့် အွန်လိုင်းအခြေပြု ကားရောင်းဝယ်ရေးဝန်ဆောင်မှုတစ်ခုဖြစ်သော Motors.com.mm ဝက်ဘ်ဆိုက်က ကြီးမှူး၍ ဒုတိယအကြိမ်မြောက် Motors Awareness Campaign ကို မော်လမြိုင်မြို့ Strand Road Event Park ၌ မတ် ၃၀ ရက်က ကျင်းပခဲ့ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နည်းပညာများနှင့်အညီ Motors.com.mm အွန်လိုင်းဝန်ဆောင်မှုမှတစ်ဆင့် ကားအကြောင်းများ လေ့လာခြင်း၊ ကားရောင်းဝယ်ခြင်းများ အပါအဝင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာများ တိုးပွားလာစေရန် ပညာပေးခြင်း၊ နောက်ဆုံးပေါ် မော်တော်ယာဉ်နည်းပညာများ၊ ယာဉ်ထိန်းသိမ်းမှုဆိုင်ရာ နည်းပညာများကို မိတ်ဆက်ရှင်းလင်းခြင်း၊ မော်တော်ယာဉ်အာမခံထားရှိခြင်း၊ အရစ်ကျငွေပေးချေမှုစနစ်ဖြင့် မော်တော်ယာဉ်ဝယ်ယူခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ Motors Awareness Campaign တွင် Motors.com.mm မှ တာဝန်ရှိသူ ဦးညိုသွေးနိုင်က Motors.com.mm ဝက်ဘ်ဆိုက်နှင့် အပလီကေးရှင်းကို အသုံးပြု၍ အင်တာနက်အခြေပြု ယာဉ်ရောင်းဝယ်ပုံအကြောင်းကို ရှင်းလင်းတင်ဆက်ခဲ့ပြီး AYA ဘဏ်မှ တာဝန်ရှိသူများကလည်း အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ယာဉ်ဝယ်ယူမှုအကြောင်းကို သရုပ်ပြခဲ့ကြသည်။

**သူရဖြိုး**

# အပင်မျိုးဗီဇအရင်းအမြစ်များ(Plant Genetic Resources)အရေးပါပုံနှင့်မျိုးစေ့ဘဏ်၏အခန်းကဏ္ဍ

ဆောင်းပါး-ဒေါက်တာဥမ္မာစော

**၁။ နေ့စဉ်လူနေမှုဘဝ**

ကျွန်မတို့ လူသားများဟာ နံနက်အိပ်ရာနိုးထချိန်ကစလို့ တစ်နေ့တာကုန်ဆုံးပြီး အိပ်စက်နားနေချိန်အထိ အပင်များဆီက ရရှိလာတဲ့ အသုံးအဆောင်ပစ္စည်းများနဲ့ ကင်းကွာပြီး မနေနိုင်ပါဘူး။ စဉ်းစားကြည့်လိုက်ပါ။ အိပ်ရာနိုးလို့ မျက်နှာသစ်ပြီဆိုရင်ပဲ အသုံးပြုတဲ့ဆပ်ပြာဟာ ဆီအုန်းပင်ကရတဲ့အဆီနဲ့ ပြုလုပ်ထားပါတယ်။ ပြီးတော့ မျက်နှာသုတ်ပဝါကိုလည်း ဝါဂွမ်းပင်ကရတဲ့ ဝါဂွမ်းချည်နဲ့ ရက်လုပ်ထားတာပါ။ မနက်စာစားပြီဆိုပါတော့။ ထမင်း၊ ပေါင်မုန့်၊ လက်ဖက်ရည်၊ မုန့်ဟင်းခါး၊ အီကြာကွေး စသည်ဖြင့် ဘာပဲစားစား ဒီအစားအစာတွေဟာ စပါးပင်၊ ဂျုံပင်တွေက ရတာပါ။ ကဲ နို့တို့၊ အသားတို့၊ ကြက်ဥတို့ကျတော့ရော။ တိရစ္ဆာန်တွေဆီက ရတယ်ဆိုပေမယ့် သူတို့ဟာ အပင်အစေ့အဆန်တွေကိုစားပြီး အသက်ရှင်ရတာမို့ တစ်နည်းအားဖြင့် အပင်တွေဟာ သွယ်ဝိုက်သောနည်းနဲ့ လူတွေကို အာဟာရဖြည့်တင်းပေးနေပါတယ်။ အလုပ်သွားဖို့ ကားစီးကြမယ်၊ ဆိုင်ကယ်စီးကြမယ် ဆိုပါတော့။ ဒီကားတွေ၊ ဆိုင်ကယ်တွေ မောင်းနှင်ဖို့အတွက် အသုံးပြုတဲ့ ဓာတ်ဆီကလည်း နှစ်ပေါင်းများစွာက အပင်တွေရဲ့ ရုပ်ကြွင်းတွေကတစ်ဆင့် ရရှိတာပါ။ ပြီးတော့ မော်တော်ကားတာယာ၊ ဆိုင်ကယ်တာယာတွေကို ရော်ဘာပင်ကရတယ်ဆိုတာ လူတိုင်းသိထားကြပြီးဖြစ်ပါတယ်။ ဒါဟာ အပင်တွေက လူတွေရဲ့ နေ့စဉ်လူနေမှုဘဝအတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတဲ့အကြောင်း ဥပမာ အနည်းငယ်ပါ။

**၂။ စားနပ်ရိက္ခာလိုအပ်ချက်နှင့် အပင်မျိုးဗီဇအရင်းအမြစ်များ**

ကမ္ဘာ့လူဦးရေ တိုးတက်နှုန်းဟာ မြန်ဆန်လာတဲ့အတွက် ၂၁ ရာစုအကုန်လောက်မှာဆိုရင် ယခုလက်ရှိလူဦးရေထက် နှစ်ဆ၊ သုံးဆဖြစ်လာနိုင်ပါတယ်။ ဒီလိုလူဦးရေတိုးပွားလာတဲ့အတွက် စားနပ်ရိက္ခာ လိုအပ်ချက်ဟာလည်း ပိုမိုလာမှာဖြစ်ပြီး နောင်အနှစ် ၅၀ အတွင်းမှာ လက်ရှိထုတ်လုပ်မှုထက် ၇၅ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်နိုင်မှသာ တိုးပွားလာတဲ့လူဦးရေကို အာဟာရဖြည့်တင်းပေးနိုင်မှာဖြစ်တယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး( FAO)မှ ခန့်မှန်းထားပါတယ်။ တစ်ချိန်တည်းမှာပဲ လူတွေရဲ့လူနေမှုဘဝ မြင့်တက်လာမှုကြောင့်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ယဉ်ကျေးမှု ကူးလူးဆက်သွယ်မှုကြောင့်လည်းကောင်း လူတွေဟာ အစားအသောက်အမျိုးအမည် ပိုမိုစုံလင်စွာ စားသောက်လာကြတဲ့အတွက်ကြောင့် သီးနှံအမျိုးအမည် ပိုမိုစုံလင်စွာရရှိဖို့ လိုအပ်လာပါတယ်။

ဒီလို လိုအပ်ချက်တွေကို ဖြည့်တင်းပေးနိုင်ဖို့အတွက် သီးနှံဗီဇကွဲမျိုးစုံကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ဖို့ လိုအပ်လာသလို သီးနှံအထွက်နှုန်း မြင့်မားရန်အတွက်လည်း အထွက်နှုန်းပိုမိုကောင်းမွန်တဲ့ သီးနှံမျိုးသစ်တွေ တီထွင်ထုတ်လုပ်ဖို့ လိုအပ်လာပါတယ်။

အရည်အသွေးနဲ့ အထွက်နှုန်းကောင်းမွန်တဲ့ သီးနှံမျိုးသစ်တွေရရှိအောင် မျိုးကူးစပ်မွေးမြူရာမှာ သီးနှံမျိုးရိုင်းနဲ့ ဒေသမျိုးတွေကို အသုံးပြုရပါတယ်။ ဒေသမျိုးများနဲ့ သီးနှံမျိုးရိုင်းများဟာ အထွက်နှုန်းကောင်းမွန်မှုမရှိသော်လည်း ဘိုးဘေးစဉ်ဆက်စိုက်ပျိုးခဲ့ကြတဲ့အတွက် စိုက်ပျိုးပေါက်ရောက်ရာဒေသရဲ့ရာသီဥတု ရေမြေသဘာဝနဲ့ ကိုက်ညီတဲ့အပြင် ပိုးမွှားဒဏ်၊ ရောဂါဒဏ်၊ ရေငတ်ဒဏ်၊ ရေဝပ်ဒဏ် အလားတူ သဘာဝဘေးအန္တရာယ်တွေကို ခံနိုင်ရည်ရှိတဲ့ ဗီဇလက္ခဏာကောင်းတွေ ကိန်းအောင်းသယ်ဆောင်ထားပါတယ်။ ယခုလက်ရှိ စိုက်ပျိုးနေတဲ့ အထွက်နှုန်းကောင်း သီးနှံမျိုးများဟာ ဒေသသီးနှံမျိုးများကို အဆင့်ဆင့် မျိုးကူးစပ်ရွေးချယ်ရင်းကနေ ရရှိလာတာဖြစ်ပါတယ်။ အရည်အသွေးကောင်းမျိုးသစ်တစ်မျိုး ရရှိဖို့အတွက် သီးနှံမျိုးစိတ်တစ်မျိုးမှာ ဗီဇကွဲမျိုးပေါင်း မြောက်မြားစွာရှိနေမှသာ ရှိတဲ့မျိုးကွဲများစွာထဲက အသင့်တော်ဆုံးမျိုးများကို ရွေးချယ်မျိုးစပ်နိုင်မှာဖြစ်ပါတယ်။

အထွက်နှုန်းကောင်း သီးနှံမျိုးတစ်မျိုးတည်းကိုသာ ကာလကြာရှည်စွာ၊ နေရာကျယ်ပြန့်စွာ စိုက်ပျိုးခဲ့ပါက ထိုသီးနှံဟာ မျိုးဗီဇ အားနည်းချို့ယွင်းလာမှာဖြစ်ပြီး ရောဂါပိုးမွှားဒဏ် ခံနိုင်ရည်မဲ့လာမှာ ဖြစ်ပါတယ်။ ရောဂါပိုးမွှားကျရောက်လို့ များစွာပျက်စီးဆုံးရှုံးရမှာဖြစ်ပါတယ်။ ဥပမာ အမေရိကန်ပြည်ထောင်စုမှာ ၁၉၇၀ နှစ်များက စပ်မျိုးပြောင်း မျိုးတစ်မျိုးတည်းကိုသာ အကျယ်အပြန့် စိုက်ပျိုးခဲ့ကြတဲ့အတွက် ပြောင်ဖူးရွက်ခြောက်ရောဂါ ကျရောက်မှုကြောင့် များစွာထိခိုက်ပျက်စီးခဲ့ရပါတယ်။ ဒါကြောင့် သိပ္ပံပညာရှင်တွေဟာ ဒေသမျိုးများနဲ့ သီးနှံမျိုးရိုင်းများရဲ့ကောင်းမွန်တဲ့ဗီဇတွေကို ရှာဖွေဖော်ထုတ်မျိုးစပ်ပြီး သီးနှံမျိုးသစ်များကို ဖန်တီးလာကြပါတယ်။

**၃။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အပင်မျိုးဗီဇအရင်းအမြစ်**

ကမ္ဘာ့လူဦးရေ တိုးတက်လာတဲ့အတွက်ကြောင့် လူသားတို့လိုအပ်ချက်များ ဖြည့်ဆည်းရန်အတွက် သစ်တောများကို ခုတ်ထွင်ခြင်း၊ ရေအရင်းအမြစ်များ အလွန်အကျွံသုံးစွဲခြင်းကဲ့သို့ အမျိုးမျိုးသော သဘာဝအရင်းအမြစ်များကို မဆင်မခြင် သုံးစွဲဖျက်ဆီးခြင်းဖြင့် ကမ္ဘာမြေကြီး၏ သဘာဝမျှခြေမှာလည်း ပိုမိုယိုယွင်းလာ သောကြောင့် ကမ္ဘာ့ရာသီဥတုမှာ ပိုမိုဖောက်ပြန်လာပါတယ်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် မိုးခေါင်ရေရှားမှုဒဏ်ကို ကမ္ဘာ့နေရာအနှံ့အပြားမှာ ခံစားကြုံတွေ့လာရသလို ပြင်းထန်တဲ့ မုန်တိုင်းတွေဒဏ်ကိုလည်း ယခင်က မကြုံတွေ့ခဲ့ရတဲ့ ဒေသတွေမှာပါ ကြုံတွေ့ထိခိုက်ခံခဲ့ကြရပါပြီ။ သဲကန္တာရများဖြစ်ထွန်းခြင်း၊ သစ်တောပြုန်းတီးခြင်း၊ မြေဆီလွှာတိုက်စားခံရခြင်း၊ ပိုးသတ်ဆေးနဲ့ အခြား ဓာတုဆေးဝါးများကို အလွန်အကျွံသုံးစွဲခြင်းစတဲ့ လူသားတို့ရဲ့မဆင်ခြင်မှုကြောင့် ရရှိတဲ့ ဒဏ်ရာများနှင့်လည်း ကမ္ဘာကြီးဟာ နာမကျန်းဖြစ်နေပါပြီ။




စပါးရိုင်းဗီဇကွဲမျိုးများ

ဒီဒဏ်ရာတွေကို တစ်ဖက်တစ်လမ်းက ကုစားနိုင်ဖို့အတွက် အပင်ဗီဇ အရင်းအမြစ်တွေကို အသုံးပြုရမှာ ဖြစ်ပါတယ်။ ပညာရှင်တွေဟာ ရေငတ်ဒဏ်၊ ရေဝပ်ဒဏ်၊ ဆားငန်ဒဏ်စတဲ့ သဘာဝအန္တရာယ်ကို ခံနိုင်ရည်ရှိတဲ့၊ ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိတဲ့၊ အာဟာရအနည်းငယ် ကျွေးရုံမျှဖြင့် အထွက်နှုန်းကောင်းတဲ့ သီးနှံဗီဇမျိုးကွဲတွေကို စူးစမ်းရှာဖွေဖော်ထုတ်ပြီး ပိုမိုကောင်းမွန်ပြီး လက်ရှိကမ္ဘာကြီးနဲ့ သဟဇာတဖြစ်မယ့် မျိုးသစ်တွေကို ဖော်ထုတ်လျက် ရှိနေပါတယ်။

**၄။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အထောက်အကူ**

ယနေ့အခါမှာ လူဦးရေသန်းပေါင်းများစွာဟာ တစ်နေ့လျှင် ဝင်ငွေတစ်ဒေါ်လာအောက်သာ ရရှိပါတယ်။ ဆင်းရဲနွမ်းပါးမှုကို ကျေးလက်နေပြည်သူများသာမက မြို့ပြနေပြည်သူများပါ ခံစားနေရပါတယ်။ ဆင်းရဲမှုရဲ့ နောက်ဆက်တွဲအဖြစ် အာဟာရမပြည့်ဝမှု၊ ရောဂါဘယထူပြောမှု၊ အကြမ်းဖက်မှု၊ ပညာမတတ်မြောက်မှုစတဲ့ လူမှုရေးပြဿနာတွေ ဆက်နွှယ်လာပါတယ်။

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အပင်ဗီဇအရင်းအမြစ်တွေဟာ အကူအညီပေးနိုင်ပါတယ်။ ပုံမှန်စိုက်နေကျ သီးနှံများအပြင် အခြားသီးနှံမျိုးစိတ်များကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ သစ်တောထွက်ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုခြင်းဖြင့်လည်းကောင်း ဝင်ငွေပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။ ဝါးပင်နှင့်ကြိမ်ပင်ဟာ ဥပမာကောင်းတစ်ခု ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ ဝါးနှင့်ကြိမ်မှရရှိတဲ့ ဝင်ငွေဟာ တစ်နှစ်လျှင် ဒေါ်လာသန်းပေါင်း ၁၁၀၀၀ ကျော် ရှိပါတယ်။ အာရှ၊ အာဖရိက၊ လက်တင်အမေရိကနဲ့ ကရစ်ဘီယံဒေသမှ လူသန်းပေါင်းများစွာကိုလည်း ဝါး၊ ကြိမ်လုပ်ငန်းများမှ အလုပ်အကိုင်ပေးနိုင်ပါတယ်။ သို့သော်လည်း ဝါး၊ ကြိမ် မျိုးစိတ်များကို ထိန်းသိမ်းဖို့၊ ပြန်လည်စိုက်ပျိုးဖို့နဲ့ သုတေသနပြုဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ ရေရှည်အသုံးပြုသွားနိုင်မှာဖြစ်ပါတယ်။




မျိုးစေ့ဘဏ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်း

**၅။ အပင်မျိုးဗီဇအရင်းအမြစ်တွေ ဘာကြောင့် လျော့ပါးပျောက်ကွယ်လာရသလဲ**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ တိုးပွားလာတဲ့ လူဦးရေကို စားနပ်ရိက္ခာဖြည့်ဆည်းပေးနိုင်ဖို့ အထွက်နှုန်းကောင်းတဲ့ သီးနှံမျိုးသစ်များကို အစားထိုးစိုက်ပျိုးလာကြတဲ့အတွက် ရှေးယခင်ကတည်းက စိုက်ပျိုးလာကြတဲ့ တောင်သူတွေရဲ့ ဒေသမျိုးတွေဟာ တစ်စတစ်စ လျော့ပါးပျောက်ကွယ် ဆုံးရှုံးလျက်ရှိပါတယ်။ တိုးပွားလာတဲ့လူဦးရေအတွက် မြို့ပြဧရိယာ တိုးချဲ့တာတွေကြောင့်လည်း အပင်မျိုးဗီဇကွဲတွေ သီးနှံမျိုးရိုင်းတွေ ပျောက်ကွယ်ရသလို၊ ပြောင်းလဲလာတဲ့ ကမ္ဘာ့ရာသီဥတုကြောင့် ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်းစတဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့်လည်း သီးနှံဗီဇ အရင်းအမြစ်များဟာ ဆုံးရှုံးပျောက်ကွယ်ခဲ့ရပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့အတိုင်း သီးနှံဗီဇအရင်းအမြစ်တွေဟာ လူသားတို့ ရှင်သန်ရပ်တည်ဖို့အတွက် လွန်စွာမှ အရေးကြီးလှပါတယ်။ ဒီဗီဇအရင်းအမြစ်တွေကို မပျောက်ကွယ်ခင် အချိန်မီထိန်းသိမ်းဖို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပညာရှင်တွေက ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။

**၆။ ဘယ်လို ထိန်းသိမ်းကြမလဲ**

အပင်မျိုးဗီဇအရင်းအမြစ်များကို မပျောက်ကွယ် မဆုံးရှုံးရအောင် ထိန်းသိမ်းရာမှာ နည်းလမ်းနှစ်မျိုးနဲ့ ဆောင်ရွက်ကြပါတယ်။ ပထမနည်းလမ်းကတော့ သဘာဝအတိုင်းထိန်းသိမ်းခြင်း (in situ conservation) ဖြစ်ပါတယ်။ ဒီနည်းလမ်းမှာ သီးနှံမျိုးရိုင်းများကို မူလပေါက်ရောက်ရာ သဘာဝပတ်ဝန်းကျင်မှာ ထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့ ဒေသမျိုးများကို မူလစိုက်ပျိုးရာဒေသတွင် စိုက်ပျိုးထိန်းသိမ်းခြင်းတို့ ပါဝင်ပါတယ်။ ဒုတိယနည်းလမ်းကတော့ ပြုပြင်ဖန်တီးထားသောပတ်ဝန်းကျင်မှာ ထိန်းသိမ်းခြင်း(ex situ conservation) ဖြစ်ပါတယ်။ ဒီနည်းလမ်းမှာတော့ ရုက္ခဗေဒဥယျာဉ်များမှာ အပင်မျိုးဗီဇ အရင်းအမြစ်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊ မျိုးဗီဇဘဏ်(Gene Bank)များတွင် မျိုးစေ့၊ အပင်၊ အပင်အစိတ်အပိုင်း၊ ဆဲလ်၊ တစ်သျှူး၊ DNA များကို ထိန်းသိမ်းခြင်းတို့ ဖြစ်ပါတယ်။ အထိရောက် အလွယ်ကူဆုံး ထိန်းသိမ်းနည်းကတော့ မျိုးစေ့များကို ထိန်းသိမ်းခြင်းဖြစ်ပါတယ်။



နှံစားပြောင်းဗီဇကွဲမျိုးများ

**၇။ မြန်မာနိုင်ငံ၏အပင်မျိုးဗီဇ အရင်းအမြစ်များ ထိန်းသိမ်းအသုံးချမှု လက်ရှိ အခြေအနေ**

မြန်မာနိုင်ငံဟာ သီးနှံစုံ မျိုးဗီဇကွဲများ ကြွယ်ဝတဲ့နိုင်ငံ ဖြစ်ပါတယ်။ စပါး၊ သရက်၊ ငှက်ပျော စတဲ့သီးနှံများရဲ့ မျိုးရိုင်းများနဲ့ ဒေသမျိုးကွဲပေါင်း အမြောက်အမြားဟာ နိုင်ငံအဝန်းမှာ ပျံ့နှံ့ပေါက်ရောက် စိုက်ပျိုးဆဲဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံဟာ ဆန်စပါး စတင်ဖြစ်ပေါ်ရာဒေသနဲ့ စပါးမျိုးဗီဇကွဲပေါင်းများစွာ တွေ့ရှိရတဲ့ ဒေသများထဲမှာ ပါဝင်ပါတယ်။

- မြန်မာနိုင်ငံ၏သီးနှံနှင့် မျိုးဗီဇကွဲများကို ပျောက်ဆုံးမှုမရှိစေရန် စနစ်တကျ ကာကွယ်ထိန်းသိမ်းရန်၊
- မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံစေရေးနှင့် ရေရှည်တည်တံ့သော လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် သီးနှံနှင့် မျိုးဗီဇကွဲများကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်၊
- သီးနှံမျိုးဗီဇကွဲများ၊ မျိုးဗီဇကွဲများနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို ပြည်တွင်းပြည်ပရှိ အသုံးပြုလိုသော သုတေသနပညာရှင်များနှင့် အဖွဲ့အစည်းများသို့ ဖြန့်ဝေအလဲအလှယ်ပြုရန်

စတဲ့ ရည်ရွယ်ချက်များနဲ့ မြန်မာနိုင်ငံ မျိုးစေ့ဘဏ်ကို ၁၉၉၀ပြည့်နှစ်မှာ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)ရဲ့ အကူအညီနဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်း၊ နေပြည်တော်မှာ တည်ဆောက်ခဲ့ပါတယ်။

မျိုးစေ့ဘဏ်မှ သုတေသနပညာရှင်တွေဟာ မြန်မာနိုင်ငံ ဒေသအနှံ့အပြားမှာ စိုက်ပျိုးနေတဲ့ မိရိုးဖလာ ဒေသမျိုးတွေ၊ သဘာဝအတိုင်းပေါက်ရောက်နေတဲ့ သီးနှံမျိုးရိုင်းတွေကို မပျောက်ကွယ်မီ ထိန်းသိမ်းနိုင်ရန် ဒေသအသီးသီးကိုသွားပြီး ရှာဖွေစုဆောင်းရပါတယ်။ ယခုအချိန်မှာ သီးနှံမျိုးကွဲပေါင်း ၂၄ မျိုး၊ သီးနှံအလိုက် ဗီဇမျိုးကွဲပေါင်း ၁၇၀၀၀ ကျော် ရှာဖွေစုဆောင်းထားပြီး ဖြစ်ပါတယ်။

ဒေသအသီးသီးမှ ရှာဖွေစုဆောင်းရရှိတဲ့ သီးနှံဗီဇကွဲမျိုးများ၊ မျိုးရိုင်းများကို သီးနှံအလိုက် စိုက်ပျိုးရာသီအလိုက် စိုက်ပျိုးပြီး သီးနှံဗီဇကွဲမျိုးအလိုက် ရုပ်သွင်ပြင်လက္ခဏာတွေကို အသေးစိတ် မှတ်တမ်းကောက်ယူရပါတယ်။ ဒီလို မှတ်တမ်းတင်ထားရှိမှသာ ဘယ်မျိုးဟာ ဘယ်လို ထူးခြားတဲ့လက္ခဏာရှိတယ် ဆိုတာကို သိရှိနိုင်မှာဖြစ်ပြီး မျိုးကူးစပ်ရာမှာ အထောက်အကူပေးနိုင်မှာဖြစ်ပါတယ်။

အရည်အချင်းနဲ့ အရည်အသွေး လက္ခဏာမှတ်တမ်း အပြည့်အစုံရပြီးတဲ့ သီးနှံမျိုးများကို နှစ်တိုနှင့် နှစ်လတ် အအေးခန်းများမှာ သိုလှောင်သိမ်းဆည်းပါတယ်။ နှစ်လတ်အအေးခန်းဟာ အပူချိန် 5°C၊ စိုထိုင်းဆ ၃၀-၄၀ ရာခိုင်နှုန်း ထားရှိပြီး သီးနှံမျိုးစေ့များကို နှစ် ၂၀-၃၀ အထိ အပင်ပေါက်ရာခိုင်နှုန်းမပျက် ထိန်းသိမ်းပေးနိုင်ပါတယ်။

နှစ်တိုအအေးဟာ အပူချိန် 10°C ၊ စိုထိုင်းဆ ၃၀-၄၀ ရာခိုင်နှုန်းရှိပြီး သီးနှံမျိုးစေ့များကို သုံးနှစ်မှ ငါးနှစ်အထိ ထိန်းသိမ်းပေးနိုင်ပါတယ်။ ယခုအချိန်အထိ နှစ်လတ်အအေးခန်းမှာ စပါး၊ ဂျုံ၊ ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ အစရှိတဲ့ သီးနှံဗီဇကွဲမျိုးပေါင်း ၁၁၉၁၆ မျိုး၊ နှစ်တိုအအေးခန်းမှာ ၁၁၆၇၆ မျိုး စုဆောင်းထိန်းသိမ်းထားပြီး ဖြစ်ပါတယ်။

နိုင်ငံရဲ့မျိုးဗီဇအရင်းအမြစ်များကို နေရာတစ်ခုတည်းမှာပဲ စုပုံထိန်းသိမ်းထားပါက လျှပ်စစ်ပြတ်တောက်ခြင်း... ငလျင်လှုပ်ခြင်း၊ မီးလောင်ခြင်းစတဲ့ မမျှော်လင့်သော သဘာဝဘေးအန္တရာယ်တွေ ကျရောက်ခဲ့ပါလျှင် ပျက်စီးဆုံးရှုံးသွားနိုင်တဲ့ အန္တရာယ်ရှိတာကြောင့် မြန်မာနိုင်ငံမျိုးစေ့ဘဏ်မှာရှိတဲ့ စပါး၊ ပဲ၊ ငှက်ပျော သီးနှံမျိုးတချို့ကို ပွားများပြီး နေရာခွဲသိုလှောင်ခြင်းကို နော်ဝေနိုင်ငံ Svalboud ရှိ Global Seed Vault၊ ဖိလစ်ပိုင်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)၊ ကိုလံဘီယာနိုင်ငံရှိ CIAT Gene Bank များမှာ ခွဲပြီးတော့ သိုလှောင်ထားပါတယ်။ သုတေသနပညာရှင်တွေ၊ စာတမ်းပြုစု သုတေသနပြုလုပ်မည့် ကျောင်းသားတွေ တောင်းခံလာတဲ့ အလိုရှိရာ မျိုးစေ့များကိုလည်း မြန်မာ့မျိုးစေ့ဘဏ်မှ ဖြန့်ဝေလျက်ရှိပါတယ်။ ဒီလိုဖြန့်ဝေရာ တစ်ကြိမ်ကို အများဆုံး ၂၀ ဂရမ် ဖြန့်ဝေပေးပါတယ်။ သီးနှံမျိုးမွေးမြူသူပညာရှင်များ မျိုးမွေးမြူရေးသုတေသနလုပ်ငန်းတွေမှာ အဆင်သင့် အသုံးပြုနိုင်ဖို့အတွက် အရေးကြီးသော ဗီဇလက္ခဏာပါတဲ့ မျိုးဗီဇကွဲများကို ဖော်ထုတ်နိုင်ရန် အကြိုမျိုးမွေးမြူရေးသုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ သီးနှံဗီဇကွဲမျိုးများ မပြုန်းတီးရေး၊ ထိန်းသိမ်းရေးနဲ့ ရေရှည်ထိရောက်စွာ အသုံးချနိုင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**၈။ ပြည်သူလူထုပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မှု**

ယခုဆောင်းပါးကို ဖတ်ရှုမိသူ ပြည်သူလူထုအနေဖြင့် သီးနှံဗီဇအရင်းအမြစ်များ၏ အရေးပါပုံကို သိရှိနားလည်ပြီး မိမိဒေသအတွင်းရှိ ထိန်းသိမ်းလိုသော သီးနှံဗီဇကွဲမျိုးများအား ထိန်းသိမ်းခြင်းကို မျိုးစေ့ဘဏ်နှင့်အတူ ပူးပေါင်းဆောင်ရွက်လိုပါက သီးနှံမျိုးစေ့များကို မျိုးအမည်၊ တောင်သူအမည်၊ စိုက်ပျိုးရာဒေသ၊ မြို့ ရွာ စသည့် မှတ်တမ်းနှင့်တကွ မျိုးစေ့ဘဏ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်း၊ နေပြည်တော်သို့ ပေးပို့နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါတယ်။ ။

# သာစည်-ညောင်ရမ်းလမ်းမကြီးအား ကတ္တရာလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်မည်

**သာစည် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အတွင်းရှိ သာစည်-ညောင်ရမ်း လမ်းမကြီးကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံတကာအကူအညီအထောက် အပံ့ဖြင့် ကတ္တရာလမ်းခင်းကျင်းသွားမည်ဟု သိရသည်။

သာစည်-ညောင်ရမ်း လမ်းမကြီးတွင် လမ်းအရှည် ရှစ်မိုင်ရှိသည့်အနက် သာစည်နှင့် မင်းလှကျေးရွာအနီးတွင် တစ်ဖာလုံခန့် ကတ္တရာလမ်း ခင်းကျင်းထားပြီးဖြစ်သည်။ ကျန်လမ်းမိုင် အရှည် ခုနစ်မိုင် ခုနစ်ဖာလုံကို ကျောက်ချောလမ်းခင်းကျင်းထားပြီးဖြစ်ရာ ယခုအခါ အဆိုပါလမ်းပိုင်းမှာ တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှုကြောင့် လမ်းပိုင်းအချို့မှာ ပျက်စီးနေပြီဖြစ်ကြောင်း သိရသည်။ ယင်းလမ်းမကြီးမှတစ်ဆင့် ကျေးလက်ပြည်သူ အများစုသည် သာစည်- မိတ္ထီလာ-မန္တလေး- တောင်ကြီး-ကျိုင်းတုံမြို့များအထိ ကူးလူးသွားလာနိုင်ကြသည်။



အဆိုပါ လမ်းမကြီးကို ကွန်ကရစ်လမ်း (သို့မဟုတ်) ကတ္တရာလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဧပြီ ၃ ရက်က ကျင်းပသော ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့တွင် သာစည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း၏ မေးမြန်းမှုအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်းက သာစည်-ညောင်ရမ်းလမ်းမကြီးကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံတကာ အကူအညီအထောက်အပံ့အဖြစ်ဆောင်ရွက်ရန် လျာထားပြီးဖြစ်၍ ရန်ပုံငွေရရှိပါက ကတ္တရာလမ်း ခင်းကျင်းသွားမည်ဖြစ်ကြောင်းနှင့် ခန့်မှန်းကုန်ကျငွေကျပ် ၁၁၂၇ ဒသမ ၁၄ သန်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ လမ်းမကြီးအား ကတ္တရာလမ်းခင်းကျင်းပြီးစီးသွားပါက ကျေးရွာပေါင်း ၄၉ ရွာ၊ အိမ်ခြေ ၄၄၄၅ အိမ်နှင့် လူဦးရေ ၂၁၅၃၆ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်သည်။ **မောင်ကို(သာစည်)**



ဧပြီ ၃ ရက်က သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက် ကျိုက္ကော်ဈေးရှေ့တွင် မှုခင်းအသိပညာပေးယာဉ်ဖြင့် သိမ်ဆိပ်နယ်မြေစခန်းမှူး ရဲအုပ်သိုက်စိုးက ဟောပြောရှင်းလင်းစဉ် ကိုနန္ဒ

# ရဲတပ်ဖွဲ့ပိုင်မြေပေါ် ကျူးကျော်နေထိုင်သူများနှင့် ညှိနှိုင်း

**သီပေါ ဧပြီ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ဇာတ်စုရပ်ကွက်ရှိ ရဲတပ်ဖွဲ့ပိုင် ရဲသင်တန်းကျောင်းမြေပေါ်၌ နေအိမ်ဆောက်လုပ်ကျူးကျော်နေထိုင်သူများနှင့် တာဝန်ရှိသူတို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃ ရက်က ဇာတ်စုရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်းက ရဲသင်တန်းကျောင်းမြေပေါ်တွင် ကျူးကျော်နေထိုင်သူများနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ပြန်လည်ဖြေကြားထားမှုများအား ဖတ်ပြရှင်းလင်းပြီး ဧပြီ ၇ ရက်မှစ၍ လကုန်အထိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ သတင်းပို့ဖယ်ရှားကြရန်နှင့် ဖယ်ရှားခြင်းမရှိပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ရှင်းလင်းပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများနှင့် နေအိမ်ဆောက်လုပ်ကျူးကျော်နေထိုင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တာဝတိံသာမဟာအဘယစေတီရှိ သက်တမ်း ၁၂၄ နှစ်ရှိပြီဖြစ်သော ဆင်ရုပ်တုကြီး

အဂ္ဂမဟာပဏ္ဍိတမကာရလောပအကျော် ကျေးဇူးတော်ရှင် ပထမမန်လည်ဆရာတော်ကြီး ဦးဇဝနသည် မန်လည်ပြာသာဒ်ကျောင်းကြီးဝင်းအတွင်းရှိ တာဝတိံသာမဟာအဘယစေတီတော်ကြီးကို ၁၂၅၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်တွင် တည်တော်မူခဲ့သည်။

ယခု ၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်တွင် စေတီတော်ကြီးသည် နှစ်ပေါင်း ၁၂၄ နှစ် သက်တမ်းပြည့်ခဲ့ပြီးဖြစ်ပါသည်။ စေတီတော်ကြီး၏ ရင်ပြင်တော် အရပ်လေးမျက်နှာတွင် ဆင်လေးကောင်ရုပ်တုများ ထားရှိသည့်အနက်မှ စနေထောင့်အရပ်ရှိ ဆင်ရုပ်တုမှာ ဆရာတော်ကြီးကိုယ်တိုင် ပန်းရန်သံလက်ကို ကိုင်ကာ ထုလုပ်ပြသခဲ့ရာ ယခုအခါတွင် အထင်အရှားရှိပါသည်။ "ဉကင်းဧကေ၊ ကိုယ်ပဥ္စ၊ နဝရှေ့နောက်ထား" ဆရာတော်ကြီးကိုယ်တိုင် ပန်းရန်သံလက်ကို ကိုင်ကာ ဆင်ရုပ်တုကို ထုလုပ်ပြသခဲ့ကြောင်း မှတ်သားရပါသည်။

စေတီတော်ကြီး၏ ရင်ပြင်တော် အရပ်လေးမျက်နှာတွင်ရှိသောဆင်ရုပ်လေးရုပ်ကို ရုတ်တရက်ကြည့်လျှင် ဆင်တူသလိုရှိသော်လည်း စနေထောင့်အရပ်မှဆင်ရုပ်နှင့် အစွယ်များ တပ်ဆင်ထားရာတွင် မတူပေ။

ဆရာတော်ကြီးကိုယ်တိုင် သံလက်ကိုကိုင်ပြီး ထုလုပ်ခဲ့သော စနေထောင့်အရပ်မှ ဆင်ရုပ်တု၏ ဆင်အစွယ်ကို ကွန်ကရစ်ကျောက်အစွယ်နှင့် အသိအမှတ်ပြုတပ်ဆင်ထားပါသည်။ ကျန်သောဆင်ရုပ်တုများ၏အစွယ်များကိုမူ သစ်သားဖြင့် ပြုလုပ်တပ်ဆင်ထားသည်။

ထိုဆင်ရုပ်တုများသည် စေတီတော်ကြီးနှင့်အတူ ပြီးစီးခဲ့ပါသည်။ ထို့ကြောင့် ဆင်ရုပ်တုများ၏သက်တမ်းသည်လည်း ယခု ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်တွင် နှစ်ပေါင်း ၁၂၄ နှစ်သက်တမ်းပြည့်ခဲ့ပြီးဖြစ်ရာ အများပြည်သူများအနေဖြင့် ကသာခရိုင် အင်းတော်မြို့နယ် မန်လည်ကျေးရွာသို့ သွားရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



# တောင်သူအသိပညာပေးဆွေးနွေး

**အောင်လံ ဧပြီ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်၌ အမှတ်(၁)သံမဏိစက်ရုံ (ကျောက်စွယ်ကျိုး) ပင်မစက်ရုံရေိယာအတွက် မြေလျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်ခင်ထွန်းက လယ်ယာမြေဥပဒေနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် ရယူခံစားခွင့်များနှင့်ပတ်သက်ပြီး တောင်သူအသိပညာပေးရှင်းလင်းဆွေးနွေးကာ တောင်သူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ အမှတ်(၁)သံမဏိစက်ရုံ(ကျောက်စွယ်ကျိုး) စက်ရုံမှူး ဦးတင်မောင်လွင်၊ အမှတ်(၁၅) ကာကွယ်ရေးပစ္စည်းစက်ရုံ(သရက်) ဒုတိယစက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး ညီညီလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီဝင်များ၊ ကျေးရွာအုပ်စုနှစ်စုမှ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# ကျူးကျော်အိမ်များ ထပ်မံမတိုးပွားရေး ဆောင်ရွက်

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ ပလပ်မြေများတွင် ကျူးကျော်အိမ်များ ထပ်မံမတိုးပွားစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားချက်ထုတ်ပြန်ပြီးသည့်နောက်ပိုင်း၌ ရွှေပြည်သာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသည် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျူးကျော်နေအိမ်များကို ဖျက်သိမ်းရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



ဧပြီ ၄ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၃)ရပ်ကွက် ပြည်ထောင်စုလမ်းသွယ်နှင့် ရထားသံလမ်းကြားရှိ ပလပ်မြေပေါ်၌ တားမြစ်ချက်ကြားမှ ဥပဒေမဲ့ဆောက်လုပ်ထားသော သံဖရိန်၊ သွပ်မိုး၊ ကျောက်ပြားကာ (၁၈×၂၀)ပေ နေအိမ်နှစ်လုံး၊ (၇×၁၂) ပေ တစ်လုံး၊ ဓနိမိုးထရံကာ တဲသုံးလုံး၊ သွပ်မိုးထရံကာ လေးလုံးတို့အား မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်း၊ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေမောင်တို့ ခေါင်းဆောင်သော စည်ပင်သာယာဝန်ထမ်း ၄၀ ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက ဖျက်သိမ်းရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြင့်သန်း(ရွှေပြည်သာ)**

# သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်

**ချောက် ဧပြီ ၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရန် ငွေးပင်အုပ်စု သန်းပင်ရွာ၌ ချောက်မြို့နယ်ရဲတပ်ဖွဲ့မှ ဧပြီ ၆ ရက်က ရေပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

သောက်သုံးရေလှူဒါန်းရာသို့ ချောက်မြို့နယ် ရဲမှူးအေးလွင်၊ ငွေးပင်စခန်းမှူး ရဲအုပ်ဝင်းရွှေနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်ကျော်နှင့်ဝန်ထမ်းများ လိုက်ပါဆောင်ရွက်ခဲ့ပြီး ၂၀ လီတာပါ ရေသန့်ဘူးကြီး ၃၀၀ တန်ဖိုးငွေကျပ် ၁၂၀၀၀၀ နှင့် သောက်သုံးရေဂါလန် ၆၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် ကျေးရွာအရောက် သွားရောက်ကာ လှူဒါန်းခဲ့ကြောင်းနှင့် အဆိုပါ သန်းပင်ကျေးရွာရှိ အိမ်ထောင်စု ၃၄၂ စု၊ လူဦးရေ ၁၆၅၃ ဦးတို့ သောက်သုံးရေအခက်အခဲမရှိစေရေးအတွက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

# ထိပ်တန်းအသင်းတွေ နိုင်ပွဲကိုယ်စီရနိုင်တဲ့ ပရီမီယာလိဂ်ပွဲစဉ်

မိုးမြင့်လင်းလက်



အခုရက်ပိုင်းအတွင်းမှာတော့ ပရီမီယာလိဂ်ပွဲစဉ်တွေက ဆက်တိုက်ဆိုသလို ဆင်နွှဲနေပါတယ်။ ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေမှာ ပွဲတွေကစားခဲ့ရတဲ့အပြင် ဧပြီ ၄ ရက်နဲ့ ၅ ရက်တွေမှာလည်း ပရီမီယာလိဂ်ပွဲစဉ်တွေ ကစားခဲ့ရပါတယ်။ ဒါ့အပြင် လာမယ့် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဧပြီ ၈ ရက်နဲ့ ၉ ရက်တွေမှာလည်း ပရီမီယာလိဂ်ပွဲတွေ ဆင်နွှဲရဦးမှာမို့ တန်းစီဇယားထိပ်ပိုင်းက အသင်းတွေရော၊ တန်းဆင်းဇုန် ဖိအားရှိနေတဲ့အသင်းတွေပါ အမှတ်ပြည့်ရယူရေး အားစိုက်ကြိုးစားကြရဦးမှာ သေချာနေပါတယ်။

### စပါးနှင့် ဝက်ဖို့ဒ်

ရလဒ်တွေဆက်တိုက်ကောင်းအောင် ကြိုးစားနေတဲ့ စပါးဟာ တန်းစီဇယားမှာဦးဆောင်နေတဲ့ ချယ်လ်ဆီးကို ဆက်လက်အားပေးနိုင်ရေး အားထုတ်နေပါတယ်။ စပါးတို့က အခုတလော ဂိုးပြတ်တွေသွင်းပြီး နိုင်ပွဲရယူနေတာမို့ ပွဲတိုင်းရုန်းကန်နေရတဲ့ ဝက်ဖို့ဒ်တို့ သိပ်တော့မလွယ်ပါဘူး။ ပထမအကျော့ ဝက်ဖို့ဒ်ကွင်းမှာ သွားကစားရတဲ့ပွဲမှာ စပါးတို့က လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲက စပါးကွင်းဖြစ်တာကြောင့် ဝက်ဖို့ဒ်တို့ အမှတ်မျှော်လင့်ချက်ထားလို့ မရနိုင်ပါဘူး။ စပါးတို့ ဂိုးပြတ်သွင်းပြီး သုံးမှတ်အပြည့်ရယူဦးမယ့်ပွဲပါပဲ။

### မန်စီးတီးနှင့် ဟားလ်စီးတီး

တန်းစီဇယားရပ်တည်မှု ခိုင်မာစေရေးအတွက် မန်စီးတီးတို့ ဒီပွဲကို မဖြစ်မနေ နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ မန်စီးတီးဟာ လီဗာပူးကို သရေကစားခဲ့ပြီး တစ်မှတ်သာရယူနိုင်ခဲ့တာမို့ အခုပွဲမှာတော့ မန်စီးတီးတို့ ဖိဖိစီးစီး အားထုတ်ပါလိမ့်မယ်။ အခုတလော ခြေစွမ်းအတက်အကျဖြစ်နေတဲ့ မန်စီးတီးတို့ကတော့ နည်းပြဂွာဒီယိုလာအနေနဲ့ စနစ်တကျ ဗျူဟာခင်းကျင်းမှ ရပါလိမ့်မယ်။ ဒါပေမယ့် ဟားလ်စီးတီးတို့ရဲ့ ခြေစွမ်းကလည်း အားရစရာမရှိတာကြောင့် အခုပွဲမှာတော့ မန်စီးတီးတို့ အောင်ပွဲဖြစ်သွားနိုင်ပါတယ်။

### ဆန်းဒါးလန်းနှင့် မန်ယူ

မန်ယူတို့ကတော့ ပြိုင်ဘက်အသင်းတွေ ခြေချော်လက်ချော်ဖြစ်နေချိန်မှာ အခွင့်ရေးကောင်းတွေ မရယူနိုင်ဘဲ ဖြစ်နေပါတယ်။ ဝက်စ်ဘရွန်းကို တစ်ဂိုးစီသရေကစားခဲ့ပြီးနောက် အသင်းရဲ့စိတ်ဓာတ်မြှင့်တင်မှုကို နည်းပြမော်ရင်ဟို ဆောင်ရွက်နေတာမို့ ရလဒ်ကောင်းတွေပြန်ရယူဖို့ အားထုတ်နေပြီဖြစ်ပါတယ်။ ဆန်းဒါးလန်းတို့ကတော့ ရှုံးပွဲတွေဆက်နေပြီး နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲမှ မနိုင်ခဲ့ပါဘူး။ ဒီနှစ်သင်း ပထမအကျော့တွေ့ဆုံခဲ့တဲ့ပွဲမှာ မန်ယူက သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာလည်း ဂိုးမပြတ်နိုင်ပေမယ့် မန်ယူတို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

### ဘုန်းမောက်နှင့် ချယ်လ်ဆီး

ခရစ္စတယ်ပဲလေ့စ်ကို ရှုံးခဲ့တဲ့အတွက် နိုင်ပွဲတွေရပ်တန့်သွားတဲ့ ချယ်လ်ဆီးဟာ အခုတော့ နိုင်ပွဲတွေပြန်လည်ရယူနေပြီဖြစ်ပါတယ်။ မန်ယူကို တစ်ဂိုးစီသရေ၊ ဝက်စ်ဟမ်းနဲ့ ဆွမ်ဆီးကို အနိုင်ကစားခဲ့တဲ့ ခြေစွမ်းတွေပြန်ရရင် ချယ်လ်ဆီးတို့ ကစားရခက်ခဲမယ့်ပွဲဖြစ်သွားနိုင်ပါတယ်။ အခုတလော ချယ်လ်ဆီးရဲ့ တိုက်စစ်စွမ်းရည်ကျဆင်းလာမှုကြောင့် ဒီပွဲမှာ ချယ်လ်ဆီးတို့ နိုင်ရင်တောင် ဂိုးနည်းပါလိမ့်မယ်။

### အဲဗာတန်နှင့် လက်စတာ

နည်းပြရှိတ်စပီးယား လက်ထက်မှာ ခြေစွမ်းကောင်းတွေရရှိနေပြီး ခေါင်းပြန်မော့လာတဲ့ လက်စတာတို့အတွက် အဲဗာတန်က အတားအဆီးတစ်ခုဖြစ်နေပါတယ်။ လက်စတာတို့ နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ နိုင်ပွဲတွေချည်းရယူနိုင်ခဲ့တာမို့ အဲဗာတန်တို့လည်း အိမ်ကွင်းဆိုပေမယ့် ခက်ခဲပါလိမ့်မယ်။ တိုက်စစ်၊ ခံစစ် ဟန်ချက်ညီအောင် ကစားလာနိုင်တဲ့ လက်စတာတို့ ပထမအကျော့ပွဲစဉ်က အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့သလို အခုပွဲမှာလည်း လက်စတာတို့ပဲ အောင်ပွဲခံဦးမှာ ဖြစ်ပါတယ်။

### မစ်ဒယ်ဘရော့နှင့် ဘန်လေ

မန်ယူ၊ မန်စီးတီးတို့လို အသင်းကြီးတွေနဲ့ ဆက်တိုက်ကြုံတွေ့ခဲ့ရလို့ ရှုံးပွဲတွေဆက်နေတဲ့ မစ်ဒယ်ဘရော့ဟာ တန်းဆင်းဇုန်ဖိအားကြောင့် အခုပွဲ အိမ်ကွင်းမှာ ခြေကုန်ထုတ်ပါလိမ့်မယ်။ တန်းဆင်းဇုန်ထဲ မကျရောက်ဖို့ အားစိုက်ကစားနေတဲ့ ဘန်လေတို့ကလည်း မစ်ဒယ်ဘရော့ဆီက အနိမ့်ဆုံးတစ်မှတ်ရအောင် အားထုတ်မှာမို့ အခုပွဲဟာ အိမ်ရှင်မစ်ဒယ်ဘရော့တို့ နိုင်ပွဲရသွားနိုင်သလို သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

### စတုတ်နှင့် လီဗာပူး

ရှုံးပွဲတွေဆက်နေတဲ့ စတုတ်တို့လည်း ဒီပွဲမှာ အမှတ်ရရှိရေး အမြင့်ဆုံးထားပြီး ကြိုးစားမှာဖြစ်ပါတယ်။ စတုတ်တိုက်စစ်မှူးတွေဟာ ပြိုင်ဘက်ခံစစ်ကြောင်းကို ထိုးဖောက်တဲ့နေရာ အဆုံးသတ်တွေအားနည်း လွဲချော်နေတတ်တာမို့ အခုပွဲအိမ်ကွင်းဖြစ်ပေမယ့် သိပ်တော့မလွယ်ဘူး။ လီဗာပူးတို့က နောက်ဆုံး ငါးပွဲကစားခဲ့ရာမှာ အာဆင်နယ်၊ မန်စီးတီးတို့လို အသင်းတွေကို ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့ပါတယ်။ ဒီနှစ်သင်းပထမအကျော့တွေ့ဆုံမှုမှာ လီဗာပူးတို့က လေးဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တာမို့ အခုပွဲမှာလည်း လီဗာပူးတို့ပဲ အနိုင်ကစားသွားဦးမှာ ဖြစ်ပါတယ်။

### ဝက်စ်ဘရွန်းနှင့် ဆောက်သမ်တန်

မန်ယူကို ဂိုးမရှိသရေပွဲကစားနိုင်ခဲ့တဲ့ ဝက်စ်ဘရွန်းတို့ကတော့ အခုပွဲ အိမ်ကွင်းမှာ ကစားရမှာကြောင့် သုံးမှတ်အပြည့်ရရှိရေး ခြေစွမ်းပြပါလိမ့်မယ်။ ဆောက်သမ်တန်တို့က ခံစစ်ကို အခြေပြုကစားမှာဖြစ်တာမို့ ဝက်စ်ဘရွန်းတိုက်စစ်မှူးတွေ ခက်ခဲပါလိမ့်မယ်။ အကြိုက်က ဝက်စဘရွန်းဖြစ်ပေမယ့် သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

### ဝက်စ်ဟမ်းနှင့် ဆွမ်ဆီး

တန်းဆင်းဇုန် ဖိအားရှိနေတဲ့ဆွမ်ဆီးတို့အတွက်တော့ အဝေးကွင်းဆိုပေမယ့် တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ ဝက်စ်ဟမ်းတို့က အခုတလော ဟားလ်စီးတီး၊ လက်စတာ၊ ဘုန်းမောက်၊ ချယ်လ်ဆီး အသင်းတွေကို ဆက်တိုက်ရှုံးခဲ့တာမို့ ဆွမ်ဆီးတို့ မျှော်လင့်ချက်ထားလို့ရနိုင်တဲ့ပွဲပါ။ ဒါပေမယ့် ဒီနှစ်သင်း ပထမအကျော့ပွဲစဉ်မှာ ဝက်စ်ဟမ်းက လေးဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တာမို့ အခုပွဲမှာ ဝက်စ်ဟမ်းတို့ အဲဒီရလဒ်မျှော်လင့်လို့ မရနိုင်ပါဘူး။ ဝက်စ်ဟမ်းတို့ နိုင်ရင်တောင် ကပ်ပြီးနိုင်သွားနိုင်သလို သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။ ။

## မန်စီးတီးကို အနိုင်ယူပြီး ဆက်လက်ဦးဆောင်နေတဲ့ ချယ်လ်ဆီး

ခရစ္စတယ်ပဲလေ့စ်ကို အိမ်ကွင်းမှာ ရှုံးနိမ့်သွားတဲ့ ချယ်လ်ဆီးဟာ ဒီတစ်ပတ်မှာတော့ မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး ဖလားစိန်ခေါ်မှုကို ဆက်လက်ထိန်းထားပါတယ်။ ချယ်လ်ဆီးအတွက် ဂိုးတွေကိုတော့ ဟာဇက်တစ်ဦးတည်းက သွင်းယူသွားခဲ့ပါတယ်။ ဒီပွဲအပြီးချယ်လ်ဆီးက အမှတ်ပေးဇယားမှာ ခုနစ်မှတ်အသာနဲ့ ဆက်လက်ရပ်တည်ဆဲဖြစ်ပါတယ်။ ပရီမီယာလိဂ် ကစားဖို့ ရှစ်ပွဲသာ ကျန်ပါတော့တယ်။ ချယ်လ်ဆီးအသင်းဟာ မန်ယူ၊ အဲဗာတန်တို့နဲ့ အခက်အခဲဆုံးပွဲတွေအဖြစ် ကစားပြီး နောက်ပိုင်းမှာတော့ ဆောက်သမ်တန်၊ မစ်ဒယ်ဘရော့၊ ဝက်စ်ဘရွန်း၊ ဆန်းဒါးလန်း၊ ဝက်ဖို့ဒ်တို့နဲ့ ကစားရမှာ ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ အဓိကပြိုင်ဘက်အသင်းတွေဖြစ်တဲ့ မန်ယူနဲ့ အဲဗာတန်ကို အနိုင်ယူနိုင်မယ်ဆိုရင် ဖလားရဖို့ အတော်လေး နီးစပ်သွားပြီဖြစ်ပါတယ်။

## ပွဲတိုင်းအနိုင်ရဖို့ မျှော်လင့်ထားတဲ့ စပါးနည်းပြ ပိုချက်တီနို



စပါးအသင်းဟာ ဆွမ်ဆီးအသင်းကို ပွဲချိန် ၈၈ မိနစ်ရောက်မှ ချေပဂိုးနဲ့ အနိုင်ဂိုးတွေ သွင်းယူခဲ့တဲ့အတွက် သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်ပါတယ်။ စပါးအသင်းရဲ့ အဲဒီနေ့ ခြေစွမ်းအတိုင်း ကစားမယ်ဆိုရင် ပွဲတိုင်းအနိုင်ရမယ်လို့ မျှော်လင့်ထားကြောင်း စပါးနည်းပြ ပိုချက်တီနိုက ဆိုပါတယ်။ ဒီလီအလီဟာ လေလွင့်ချိန်ရောက်မှ ဆွမ်ဆီးရဲ့ ဦးဆောင်ဂိုးကို ချေပနိုင်ခဲ့ပါတယ်။ စပါးအသင်းမှ ဘွန်မင်း၊ အဲရစ်ဆင်တို့က လေလွင့်ချိန် ဂိုးတွေဆက်တိုက်သွင်းယူပေးခဲ့ကြပါတယ်။ အားကစားပြိုင်ပွဲတစ်ခုဟာ ပွဲပြီး ခရာမမှုတ်မချင်း ဘယ်တော့မှ အနိုင်မခံအရှုံးမပေးတဲ့ စိတ်ဓာတ်အား နောက်ဆုံးမှာတော့ အောင်နိုင်ခြင်းပဲလို့ စပါးနည်းပြပိုချက်တီနိုက သူ့ကစားသမားတွေကို ချီးကျူးစကားပြောဆိုခဲ့ပါတယ်။ ဒီအတောအတွင်းမှာ ဝက်စ်ဟမ်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့ အာဆင်နယ်ကတော့ ဒီနှစ်ရာသီမှာ နံပါတ် ၄ နေရာရဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

## ရီးရဲမက်ဒရစ်ကို ဆက်လက်ဖိအားပေးတဲ့ ဘာစီလိုနာ



စပိန်လာလီဂါမှာ ဘာစီလိုနာက မက်ဆီနဲ့ ဆွာရက်ဇ်တို့ရဲ့ ဂိုးတွေနဲ့ ဆီဗီလာကို သုံးဂိုးပြတ်နဲ့ အနိုင်ယူပြီး ထိပ်ဆုံးက ရီးရဲမက်ဒရစ်ကို ဆက်လက်ဖိအားပေးလိုက်ပါတယ်။ ပထမပိုင်း ပြီးခါနီးမှာ မက်ဆီနဲ့ ဆွာရက်ဇ်တို့ရဲ့ ဂိုးတွေနဲ့ ဘာစီလိုနာ ဦးဆောင်ကစားခဲ့ပါတယ်။ နေမာရဲ့ ခြေစွမ်းနဲ့ ပံ့ပိုးမှု အားနည်းခဲ့ပေမယ့် အကောင်းဆုံး ကစားကွက်ကို တည်မိတဲ့အတွက် ဆီဗီလာ ဂိုးပြတ်ရှုံးနိမ့်သွားခဲ့ပါတယ်။ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ဟာ ဒီနှစ် စပိန်လာလီဂါမှာ ဆက်လက်အားပြိုင်နေဆဲဖြစ်ပါတယ်။ ဒီပြိုင်ပွဲအပြီးမှာတော့ ဘာစီလိုနာက ရီးရဲမက်ဒရစ်နောက်မှ နှစ်မှတ်ခွာပြီးလိုက်နေပါတယ်။ ထိပ်ဆုံးမှ ရီးရဲမက်ဒရစ်ကို ဆက်လက်ဖိအားပေးနေဆဲဖြစ်ပါတယ်။ ဒီနှစ်သင်းထဲက စပိန်လာလီဂါ ချန်ပီယံဖြစ်ဖို့သေချာနေတဲ့အနေအထားဖြစ်ပါတယ်။ နောက်ဆုံးမှာ နှာတစ်ဖျားအသာနဲ့ ဖလားဆွတ်ခူးသွားနိုင်ပါတယ်။ ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့ဟာ တစ်ပွဲပြီးတစ်ပွဲ ခြေစွမ်းပြမှုတွေနဲ့ ဆက်လက်အားပြိုင်နေဆဲ ဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ငြိမ်းချမ်းမှု၏ အကျိုးကြောင့် ဤခရီးနီးလာပြီ

**မွန်ပြည်နယ်အတွင်းရှိ သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့ကို ဆက်သွယ်ထားသည့် သိမ်ဆိပ်- ပိန္နဲတော-လေးကေ ကျေးရွာအထိ အကျယ် ၁၂ ပေရှိသော ကတ္တရာလမ်းကို ဖောက်လုပ်ပြီးစီးခဲ့ခြင်းကြောင့် နာရီပိုင်းအတွင်း ခရီးပေါက်ရောက်နေပြီဖြစ်သည်။**

ယခုအခါ နယ်မြေဒေသ အေးချမ်းလာသည့်အတွက် တစ်နေရာမှ တစ်နေရာ အလွယ်တကူ ကူးလူးဆက်သွယ်နိုင်ရန် လမ်းတွေဖောက်၊ တံတားတွေဆောက်ခြင်းဖြင့် နီးလျက်နှင့်အနေဝေးခဲ့ရသည့် ဒေသများ သွားလမ်းသာ၍ လာလမ်းဖြောင့်ဖြူးသဖြင့် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည်တို့ ပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။ တစ်ချိန်က နယ်မြေဒေသ မငြိမ်းချမ်းခဲ့သဖြင့် သွားလာရခက်ခဲသော ခရီးကို ယခုအခါ အိမ်ဦးနှင့် ကြမ်းပြင်ဆိုသကဲ့သို့ ခြေကျင်ခရီး၊ လှည်းခရီး၊ စက်လှေခရီး စသဖြင့် ကုန်းတစ်တန်၊ ရေတစ်တန်၊ ခရီးနှင်နေပြီဖြစ်ရာ ငြိမ်းချမ်းရေး၏ အရသာကို ပြည်သူများ အပြည့်အဝ ခံစားနေကြရပြီဖြစ်သည်။

အဆိုပါလမ်းကို ၂၀၁၀ ပြည့်နှစ်မှစ၍ မွန်ပြည်နယ် ဆောက်လုပ်ရေးဝန်ကြီးဌာန သထုံမြို့နယ် လမ်းဦးစီးဌာနက စတင်ဖောက်လုပ်ခဲ့ရာ တံတားများကို တစ်ပါတည်း တည်ဆောက်ခဲ့၍ အချိန်တိုအတွင်း (အသွား/အပြန်) ခရီးသွားလာနိုင်သည့် ကတ္တရာလမ်းအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်သည်။ ယခု တည်ဆောက်နေသော မြို့နယ်ချင်းဆက်လမ်းပေါ်တွင် တံတားကြီး/ ငယ် အကျယ်ပေ ၄၀ရှိ ၁၆၃ စင်း တည်ဆောက်ခဲ့ပြီး သိမ်ဆိပ်မှ ထုံးဘိုလေး ကျေးရွာအထိ အကျယ် ၁၈ပေ၊ အရှည်ကိုးမိုင်ခန့် ကတ္တရာလမ်း အဆင့်မြှင့်တင်တိုးချဲ့ ဆောင်ရွက်ခဲ့သည်။

တံတားများ အားလုံးကို သံကူကွန်ကရစ်အဖြစ် တန် ၆၀ ခံနိုင်ဝန်ရှိသော တံတားများ တည်ဆောက်ခဲ့ပြီး ၁၈ စင်း ကျန်နေသေးသဖြင့် ခရီးသွားများ မကြန့်ကြာအောင် လမ်းလွှဲများ ဖောက်လုပ်၍ ဆောင်ရွက်ထားသည်။ ဆောက်လုပ်ဆဲတံတားများ အားလုံးကို ယခုနှစ်မိုးမကျမီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လာမည့်နှစ်တွင် လေးကေကျေးရွာအထိ တိုးချဲ့ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း လမ်းဦးစီးဌာနမှ တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမြင့်က ပြောသည်။

ဆက်လက်၍ လမ်းလုပ်သားအဖြစ် မိသားစုအလိုက် အနယ်နယ်အရပ်ရပ်မှ လာရောက် လုပ်ကိုင်နေကြပြီး လုပ်သက် ၁၅ နှစ်ခန့်ရှိပြီဖြစ်သော လမ်းကြိတ်စက်မောင်းနှင်သူ နေ့စား/ယာယီ အလုပ်သမား ဦးခင်အေးက "တစ်လကို စားစရိတ်ငြိမ်းပါ သုံးသိန်းရပါတယ်။ ဒီလမ်းကို စဖောက်ကတည်းကဆိုတော့ အရင်တုန်းကထက် လမ်းကောင်းလာတာကို ကြည့်ပြီးကြည်နူးမိပါတယ်" ဟု ပြောသည်။



"လမ်းကကျယ်တဲ့အတွက် ကောင်းလာတော့ ဈေးရောင်း၊ ဈေးဝယ်လို့ ပိုကောင်းလာတယ်၊အချိန်မရွေး သွားလာရတော့ ဘာပဲဖြစ်ဖြစ် အဆင်ပြေပါတယ်" ဟု အေးရွာ (ပိန္နဲတော)မှ ဈေးဆိုင်ရောင်းသူ ဒေါ်မြအေးက ပြောသည်။

"ကားလမ်း ပေါက်လာတော့ အိမ်တွေ၊ ဆိုင်တွေ တစ်ခုပြီးတစ်ခု များလာတယ်။ လေးကေ တိုက်နယ်ဆေးရုံလည်း ရှိလို့ မကြာခင် မြို့ဖြစ်တော့မယ်" ဟု လေးကေ ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးတင်ဝင်းက ပြောသည်။

အဆိုပါ လမ်းတစ်လျှောက်၌ စိမ်းစိုလန်းဆန်းသော တောအုပ်တောတန်းများ၊ စိုက်ခင်းများနှင့် လမ်းဘေးတစ်ဖက်တစ်ချက်စီ၌ ရိုးမတောင်တန်းကြီးများက ဝန်းရံထားသည်။ သဘာဝ အလှအပများ ပကတိအတိုင်း တည်ရှိနေသဖြင့် ခရီးသွားလုပ်ငန်းများအတွက် အလားအလာကောင်းတစ်ရပ်ပင် ဖြစ်သည်။

အဆိုပါလမ်းကို အမှီပြုလျက် ကျေးရွာပေါင်း ၅၀ ကျော် တည်ရှိနေပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသော လမ်းအဖြစ် မကြာမီမြင်တွေ့ရတော့မည်ဖြစ်သည်။ ငြိမ်းချမ်းမှု၏အကျိုးရလဒ်အဖြစ် ဤခရီး နီးလာပြီဖြစ်ပါကြောင်း။

**ခွန်(ဝင်းပ)**

## မြို့နယ်သုံးမြို့နယ်၌ အသေးစားခြေတုပြုပြင်ပေးခြင်းလုပ်ငန်းကို ဇွန်လအတွင်း ဆောင်ရွက်ပေးမည်

**မြစ်ကြီးနား မေ ၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်၊ မိုးညှင်းခရိုင်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်တို့တွင် အသေးစား ခြေတုပြုပြင်ပေးခြင်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဇွန်လအတွင်း ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဂဲနက်စ်က ပြောသည်။

မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် Hotel Media အစည်းအဝေးခန်းမတွင် မေ ၆ ရက် နံနက်ပိုင်းက ပြုလုပ်ကျင်းပသော အသေးစားခြေတု ပြုပြင်မှု အစီအစဉ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီအနေနဲ့ ကချင်အထူးဒေသ (၁)နဲ့ အစိုးရထိန်းချုပ်နယ်မြေအတွင်း မပါရှိဘဲ ၂၀၁၂ ဒီဇင်ဘာလကစပြီး ၂၅၂ ဦးကို ခြေတုတပ်ဆင်ပေးနိုင်ခဲ့ပါတယ်။ ခြေတုတပ်ဆင်ပေးတဲ့နေရာမှာလည်း တပ်ဆင်တဲ့သူတွေကို အိမ်ကထွက်ပြီးပြန်ရောက်တဲ့အထိ အခမဲ့ဆောင်ရွက်ပေးတာ ဖြစ်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



အသေးစားခြေတုပြုပြင်ပေးရခြင်းသည် ခြေတုပျက်စီးတဲ့သူတွေအနေဖြင့် ခရီးထွက်ကာ ပြုပြင်စရာ မလိုတော့ဘဲ အချိန်ကုန် ငွေကုန်သက်သာစေရန်နှင့် ကြာမြင့်မှုမရှိစေရန်အတွက် ရည်ရွယ်ပြီး ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

"အသေးစားခြေတုပြုပြင်ပေးခြင်း လုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီးမှ စတင်ပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်း အောင်မြင်မှုရတဲ့အတွက်ကြောင့် လားရှိုး၊ ဗန်းမော်၊ မိုးညှင်းမြို့ကို ထပ်မံရွေးချယ်ကာ ပြုလုပ်ရခြင်း ဖြစ်တယ်" ဟု အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ရန်ကုန်) မြန်မာရုံးမှ Head of Physical Rehabilitation Programme Mr.Didier Reck က ပြောသည်။

ခြေတုပြုလုပ်ပေးရမည့် နေရာများမှာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်း၌သာ အများဆုံးဖြစ်ပြီး ခြေတုပြုပြင်ပေးရန်အတွက် ၂၃ ဦး သင်တန်းပေးလက်တွေ့ဆောင်ရွက် နေပြီဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## သစ်တောမြေကျူးထားသူများကို ဖြေလျှော့ပေးမည့် အစီအစဉ် ဆောင်ရွက်လျက်ရှိ

**မော်လမြိုင် မေ ၇**

မြန်မာနိုင်ငံတစ်ဝန်း သစ်တောမြေများကို ပုံစံမျိုးစုံဖြင့် မှီတင်းနေထိုင်သူများ၏ အခွင့်အရေးမဆုံးရှုံးစေရေးရည်ရွယ်ကာ သစ်တောမြေကျူးထားသူများကို ဖြေလျှော့ပေးမည့်အစီအစဉ်အရ လုပ်ပိုင်ခွင့် အခွင့်အရေးများကို စမ်းသပ်ဖော်ထုတ်မြှင့်တင်ရန် သစ်တောဦးစီးဌာနနှင့် Land Core Group (LCG) တို့ပူးပေါင်းကာ MRLG ၏ အကူအညီဖြင့် မွန်ပြည်နယ်တွင် နေရာသုံးခုသတ်မှတ်ပြီး ကနဦးစီမံကိန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ် သစ်တောဦးစီးဌာနမှ သိရသည်။

"ကနဦးစီမံကိန်းနယ်မြေအဖြစ် မွန်ပြည်နယ်မှာ သုံးနေရာ သတ်မှတ်ထားပါတယ်။ သဘာဝသယံဇာတထိန်းသိမ်းရေးနယ်မြေအဖြစ် ကျိုက်မရောမြို့နယ်က ဖားပေါင်တောင်၊ အစုအဖွဲ့ပိုင်သစ်တောမြေကိစ္စအဖြစ် ရေးမြို့နယ်က မလွဲတောင်နဲ့ မုဒုံမြို့နယ်က ရော်ဘာကျူးစိုက်ခင်းစတဲ့နေရာတွေကို သတ်မှတ်ထားပါတယ်"ဟု ပြည်နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမင်းသိန်းမြင့်က ပြောသည်။

စီမံကိန်းတွင် လုပ်ငန်းစဉ်အဆင့် နှစ်ရပ်ပါမည်ဖြစ်ပြီး ပထမအဆင့်သည် ဒေသခံပြည်သူများ၏ မြေယာပိုင်ဆိုင်ခွင့်ကို အထောက်အပံ့ပေးနိုင်ရန် နည်းလမ်း အမျိုးမျိုးကို လေ့လာခြင်းနှင့် အတွေ့အကြုံများ မျှဝေခြင်းဖြစ်ကာ ဒုတိယအဆင့်သည် သဘာဝသယံဇာတများအပေါ် ဒေသခံပြည်သူများ၏ ပိုင်ဆိုင်ခွင့်များ တိုးတက်စေရန်နှင့် ပတ်သက်၍ သစ်တောမူဝါဒနှင့်လုပ်ထုံးလုပ်နည်းများ ပေါ်ထွက်လာစေရန် အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြရန် ဖြစ်သည်။

မွန်ပြည်နယ်တွင် သစ်တောမြေကျူးကျော်မှုများသည် ရော်ဘာစိုက်ခင်းများမှ အများဆုံးဖြစ်ပြီး သစ်တောမြေကျူးကျော်ခံရသည့် မြေဧကပေါင်း ၄၆၄၁၂ ဧကရှိသည်ဟု သိရသည်။

"စီမံကိန်းစပြီဆိုတာနဲ့ ခွင့်ပြုချက်ရတဲ့နေရာတွေကို တစ်ပြိုင်နက် စတင်မှာပါ။ တောင်သူတွေအတွက် အလွန်အကျိုးများမယ့်စီမံကိန်းပါ။ အနည်းဆုံးနှစ် ၃၀ တော့ ပိုင်ဆိုင်ခွင့်ရသွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

**မြတ်မွန်ထွေး**

## ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့ရသော သီးနှံများအတွက် ထောက်ပံ့ငွေပေးအပ်

**ဟသ်ာတ မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်၌ ၂၀၁၆-၂၀၁၇ နှစ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးမှုအပေါ် ပြည်ထောင်စုအစိုးရ၏ သီးသန့်ရန်ပုံငွေမှ ထောက်ပံ့သည့် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၆ ရက် နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် ဦးအောင်ကိုကိုဦးတို့က အမှာစကားပြောကြားကြကာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းဝင်းက ထောက်ပံ့ငွေပေးအပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်အတွင်းရှိ ဟသ်ာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်မြို့နယ်များ၌ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးနှင့်အခြားသီးနှံများပျက်စီးခဲ့သည့် ကျေးရွာအုပ်စု ၁၁၈ အုပ်စုမှ လယ်ယာမြေဧက ၅၀၇၇၄ အတွက် ထောက်ပံ့ငွေကျပ် ၅၀၇၇၄၀၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များက ခြောက်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးခဲ့သည့်အချိန်က သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးမှ စာရင်းဇယားများ ကောက်ယူထားသည်များကို မှန်ကန်အောင် စစ်ဆေးဆောင်ရွက်ပြီး သီးနှံပျက်စီးမှုအပေါ် ပြည်ထောင်စုအစိုးရ၏ သီးသန့်ရန်ပုံငွေမှ တစ်ဧကလျှင် ငွေကျပ်တစ်သောင်းနှုန်းနှင့် နှစ်ရှည်သီးနှံများကို တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

**ကျော်ကျော်(မြန်/ဆက်)**

# ရေသွန်းစံပျော်လို့ ငွေကံ့ကော် ပိတောက်ပန်းရယ် လန်းတဲ့ရာသီ

**တက္ကသိုလ်ပွင့်သူအောင်**

နွေတမန်ရွှေဥသြ၏ ချိုလွင်လွင် ကူသံသာများက ဝန်းကျင်တစ်ခိုတွင် လွင့်ပျံ့လျက်ရှိသည်။ ရင်ခတ်၊ ကံ့ကော်၊ ပိတောက်ပန်းတို့ကလည်း ပင်လုံးကြိုင်၍ လှိုင်လှိုင်ပွင့်နေသည်။ တန်ခူးလေသည် သင်းပျံ့သောရင်ခတ်၊ ကံ့ကော်၊ ပန်းပိတောက်တို့၏ မွှေးရနံ့များကို ဝန်းကျင်အနှံ့ဆောင်ကြဉ်းပေးနေသည်။ ရှေးဟောင်းစာဆိုရှင် ဆရာကြီးဦးပုံးချိုက လေးဆစ်သဖြန်ဖြင့် "နှစ်လုံးရယ်တဲ့ပါဒ်မှီ၊ ရေသွန်းစံပျော်လို့၊ ငွေကံ့ကော် ပိတောက်ပန်းရယ်၊ လန်းတဲ့ရာသီ"ဟု သီကုံးခဲ့သည်။

မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များအနက် ပထမဦးဆုံးနှင့် ရက်ကာလအကြာမြင့်ဆုံး ကျင်းပသည့်ပွဲတော်မှာ ရေသွန်းစံပျော်သင်္ကြန်ပွဲတော်ပင် ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ လူမျိုးအသီးသီးသည် မိမိတို့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ နှစ်သစ်ကူးပွဲတော်များ ကျင်းပကြပြီး နှစ်သစ်နှစ်ဦးကို ဝမ်းမြောက်ပျော်ရွှင်စွာ ကြိုဆိုကြသည်။ မြန်မာတို့၏ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် ကျင်းပလေ့ရှိသောပွဲတော်မှာသင်္ကြန်ပွဲတော်ပင် ဖြစ်သည်။ မြန်မာတို့သည် နိုင်ငံတစ်ဝန်းလုံး၌ နှစ်သစ်ဦး မဟာသင်္ကြန်ရေသဘင်ပွဲကို အေးချမ်း ပျော်ရွှင်ကြည်နူးစွာ တောင်ပေါ်မြေပြန့်ဆင်နွှဲကြသည်။ တစ်နှစ်တွင်တစ်ကြိမ်သာ ဆင်နွှဲရသော ရာသီပွဲတော်ဖြစ်၍လည်း တန်ဖိုးထားကြသည်။ နွေကာလ၏ ပြင်းပြသည့် အပူဒဏ်ကို အေးမြသောအတာရေဖြင့်ပက်ဖျန်း၍ အေးချမ်းလန်းဆန်းမှုကို ရယူခြင်းပင်ဖြစ်သည်။ နှစ်ဟောင်း အညစ်အကြေးများကို နှစ်သစ်အတာရေဖြင့် ဆေးကြောသန့်စင်ပြီး စိတ်သစ်လူသစ်ဖြင့် နှစ်သစ်ကိုကြိုဆိုခြင်းလည်း ဖြစ်သည်။

"သင်္ကြန်"ဟူသော ဝေါဟာရသည် "သင်္ကြန္တ"ဟူသော သက္ကတပုဒ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟုအဓိပ္ပာယ်ရသည်။ မြန်မာတို့၏ နှစ်သစ်ကူးချိန်သည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်ဖြစ်ကာ ရာသီရုပ်မှာ ငါးကြင်းနှစ်ကောင် ဖြစ်သည်။ နက္ခတ်သည်မြိုးသဏ္ဍာန်ရှိသော ရေဝတီနက္ခတ်ဖြစ်ပြီး တာရာမှာ ဥဇျိုင်းရေငှက်ဖြစ်သည်။ ရာသီပန်းများမှာ ကံ့ကော်ပန်း၊ သရဖီပန်း၊ ရင်ခတ်ပန်း၊ ပိတောက်ပန်းဖြစ်သည်။ ပိတောက်ပန်းသည် တန်ခူးလ၌ ပွင့်သောပန်းများ၏ မင်းဖြစ်ကြောင်းကို ရှေးစာဆိုတော်ကြီး တောင်တွင်းဦးကြော့က "လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ခိုင်ရွှေဝါ...ခိုင်ရွှေဝါ၊ တကယ်တန်းသာဖြင့်၊ ဘယ်ပန်းသော်စံမတူဘု၊ နန္ဒဖလ်ကူထိပ်မှာလ...၊ ပစ္စေကာချွေးတော်သိပ်ရတယ်၊ အေးရိပ်သာယာ။ တစ်နှစ်တွင်သည်တစ်လပေပေါ့၊ တစ်လတွင်တစ်ရက်တည်း၊ ခက်ခဲတဲ့ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြစုံမြိုင်တွင်း။ မြူမင်းလွင့်ထန်၊ ကြူသင်းတာချိန်ယံမတော့၊ ရွှေဝတ်ဆံ၊ ငုံတန် ညှော်ကယ်နဲ့၊ ခါသင်္ကြန်၊ ဂိမှာန်ရောက်ပြန်တော့၊ သိန်သရေထိန်ဝေလို့ တောက်တဲ့ပြင်၊ ဆန်းသလောက်မလင်းနိုင်ဘု၊ လမ်းတစ်လျှောက်သင်းပါဘိ၊ ပန်းပိတောက်မင်း" ဟူ၍ ကဗျာရေးဖွဲ့ခဲ့သည်။ ရှေးစာဆိုတော်ကြီးဦးအောင်ကြီး၏ လူးတား၌ "...ကောင်းကင်မိုးလ၊ စိတြနှင့်မိဿရာသီ၊ အညီခါကျော်၊ နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်၊ ပင်တိုင်ညွန့်လျက်၊ ပွင့်ဖတ်ဝေဝေ၊ တောင်လေသုတ်ဖြူး၊ လတန်ခူးကို၊ မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ ရရွှတည်း"ဟူ၍ ရေးဖွဲ့ထားသည်။

တန်ခူးလသည် ပုဂံခေတ်ကတည်းကရှိသော အရေးအသားဖြစ်သည်။ တန်ခူးလတွင် သင်္ကြန်ကျပြီး နှစ်ကူးလေ့ရှိသောကြောင့်"အတာကူးသည့်လတန်ခူး" ဟူ၍ ဆိုစမှတ်ပြုကြသည်။ တန်ခူးလကို ပုဂံခေတ်ကျောက်စာတို့၌ တန်ခူးဟု ခေတ်ရေးထုံးအတိုင်း ရေးထိုးခဲ့သော်လည်း ဝိသဇ္ဇနီအရေးအသားပေါ်လာပြီဖြစ်သည့် အင်းဝခေတ်တွင် "တန်းခူး" ဟု ရေးသားခဲ့ကြသည်။ ရှေးစာဆိုတော်ကြီးမင်းဇေယျရန္တမိတ်၏ ပုရစ်ဖြာစီရတု၌ "တန်းခူးရာသီတိုင်ခဲ့ပြီ၊ ဆန်းထူးဝါနီလှိုင်ခဲ့ပြီ၊ သွန်းဖြူး ဖြာစီအိုင်ခဲ့ပြီ"ဟု စပ်ဆိုထားသည်ကို တွေ့ရသည်။ "တန်းခူး"၌ တန်းပုဒ်မှာ ပါဠိဘာသာ တာလပုဒ်မှ ဆင်းသက်လာသောပုဒ် ဖြစ်သည်။ တာလပုဒ်သည် "ထန်း"ဟူသော အဓိပ္ပာယ်ရသည်။ "ခူး"၏ အဓိပ္ပာယ်မှာ ပန်းခူး၊ ဟင်းရွက်ခူး၊ ဆွတ်ခူးဟူသည့် ဆွတ်ခြင်း၊ ခြွေခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် တန်ခူးလဆိုသည်မှာ ထန်းသီးကို ခူးသောလ ထန်းသီးကို ဆွတ်ခြွေသောလဟု ဆိုလိုကြောင်း မြန်မာလအမည်များ တစ်ရပ်တွင် ဖွင့်ဆိုထားသည်။

မြန်မာလူမျိုးတို့၏ သင်္ကြန်ပွဲတော်သမိုင်းကို လေ့လာမည်ဆိုပါက သင်္ကြန်အခါ၌ ရေပက်ကစားသောဓလေ့သည် သာကီဝင်မင်းမျိုးတို့က စခဲ့သည်ဟု ယူဆကြသည်။ သာကီဝင်မင်းမျိုးတို့ ရေပက်ဖျန်းကစားလေ့ရှိကြကြောင်း ကျမ်းဂန်များတွင် တွေ့ရသည်။ ဥပရိပဏ္ဏာသ အဋ္ဌကထာဒေဝဒဟသုတ်တွင် ကပိလဝတ်ပြည်က သာကီဝင်မင်းတို့သည် ရေအိုင်ကြီးများ၌ ရေဖျန်း သဘင်ပျော်ရွှင်စွာ ကစားကြရာ၊ ယင်းရေအိုင်သည် သာကီဝင် မင်းတို့ရေကစားရာ အိုင်ဖြစ်သဖြင့်"ဒေဝဒဟ" အမည်ရခဲ့ကြောင်း၊ နောင်အခါ ရေကစားလာကြသည့် သာကီဝင်မင်းတို့သည် ကပိလဝတ်ပြည်သို့ မပြန်ကြတော့ဘဲ ရေအိုင်အနီး၌ မင်းတဲများ ဆောက်လုပ်နေထိုင်ခဲ့ကြရာမှ ဒေဝဒဟခေါ်ဆိုသော တိုင်းပြည်တစ်ပြည်ဖြစ်လာခဲ့ကြောင်း စပ်ဆိုထားသည်ကို လေ့လာမှတ်သားခဲ့ရသည်။ ထို့အပြင် ပုဂံပြည်နရသီဟပတေ့မင်း(ခေါ်) တရုတ်ပြေးမင်းလက်ထက် နွေအခါရေဖျန်းကစားမြဲဖြစ်၍ နန်းတော်မှသည် မြစ်ဆိပ်တိုင်အောင် တဲကြီးများ ဆောက်လုပ်ထားပြီး ထိုတဲကြီးများကို လူမမြင်သာ အောင် ကာရံကာ မိဖုရား၊ မောင်းမများနှင့်အတူ မြစ်ဆိပ်၌ ရေကစားကြသည်ကို မဟာရာဇဝင်ကျမ်းတွင် ရေးသားထားသည်။ ထို့အတူ "နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့တွင် အရှင်နှစ်ပါးသည် ရွှေနန်းတော်အတွင်း သင်္ကြန်ခေါ်မြဲအရပ်တွင် အတာသင်္ကြန် ခေါ်တော်မူသည်။ မှန်နန်းတော် ဘမရာသနပလ္လင်၊ မနောဟရထီးဖြူတော်အောက်တွင် အတာပွဲတော် တည်တော်မူသည်။ မင်းညီမင်းသား၊ မှူးတော်မတ်တော်တို့ကိုလည်း အတာသင်္ကြန်ထမင်းကျွေးတော်မူသည်။ မြို့တော်အတွင်းရှိကြသော ဒုက္ခိတပေါင်း ၂၁၆ ယောက်တို့ကိုလည်း တစ်ဦးလျှင် ငွေဒင်္ဂါးပြား ၂၀ စီ ပေးကမ်းလှူဒါန်းတော်မူသည်" ဟူ၍ ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် အတာသင်္ကြန်ပွဲတော်ကျင်းပခဲ့ပုံကို ကုန်းဘောင်ခေတ်ရာဇဝင်ကြီး တတိယတွဲ စာမျက်နှာ ၃၁၁ ၌ သမိုင်းမှတ်တမ်းတင်ခဲ့သည်။

ထို့အပြင် ကုန်းဘောင်ခေတ်တွင်လည်း ဘုရင်မင်းမြတ်ကိုယ်တော်တိုင် လက်မှတ်ရေးထိုးထားသည့် သင်္ကြန်အမိန့်ပြန်တမ်းမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ယင်းသင်္ကြန်အမိန့်ပြန်တမ်းမှာ "ပညာရှိတို့က သက္ကရာဇ် ၁၂၄၀ ခု တန်ခူးလပြည့်ကျော် ၇ ရက်၊ စနေနေ့ တစ်ချက်တီးအကျော် ၇ နာရီ၊ ၁ ပါဒ်၊ ၁ ဗီဇနာအချိန်တွင် ဘာနုရာဇာအမည်ရှိသော တနင်္ဂနွေဂြိုဟ်မင်းသည် တပေါင်းဖြစ်သော မိန်ရာသီမှ တန်ခူးဖြစ်သော မိဿရာသီသို့ ပြောင်းဝင်ပါသည်။ တန်ခူးလပြည့်ကျော် ၉ ရက် တနင်္လာနေ့ သုံးချက်တီးကျော် ၁ နာရီ ၃ ပါဒ်၊ ၇ ဗီဇနာပြန်ပြည့်ရရာအချိန်တွင် အတာနှစ်သစ်သက္ကရာဇ် ၁၂၄၁ ခုနှစ်သို့ တက်ပါမည်။ သင်္ကြန်ပြောင်းအချိန်တွင် အမြောက်သံပေးမြဲပေး၍ ရွှေနန်းတော်၊ လွှတ်တော်၊ ဗဟိုရ်စင်၊ ဝင်းရုံးလေးရပ်၊ ရှေ့ရုံး၊ အနောက်ရုံး၊ တရားရုံး၊ ရွှေမြို့တော် ခတ်တံခါးလေးရပ်၊ ထောင့်ပြကြီးများမှာ ညနေကို သံဃာတော်ရှစ်ပါးစီ ပရိတ်တော်ရွတ်မွမ်း၍ နံနက်ဆွမ်းကို လှူဒါန်းပြီးလျှင် ပရိတ်တော်ရေကို ရှစ်ပါးပုဏ္ဏားတို့ ဖျန်းပက်စေ၍ ရွှေမြို့တော်စောင့်ဒိသာဇေယနတ်၊ ရွှေနန်းတော်၊ ရာဇပလ္လင် ဥကင်တော်၊ ထီးဖြူတော်၊ ထီးကြက်တော်၊ ကိုယ်တော်စောင့်နတ်မှစ၍ သိကြား၊ စတုလောကပါလသာသနာတော်စောင့်၊ သမ္မာဒေဝနတ်မြတ်တို့အားလည်း အသနိဟာနိယတရားနှင့်အညီ တင်ကြားပသတော်မူသင့်ကြောင်းနှင့် ရှိခိုးသံတော်ဦးတည်ချက်အတိုင်း သင်္ကြန်ပြောင်းအချိန်တွင် အမြောက်သံပေးမြဲပေး။ ခန့်ထားစီရင်ရန်ရှိသည်များကို ပြီးပြေအောင်စီရင်၊ စေတီပုထိုး၊ ဇောခိညောင်တော်များမှာ အတာညောင်ရေကို နှစ်စဉ်ဆက်သွင်းမြဲဆက်သွင်းသွန်းလောင်း လှူဒါန်းစေ၊ အခါခံရက်အတွင်း ပြည်သူတို့မှာ ထုံး၊ နန္ဒင်း၊ အိုးမဲမသုတ်မသိမ်း၊ မသန့်မပြန့်သည့် ရေများကို မပက်ဖျန်းကြစေနှင့်၊ အမွှေးအထုံ၊ ရေကြည်ရေသန့်များနှင့် နံနက်ခင်း၊ ညနေခင်းကိုသာ ဖျန်းပက်ကြစေ" ဟု သင်္ကြန်သဘင်တွင် လိုက်နာရန် အစီအစဉ်များကို ထုတ်ပြန်ခဲ့သည်။

အထူးသဖြင့် သင်္ကြန်ပွဲတော်၏ မွန်မြတ်လှသော ပွဲမှာ သက်ကြီးပူဇော်ပွဲပင် ဖြစ်သည်။ လူငယ်မောင်မယ်များက သက်ကြီးရွယ်အိုမိဘ၊ ဘိုးဘွားများအား လက်သည်း၊ ခြေသည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်ရေချိုးပေးခြင်း၊ သနပ်ခါး အမွှေးနံ့သာများ လိမ်းပေးခြင်းစသည့် ကောင်းမှုကုသိုလ်များစွာတို့ကို ပြုကြသည်သာမက စားဖွယ်သောက်ဖွယ်များဖြင့်ပူဇော်၍ ရိုသေစွာ ကန်တော့ကြသည်မှာ ကမ္ဘာတွင် မရှိသည့် တန်ဖိုးထားလေးစားမြတ်နိုးရမည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်လည်းဖြစ်သည်။ ထို့အပြင် တန်ခူးလရာသီတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို **မင်္ဂလာအခါတော်နေ့**အဖြစ် ကျင်းပလေ့ရှိသည်။ ထိုသို့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို မင်္ဂလာအခါတော်နေ့အဖြစ် ကျင်းပခြင်းအားဖြင့် ရရှိသော အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ကမ္ဘာသူ ကမ္ဘာသားများ အနိဋ္ဌာရုံများ ပပျောက်ပြီး ဣဋ္ဌာရုံအပေါင်းနှင့် ပြည့်စုံကြစေခြင်း၊

(၂) ဘေးဥပဒ်ရန်အသွယ်သွယ် အန္တရာယ်ပေါင်းစုံမှ ကင်းဝေးကြခြင်း၊

(၃) မကောင်းသော စိတ်ဓာတ်များကို ဖယ်ရှားပြီး ကောင်းသော စိတ်ဓာတ်များကို မွေးမြူကြစေခြင်း၊

(၄) အရှက်နှင့် အကြောက်တည်းဟူသော လောကပါလတရားနှစ်ပါး ထွန်းကားကြစေခြင်း၊

(၅) သတ္တဝါများကို ချစ်ခင်၍ ဘေးရန်ဆင်းရဲကင်းစေလိုခြင်းဟူသော မေတ္တာ၊ ဆင်းရဲသည့် သတ္တဝါများကို သနားကြင်နာ၍ ဆင်းရဲမှုမှ လွတ်ကင်းစေလိုခြင်းဟူသော ကရုဏာ၊ စည်းစိမ်ပြည့်စုံသူများကို မြင်လျှင် ဝမ်းမြောက်၍ စည်းစိမ်မဆုတ်ယုတ်စေလိုခြင်းဟူသော မုဒိတာ၊ သတ္တဝါတို့သည် ကံအတိုင်းဖြစ်ကြ၏ဟု ဆင်ခြင်၍ မုန်းချစ်မပြုဘဲ တည့်မတ်စွာ ရှုမြင်ခြင်းဟူသော မုဒိတာ စသည့်ဗြဟ္မဝိဟာရတရားလေးပါး တစ်နည်းအားဖြင့် ဗြဟ္မစိုရ်တရားလေးပါး ထွန်းကားပြန့်ပွားစေခြင်း၊

(၆) မင်္ဂလာတရားတော်များ ထွန်းကားပြန့်ပွားစေခြင်း။

ထို့အပြင် သင်္ကြန်အတွက် ရှောင်ကြဉ်ရမည့် ရှေးကပညတ်ချက် ၁၀ ပါးကား ရှိခဲ့သည်။ ယင်းတို့မှာ (၁) ရုဒ-ငိုကြွေးခြင်း၊ (၂) မေထုန-မေထုန်သံဝါသပြုခြင်း၊ (၃) မံသ-အသားဟင်းလျာစားသောက်ခြင်း၊ (၄)သုရာ-သေရည်သောက်စားမူးယစ်ခြင်း၊ (၅)ကောဓ-အမျက်ထွက်ခြင်း၊ (၆) ရုဓိရ-သွေးဖောက်၊ သွေးထုတ်ခြင်း၊ (၇) တေလိက-ဆီလိမ်း၊ ဆေးလိမ်းခြင်း၊ (၈) ရက္ခစ္ဆေဒ-သစ်ပင်ဖြတ်ခြင်း၊ ထင်းခုတ်ခြင်း၊ (၉) ကိလာ-ဝယ်ယူခြင်း၊ ကျီသွင်းခြင်း၊ (၁၀) ဝိက္ကိဏာ-ရောင်းချခြင်း၊ ဆိုင်ထွက်ခြင်း စသည်တို့ပင် ဖြစ်သည်။ ယင်းအချက် (၁၀) ချက်ကို အထူးအလေးထား ရှောင်ကြဉ်နိုင်ပါက လောကီ၊ လောကုတ္တရာအကျိုးစီးပွားများ ရရှိခံစားနိုင်ကြမည် ဖြစ်သည်။

ရှေးအစဉ်အလာကတည်းက ခိုင်မာစွာ ပေါ်ပေါက်လာသော မြန်မာ့ရိုးရာသင်္ကြန်ကို မြန်မာနိုင်ငံအတွင်း တောင်ပေါ်မြေပြန့်အနှံ့ ပျော်ရွှင်စွာဆင်နွှဲကြသည်။ ရခိုင်ပြည်နယ်မှ ဗုဒ္ဓဘာသာဝင် ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာသင်္ကြန်ပွဲမှာ တစ်မူထူးခြားလှသည်။ ရခိုင်တိုင်းရင်းသားတို့သည် သင်္ကြန်အကြိုနေ့၌ ရေပက်ကစားခြင်း မပြုကြပေ။ ဘုရားရေသပ္ပာယ်ခြင်း မပြီးမချင်း တစ်ဦးနှင့်တစ်ဦး ရေပက်ကစားခြင်းမပြုကြဘဲ၊ သင်္ကြန်အကြိုနေ့၌ ဘုရားရေသပ္ပာယ်ရန် အကြိုနေ့မတိုင်မီညတွင် အမွှေးနံ့သာတုံးများ သွေးကြသည်။ ရပ်ထဲရွာထဲရှိ ရခိုင်တိုင်းရင်းသူလေးများသည် ပျော်ပျော်ပါးပါး အမွှေးနံ့သာများ သွေးကြသကဲ့သို့ လူပျိုကာလသားများကလည်း အားကျမခံ အတီးအမှုတ် အကအခုန်များဖြင့် နံ့သာတုံးများ ဝင်ရောက်သွေးနေကြသည့် မြင်ကွင်းမှာ ကြည်နူးပျော်ရွှင်စရာကောင်းလှသည်။ ထိုကဲ့သို့နံ့သာသွေးသော ရိုးရာဓလေ့ကို ရခိုင်တိုင်းရင်း သားများက "နံ့သာသွီးပွေး"ဟု ခေါ်ကြသည်။ ထိုကဲ့သို့ သွေးယူထားသော နံ့သာရည်များကို ငွေဖလားကြီးများ၌ တစ်ညတာထည့်၍ သိမ်းထားသည်။ သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ရခိုင်တိုင်းရင်းသူ တိုင်းရင်းသားအားလုံးသည် ပျော်ရွှင်စွာဖြင့် အတီးအမှုတ်အကအခုန်များ ခြံရံလျက် ဘုရားစေတီတော်များသို့ သွားရောက်ပြီး ဘုရားဆင်းတုရုပ်ပွားတော်များကို နံ့သာရည်များဖြင့် ရေသပ္ပာယ်ပူဇော်ကြသည်။ ထို့နောက် သင်္ကြန်အကျနေ့၊ သင်္ကြန်အကြတ်နေ့၊ သင်္ကြန်အတက်နေ့များတွင် နံနက်ပိုင်းမှ ညနေပိုင်းအထိ သင်္ကြန်မဏ္ဍပ်များအတွင်း ရေအပြည့်ထည့်ထားသော လောင်းလှေများ အသုံးပြု၍ ပျော်ရွှင်စွာ ရေပက်ကစားကြသည်။ မိန်းမပျိုကလေးများသည် ရေဖလားကိုယ်စီဖြင့် မိမိရေလောင်းကစားလိုသော လူပျိုကာလသားများကို ရွေးချယ်၍ မျက်နှာချင်းဆိုင်အပြိုင်အဆိုင် ရေလောင်းကစားကြသည်။

မွန်ပြည်နယ်အတွင်း နေထိုင်ကြသော မွန်တိုင်းရင်းသားများသည် သင်္ကြန်အကြိုနေ့မှစ၍ နေအိမ်တိုင်း စတုဒိသာ ညှော့ခံကျွေးမွေးကြသည်။ လာသမျှ ညှော့သည်မှန်သရွေ့ ဖယောင်းနံ့သင်းနေသော သင်္ကြန်ထမင်းနှင့်အတူ ငါးခြောက်ကိုပြုတ်၍ သရက်သီးဖြင့် သုပ်ထားသည့် ဟင်းရန်လည်းပါရှိသည်။ ပူပြင်းသော နွေကာလတွင် မွန်တိုင်းရင်းသားများ၏ သင်္ကြန်ထမင်းမှာ ရင်ထဲသို့ အေးမြသော ခံစားမှုကိုပေးခြင်းပင်ဖြစ်သည်။ တာချီလိတ်မြို့နယ်မှ တာချီလိတ်အတာသင်္ကြန်ပွဲတော်မှာလည်း ထူးခြားလှသည်။ အေးမြသော မယ်ဆိုင်ချောင်းရေဖြင့် သင်္ကြန်ရေပက်ကစားကြရင်း မယ်ဆိုင်ချောင်းနှင့် နမ့်ဖလောက်ချောင်းဆုံရာ နေရာ၌ တည်ရှိသည့် ပုန်းကွန်ချောင်းအပန်းဖြေစခန်းသည် တောရိပ်တောင်ရိပ်ဖြင့် အေးမြသာယာသကဲ့သို့ကျောက်ဆောင် ကျောက်ကမ်းပါးများကလည်း သာယာလှပလျက်ရှိရာ ရေကစားသူများကို အပန်းပြေစေသည်။ ထိုနေရာ၌ တည်ခင်းရောင်းချသော သင်္ဘောသီးထောင်း၊ ငါးကင်၊ အသားကင်များကို စားသောက်ကြရင်း ပူပြင်းသော နွေရာသီကို အန်တုကြသည်။

အထူးသဖြင့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကြီးသည် မင်္ဂလာဆယ့်နှစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သင်္ကြန်မင်္ဂလာဟုခေါ်ဆိုခြင်းဖြစ်သည်။ မင်္ဂလာရှိသော နှစ်သစ်အခါသမယပင်ဖြစ်သည်။ ဤမင်္ဂလာရှိသော နှစ်သစ်အခါသမယတွင် မြန်မာလူမျိုးတို့က ဓလေ့ထုံးတမ်း အစဉ်အလာများကို ထိန်းသိမ်းလာခဲ့ကြသည်။ ထို့ကြောင့် မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကြီး ရိုးရာဓလေ့အစဉ်အလာကောင်းများ မပျက်စီးရအောင် ဝိုင်းဝန်းထိန်းသိမ်းသွားရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

**သင်္ကြန်ပွဲတော်၏ မွန်မြတ်လှသော ပွဲမှာ သက်ကြီးပူဇော်ပွဲပင် ဖြစ်သည်။ လူငယ်မောင်မယ်များက သက်ကြီးရွယ်အို မိဘ၊ ဘိုးဘွားများအား လက်သည်း၊ ခြေသည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော် ရေချိုးပေးခြင်း၊ သနပ်ခါး အမွှေးနံ့သာများ လိမ်းပေးခြင်းစသည့် ကောင်းမှုကုသိုလ်များစွာတို့ကို ပြုကြသည်သာမက စားဖွယ်သောက်ဖွယ်များဖြင့် ပူဇော်၍ ရိုသေစွာ ကန်တော့ကြသည်မှာ ကမ္ဘာတွင် မရှိသည့် တန်ဖိုးထား လေးစားမြတ်နိုးရမည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်လည်းဖြစ်**

---

## မှုခင်းပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး လှုပ်ရှားသည်ဟောပြော

**ရေး ဧပြီ ၇**

ရေးမြို့နယ် အဘော်ကျေးရွာအုပ်စု အဘော်ကျားတန်း၌ ဧပြီ ၆ရက်က ပင်လယ်ပြင်ရေလုပ်သားများအား အမှုကြီးများမဖြစ်ပွားစေရေး မှုခင်းပြခန်းယာဉ်ဖြင့် မှုခင်းအန္တရာယ်ကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ ပင်လယ်ပြင်၌ အမှုကြီးများအများဆုံးဖြစ်ပွားခဲ့၍ ရေလုပ်သားများအချင်းချင်း အရက်သေစာသောက်စားမူးယစ်ပြီး ခိုက်ရန်မဖြစ်ပွားစေရေး၊ ဓား၊ တုတ်လက်နက်များကိုင်ဆောင်ခြင်းမပြုကြရန် တစ်ဦးနှင့်တစ်ဦး ထိန်းသိမ်းကြရန်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို မြို့နယ်ရဲမှူး မြင့်သော်က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ မှုခင်းပြခန်းယာဉ်၏ ရေးမြို့နယ်ခရီးစဉ်သည် ယခုနှစ်အတွင်း (၈)ကြိမ်မြောက်ဖြစ်ပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ လူစည်ကားရာ နေရာများဖြစ်သော ဈေး၊ ကားကွင်း၊ စာသင်ကျောင်းနှင့် ပင်လယ်ရေလုပ်သားများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်-ရေး**


Ovaltine
အတာသင်္ကြန်ပွဲတော်မှာ လန်းဆန်းစေဖို့
အိုဗာတင်း ၄၀၀ ဂရမ် ဘူးကို ဝယ်ယူပြီး
အိုဗာတင်းအဖုံးလက်ဆောင်
လက်ဆောင် ရေပူးအဖုံး
Ovaltine Malted Milk
Energy
COMPLETE NUTRITION
Strong
Nutritious Malt Drink
Chocolate Flavor
ပစ္စည်းအရေအတွက်ကန့်သတ်ထားလို့ မြန်မြန် ဝယ်လိုက်နော်

SHARP

SDM COMPANY LIMITED

မြန်မာ့နှစ်ကူး နွေဦးကာလ အထူး Air-Con Promotion



အကောင်းဆုံးအရည်အသွေး အခိုင်ခံ့ဆုံးပုံစံ
ပိုမိုကောင်းမွန်သော ဂျပန်နည်းပညာ



Ion Plasmacluster

7 SHIELDS

J-TECH INVERTER

HOT LINE
01-253425, 09-5011179

အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဝယ်ယူရရှိနိုင်သောနေရာများ
(၁) အမှတ် ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ရန်ကုန်မြို့ (Sharp အရောင်းပြခန်း)
(၂) အမှတ် ၄၀၈/၄၁၀ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့်၊ ရန်ကုန်မြို့ (AA Electronics, Samsung အရောင်းပြခန်း)

www.facebook.com/Myanmar.Sharp/



ကား မျိုးစုံ
Alphard, Hiace ၉/၁၃ စီးယာဉ် ၂၄/၂၉/၃၃/၄၅ စီးယာဉ်များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ချိုသာသော ဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph: 09795549249, 095418126
09-795546884



ချာချီးယား
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ ဆိပ်ကမ်းမြို့နယ် မြောက်ပိုင်း၊
ရွှေပြည်သာမြို့နယ် များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862



Since 1996
ပုလဲ
(သူငယ်တန်းမှ ၁၀တန်း)
ဆရာဝန်များဦးစီးသော စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း

မိမိတို့ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိတ်ငြိမ် ခြံဝန်းကျယ် အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။ ကွန်ပျူတာ၊ အင်္ဂလိပ် (4 Skill)၊ အားကစား၊ တေးဂီတ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ



ကျွမ်းကျင်သော Guide အသင့်ရှိသည်
ထူးချွန်ကျောင်းသားများ နိုင်ငံခြား တက္ကသိုလ်ပညာရေး ခရီး
၂၀၁၇ ကြိုအပ်လက်ခံပြီ
သင့်တင့်သော သင်တန်းကြေး။

(ဂ) တန်းအစိုးရစစ် အတွက် သင်ရိုးကုန်သင်ပေးပြီး အထူးလေ့ကျင့်ပေးသည်။
(၉) တန်းအထူး – သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀) တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။

အမှတ်(၇၇) ငုဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉-၅၁၅၀၀၅၁၊ ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂



ပါကေး အစားထိုး ကြမ်းခင်း
သင်္ကြန် ပွဲတော်အကြို Promotion
မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
think of House, think of Home



Grade A,B,C,D
စမ်းသပ်မှုကိုစက်ဖြင့် "အခမဲ့" လက်တွေ့ စမ်းသပ်ပေးသည်။

Buy Flooring → Get Box
၃ ကျင်း ဝယ်လျှင် ၁ ပုံး လက်ဆောင်

* Grade A,B,C,D အစစ်များသာရောင်းပါသည်
* ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိ ရှိပါသည်
* လတ္တား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း



ပိတ်ရက်မရှိ

➤ အမှတ် (E-11A) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီ မှတ်တိုင်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။
➤ အမှတ်(၄/၄၆၇)၊ (၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။

HOTLINE: 09-79 700 70 70
09-79 700 70 80

(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာနိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်



Air-Con အထူးဈေးနှုန်း

| 1HP | 1.5 HP | |
|---|---|---|
| 248,500/- | 285,000/- | နာမည်ကြီး |
| 309,000/- | 363,500/- | အမှတ်တံဆိပ်များ |

ပါဝင်သော ပစ္စည်းနှင့် ဝန်ဆောင်မှုများ
၁။ အခမဲ့ တပ်ဆင်ခြင်း
၂။ အခမဲ့ ပစ္စည်း ပို့ဆောင်ခြင်း
၃။ Safe Guard လက်ဆောင်

ဆက်သွယ်ရန် - အေအေ အီလက်ထရောနစ်လီမိတက်
Ph: 01-249587, 249588, 253425, 252990


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် FF/2485 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဈ/၆၃၈၈ Hlaing Gabar MPV Micro Bus (4×2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဌေး ၉/ခအဇ(နိုင်)၀၈၆၆၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

JUNCTION CITY

CONGRATULATIONS

Heartiest congratulations and best wishes from

DPA DP ARCHITECTS

ARCADIS Design & Consultancy for natural and built assets

J ROGER PRESTON (S) PTE LTD MECHANICAL & ELECTRICAL CONSULTING ENGINEERS

DPE DP ENGINEERS

dpdi

PMLink

BSD building system & diagnostics

Spunk.

on the official opening of
Junction City Tower and Junction City Shopping Centre
on 31 March 2017



Corner of Bogyoke Aung San Road and Shwedagon Pagoda Road, Pabedan Township, Yangon. www.junctioncityyangon.com
YCDC Building Completion Certificate (BCC) :၁၂၁၆ / အိမ်ယာ / စည်ပင်-ယာ / အုံ(ပုံစံ)

Master Developer
SHWE TAUNG JUNCTION CITY DEVELOPMENT CO., LTD

SHWE TAUNG Real Estate

Keppel Land Thinking Unboxed™




ဖျာပုံပေါ် ဆန်းမွှေးကောင်းကောင်း
အရောက်ပို့ (၃၆၀၀၀)ကျပ်
ပွဲတော်အုပ်ဆန်ဆိုင်
01-512443,09-5055574

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

**THREE STAR**
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း
ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက်
ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con Brand New 1HP
၃ နှစ်အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 265000-Ks
(Copper Pipe-10', Drain Pipe, Wire, Frame, Transportation)
"အနီးဆုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

Tah Lee Gold
ယုဇနပလာဇာအနီး
စိန်ရွှေရတနာဆိုင် "တာမွေဆိုင်ခွဲ" မှ
မိတ်ဟောင်းမိတ်သစ်များအား အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်...
No.294, ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊
သီတာမှတ်တိုင်နှင့် အောင်မင်္ဂလာမှတ်တိုင်ကြား တာမွေမြို့နယ်။
Ph: 09-450000451, 09-450000452

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
လှည်းကူးမြို့ပဲခူး-ရန်ကုန်လမ်းမကြီးအနီး(G)ဥယျာဉ်
ခြံမြေ၊မီးရှိ၊(40'x60')-60သိန်း၊
(40'x40')-40သိန်း၊(40'x35')-35သိန်း
Ph:09-799912803,09-250168879

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၈ နှင့်ဆက်နွယ်သည့်
၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၄၂

ဦးခင်ထွန်း နှင့် ဦးအုံ့မောင်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးခင်မောင်ဝင်း)
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဦးအုံ့မောင် အမှတ် ၁၀၈၀/ခ၊ ကုန်းဘောင်(၁၁)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၈တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးခင်ထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်စုံတစ်ရာရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြစ်စေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဧပြီ ၂၇ ရက် (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ် ဧပြီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ခင်အေး)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၆ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၁

ဒေါ်ထွေးထွေးမိုး နှင့် ဒေါ်ခင်ညွန့်ရီ ပါ ၁၁
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးဇော်မင်း)
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ (၁) ဒေါ်ခင်ညွန့်ရီ အမှတ် ၅၂၅၊ မြင်တော်သာလမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ (ယခုနေရပ်လိပ်စာမသိ)

လျှောက်ထားခံရသူ ၄။ ကိုသိန်းထူး(ခ)ကိုဂျွန်၊ ၅။ ကိုဟော်ဖုန်း၊ ၆။ အပါလေး(ခ)ဦးရဲမင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မြတ်စုထွေး)၊ အမှတ် ၁၀/A၊ ပြည်ထောင်စုရိပ်သာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)

လျှောက်ထားခံရသူ ၁၀။ ဒေါ်စန်းစန်းရီ တိုက် ၁၂၊ အခန်းအမှတ် ၅၀၁၊ နဝရတ်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)

လျှောက်ထားခံရသူ ၁၁။ ကိုထွန်းထွန်းဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်ထွေးထွေးမိုး (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးဇော်မင်း)က ဤရုံးသို့ ဒက္ခိဏခရိုင်တရားရုံး၏ မကြီးမှု ၁၂/၂၀၁၆ အမှုအား အခြားခရိုင်တရားရုံးတစ်ရုံးရုံးသို့ လွှဲပြောင်းပေးပါရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၇ခုနှစ် ဧပြီ ၂၈ရက် (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၃ရက်) နံနက် ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျ ပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**ရွှေလမ်းခရီး**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855

## အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက် ၁၂၊ နယ်မြေ ၁၅၊ လမ်းသွယ် ၂၊ အဝေရာလမ်းမှ ဦးလာဇလု ၁၃/သနန(နိုင်)၀၀၉၂၅၇ ၏သမီး မအဲစေ၏ အမည်မှန်မှာ မအဲစိန် ဖြစ်ပါသည်။

## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
သဃ်န်းကျွန်းမြို့နယ်တရားရုံး
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၄

ဒေါ်ပွင့်သီတာစိုး နှင့် ဦးကျော်သူ(ခ)ဘိုသူ
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ(၃)လမ်း၊ ဒုတိယထပ် သုံးလွှာ၊ အမှတ်(၇၇၇)နေ ဦးကျော်သူ(ခ)ဘိုသူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ပွင့်သီတာစိုးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဧပြီ ၂၇ရက် (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဧပြီ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယမင်းရွှေစင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**သဃ်န်းကျွန်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာ၊ ကွင်းအမှတ်(၁၉၉၀-ပြင်)၊ ချောင်းသာပြင်ကွင်း၊ ဦးပိုင်အမှတ် ဈ-၁၆၊ ဧရိယာ ၀ဒသမ ၁၅၉ဧကရှိ မြေကို ဒေါ်သူဟန်ထွန်း အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက အကျိုးအကြောင်းဖော်ပြ၍ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာ၊ ကွင်းအမှတ် ၁၉၉၀၊ ချောင်းသာကွင်း၊ ဦးပိုင်အမှတ် စ-၁၀၇၊ ဧရိယာ ၀ဒသမ ၀၆၁ဧကရှိ မြေကို ဦးသိန်းဇော်ဦးအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက အကျိုးအကြောင်းဖော်ပြ၍ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၂၃၅၊ မြေကွက်တည်နေရာအမှတ် ၂၃၅၊ စပယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာ ဦးခင်ဇော်ဦး ၁၂/အစန(နိုင်)၀၇၃၁၄၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်ဇော်ဦး ၁၂/အစန(နိုင်)၀၇၃၁၄၆ မှ ပါမစ်ပျောက်ဆုံး ကျမ်းကျိန်ထောက်ခံစာတို့ဖြင့် ထုတ်ယူထားသော နှစ် ၆၀ ဂရန်မူရင်းတင်ပြ၍ ခြံကား၊ ဘဏ်ချေးမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ယန္တယားရပ်၊ အကွက်(၅၉၄)၊ ဦးပိုင်အမှတ် ၂၁၇/၁၀ အား ယခင်ပိုင်ရှင် ဒေါ်ခင်အေးမြတ် ၉/အမရ(နိုင်)၀၄၆၆၆၁ ထံမှ ကျွန်တော် ဦးစိုးမိုးအောင် ၉/ပကခ(နိုင်)၀၀၅၉၂၅ မှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ ယခုအခါ ဦးစိုးမိုးအောင်သာလျှင် ပိုင်ရှင်အစစ်အမှန်ဖြစ်ကြောင်းနှင့် ဦးစိုးမိုးအောင်မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစိုးမိုးအောင် ၉/ပကခ(နိုင်)၀၀၅၉၂၅**
**ရပ်ကွက်ကြီး(၇)**
**တ·အ·လ (အသံလွှင့်တပ်ဟောင်း)**
**သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၇၉၈၈၃၅၄၅၈**

## ကန့်ကွက်နိုင်ပါကြောင်း

ကျိုင်းတုံမြို့၊ ယန်းလောကျေးရွာ၊ ဝေါခုတ်မြို့သစ်၊ ဦးပိုင်အမှတ် ၁၅၂၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧက၊ မြေကွက်အမှတ်(A-၁၆၇) ဒေါ်နန်းဆိုင် အမည်ဖြင့် ခွင့်ပြုချထားသောမြေကွက်သည် ဒေါက်တာဆုလွှင်လွှင်သော် ၁၄/ဖပန(နိုင်)၀၃၅၇၄၃ အမည်သို့ မြေပေးမိန့် လွှဲပြောင်းချထားပြီးဖြစ်၍ ယခုလက်ဝယ်ပိုင်ဆိုင်သူ ဒေါက်တာဆုလွှင်လွှင်သော် အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်ရန်ရှိပါက ၄-၄-၂၀၁၇ရက်မှ ၂၈-၄-၂၀၁၇ ရက်ထိ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါက်တာဆုလွှင်လွှင်သော် ၁၄/ဖပန(နိုင်)၀၃၅၇၄၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဟိုတယ်ဇုန်အရှေ့ရပ်၊ မြေကွက်အမှတ် ဈ-၂၃၄၂၊ မြေဧရိယာ ၀ဒသမ ၅၄၅ဧကရှိ ဦးစောမြသိန်းအမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဦးစောမြသိန်း (ဘ) ဦးမန်းအမောင် ၁၄/ဝခမ(နိုင်)၀၁၁၄၀၃ မှ မြေငှားစာချုပ်မူရင်းတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ဒေါက်တာကျော်စိုး** (စာရေးဆရာ ရွှေနွယ်)
ညွှန်ကြားရေးမှူး(ငြိမ်း)
သတင်းအချက်အလက်နည်းပညာနှင့် Cyber လုံခြုံရေးဦးစီးဌာန
ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန
ဗဟိုစီးပွားရေးကော်မတီအဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ စာရင်းစစ်
လူရည်ချွန်(၁၉၆၄-၁၉၈၈)အဖွဲ့
ဒါရိုက်တာ၊ စီးပွားရေးရာဌာန
ရွှေသံလွင်ကုမ္ပဏီလီမိတက်
Coordinator
Myanmar International School
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာလမ်းသစ်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၂၀၂နေ ဒေါ်ဆွေဇင်ဝါ(လက်ထောက်အင်ဂျင်နီယာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ချစ်လှစွာသောခင်ပွန်း၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ် ၄၃၈နေ ဦးလှနွယ်-ဒေါ်ရင်ရွှေတို့၏သားကြီး၊ ဦးမောင်မောင်-(ဒေါ်သန်းသန်းနွယ်)တို့၏သားသမက်၊ Captain သန်းနိုင်-ဒေါ်သန်းသန်းအေး၊ ဦးအောင်ကျော်ဇော၊ ဒေါ်မြတ်သီတာ၊ ဦးယဉ်ထွေး၊ ဒေါ်စန္ဒာရွှေ၊ ဒေါ်သီနွယ်ထွေး၊ ဗိုလ်ကြီးတင်ဆန်းဦး-ဗိုလ်မေလွင်၊ ကိုဝင်းထွဋ်တို့၏ချစ်လှစွာသောအစ်ကိုကြီး၊ မောင်ဖြိုးနောင်ဝင်း၊ မောင်ထွန်းနောင်ဝင်း၊ မရွှေယမင်း၊ မောင်သုထက်အောင်၊ မထက်သီရိနိုင်၊ မစုယဉ်မွန်ထွေးတို့၏ချစ်လှစွာသောဘကြီးသည် ၇-၄-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာကျော်စိုး**
အသက်(၆၂)နှစ်

ရွှေသံလွင်ကုမ္ပဏီလီမိတက်၊စီးပွားရေးဌာန၊ဒါရိုက်တာ ဒေါက်တာကျော်စိုးသည် ၇-၄-၂၀၁၇ရက် (သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ
ရွှေသံလွင်ကုမ္ပဏီလီမိတက်

---

ဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာကျော်စိုး**
အသက်(၆၂)နှစ်

Myanmar International School, Coordinator ဒေါက်တာကျော်စိုးသည် ၇-၄-၂၀၁၇ရက် (သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Myanmar International School
ဝန်ထမ်းမိသားစုများ

---

ခရစ်တော်၌အိပ်ပျော်ခြင်း
**pi khawm Za Nial**
အသက်(၉၀)

ကြည့်မြင်တိုင်မြို့နယ်၊ ဦးကောင်းလမ်း၊ အမှတ် ၅၂၈ (က)နေ Rev. Dr. S. Pan Khan En ၏အစ်မ၊ Pu Pau Za Thang, Pi Vung Za Huai တို့၏သမီးသည် ၇-၄-၂၀၁၇ရက် ညနေ ၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၄-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အထက်ပါနေအိမ်နှင့် TBC-Y ဘုရားကျောင်း၊ ဆူးလေ၊ ပိတောက်ကွေ့ (ယုဇန)တို့မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာမည်ဖြစ်ပါကြောင်း။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးကျော်ရှိန်** (အရာခံဗိုလ်၊ ငြိမ်း)
အသက်(၈၄)နှစ်

သူငယ်ချင်း ဗိုလ်မှူးသိန်းထိုက်ထွေး၏ ဖခင်ကြီး ဦးကျော်ရှိန် (အရာခံဗိုလ်-ငြိမ်း)သည် ၄-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၂၆)မှ သူငယ်ချင်းမိသားစုများ

---

အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးတင်ညွန့်** (ဒလမြို့နယ်၊ ရန်ကုန်)
အသက်(၈၃)နှစ်

သူငယ်ချင်း ကိုအောင်မိုး (B.Agr.Sc) ၁၉၈၄ အကြီးတန်း၏ဖခင်သည် ၅-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

(B.Agr.Sc) ၁၉၈၄ အကြီးတန်း သူငယ်ချင်းများ

---

ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်အေးနှစ်** (B.Ed - 74)
အသက်(၆၅)နှစ်

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) နေအိမ်၌ ဒေါ်အေးနှစ် (မြို့နယ်ပညာရေးမှူး၊ ငြိမ်း)သည် ၂-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း မြင့်မြတ်ရာဘုံဘဝသို့ရောက်ပါစေ။

(၁၉၆၉-၇၄) ပညာရေးဘွဲ့ရသူငယ်ချင်းများ
ရန်ကုန်ပညာရေးတက္ကသိုလ်

သင့်သွေးဖြင့် အသက်ကယ်ပါ

---

သီလရှင်ဆရာကြီး **ဒေါ်သုဝဏ္ဏစာရီ** (ကျောက်တော်)
မင်္ဂလာသီရိ မဟာသတိပဋ္ဌာန်ကျောင်းတိုက်(ရခိုင်ကျောင်း)
ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်
အသက်(၉၂)နှစ်

(ခမည်းတော် ဦးသာလှအောင်-မယ်တော် ဒေါ်မစန်း)တို့၏သမီး၊ မင်္ဂလာသီရိ မဟာသတိပဋ္ဌာန်ကျောင်းတိုက် သီလရှင်များ၏ဆရာကြီး ဒေါ်သုဝဏ္ဏစာရီသည် ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) ည ၈း၃၀နာရီတွင် ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(မင်္ဂလာသီရိ မဟာသတိပဋ္ဌာန်ကျောင်းတိုက်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ဒါယကာ၊ ဒါယိကာမများနှင့်ဆွေမျိုးများ

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်တင်တင်မြင့်**
(Florence Kyaw Hein)
အသက်(၉၀)

ဦးဇော်ဝင်းမြင့်(ညွှန်ကြားရေးမှူးချုပ်၊ ကညန၊ ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီး ဒေါ်ရင်ရင်ဇော်(ငြိမ်း) (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)တို့၏မိခင်ဖြစ်သူ ဒေါ်တင်တင်မြင့် (Florence Kyaw Hein) သည် ၁-၄-၂၀၁၇ရက် နံနက် ၁း၂၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်မောင်စိုး၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
နှင့် ဇနီး ဒေါ်နီနီ မိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ဧကရီခိုင်**
(လက်ထောက်ကထိက၊ ရက္ခဗေဒဌာန၊ ငြိမ်း)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ (၃၂) တိုးချဲ့ရပ်ကွက်၊ တော်ဝင်လမ်းသွယ်၊ အမှတ် ၁၂၈နေ ဦးမြတ်ကို (ဝန်ကြီးချုပ်-ငြိမ်း)၏ ဇနီး ဒေါ်ဧကရီခိုင်(လက်ထောက်ကထိက၊ ရက္ခဗေဒဌာန၊ ငြိမ်း)သည် ၁-၄-၂၀၁၇ရက် (စနေနေ့) ည ၇း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်မောင်စိုး၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)
နှင့် ဇနီး ဒေါ်နီနီ မိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
**ဦးစိန်ပေါ**
အသက်(၈၆)နှစ်

ဦးမော်သာထွေး (ဒုတိယဝန်ကြီး၊ ငြိမ်း) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒေါ်ခင်ခင်ကြီး (ကထိက၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်)တို့၏ ဖခင်၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဆိုရှယ်လမ်း၊ အမှတ် ၃၂နေ ဦးစိန်ပေါသည် ၄-၄-၂၀၁၇ရက် နံနက် ၈း၃၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဝန်ကြီး(ငြိမ်း)များ (၂၀၁၁-၂၀၁၆)

---

ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ဧကရီခိုင်**
(လက်ထောက်ကထိက၊ ရက္ခဗေဒဌာန၊ ငြိမ်း)
အသက်(၆၇)နှစ်

ဦးမြတ်ကို (တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်-ငြိမ်း)၏ဇနီး၊ မသရဖီခိုင်ဇာ(စင်ကာပူ)၊ ဒေါက်တာမျိုးထက်အေး-ဒေါက်တာသပြေခိုင်ဇာ၊ ဒေါက်တာသုတ-ဒေါက်တာအိနှင်းဖြူတို့၏ မွေးသမိခင် ဒေါ်ဧကရီခိုင် (လက်ထောက်ကထိက၊ ရက္ခဗေဒဌာန၊ ငြိမ်း)သည် ၁-၄-၂၀၁၇ရက် ည ၇း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆန်းလွင်(ညွှန်ကြားရေးမှူး)နှင့်ဇနီး ဒေါ်ခင်စောမြင့်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ကချင်ပြည်နယ်ဦးစီးဌာနမှူးရုံး၊ မြစ်ကြီးနားမြို့

---

**ဒေါ်မြင့်မြင့်ဌွေး**
အလယ်တန်းပြ(ငြိမ်း)
အထက(၆)ပဲခူး
အသက်(၇၁)နှစ်

ပဲခူးမြို့၊ အုန်းပင်တန်း၊ အမှတ် ၁၁၄ နေ (ဦးကိုကိုကြီး) - ဒေါ်ခင်ညွန့်တို့၏ သမီး၊ (ဦးရွှေ-ဒေါ်အုံးတင်)တို့၏သမီးချွေးမ၊ ဦးထွန်းအောင်ကျော် (ညွှန်မှူး၊ ငြိမ်း၊ ကညန) - (ဒေါ်ခင်လေးစု)၊ ဦးမောင်မောင်-ဒေါ်ခင်ထွေးမူ၊ဦးကိုကိုနိုင်-ဒေါ်မာမာမြင့်(AMARA GOLD HOTEL)၊ ဦးကိုကိုပိုင်-ဒေါ်ခက်ခက်ခိုင်(ဇော်ညီနောင် အိမ်ဆောက်ပစ္စည်း)၊ ဦးကျော်လင်း-ဒေါ်မိမိကြီး၊ ဒေါ်မိမိငယ်(ရွှေ-FM)၊ ဦးကျော်ကျော်-ဒေါ်မေသကြ်ဳန် (သင်္ဂီကျော် ပိုးထည်တိုက်)တို့၏အစ်မ၊ မခင်ကြည်ပြာဇော် (ရိုးမဘဏ်)၊ ဦးဇေယျာအောင်-ဒေါ်သင်္ဂီဝင်းထွဋ်၊ (မောင်ဉာဏ)တို့၏မိခင်၊ မောင်ခန့်လင်းကျော်-မအေးမွန်ကျော်၊ မဆုလဲ့ဖြူတို့၏အဘွား၊ ပဲခူးမြို့၊ အုန်းပင်တန်းနေ ဦးဇော်ဝင်း၏ဇနီးသည် ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးကျော်မိုးလွင်**
(ဟိုတယ်/ခရီး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဌာနခွဲ)
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊စန္ဒကူးလမ်း၊ဟိုတယ်/ခရီး အိမ်ရာ၊ အမှတ် ၇နေ ဦးသန်းလွင်-ဒေါ်အေးနွဲ့တို့၏သား၊ (ဦးတင်မောင်လွင်-ဒေါ်စန်းစန်းမြင့်)တို့၏ညီ၊ ဦးမျိုးမင်းလွင်-ဒေါ်စန္ဒာဦး၊ (ဦးအောင်မျိုးလွင်)-ဒေါ်သီတာကျော်၊ ဦးညီညီလွင်-ဒေါ်အေးမွန်ကို၊ ဦးစံမြင့်-ဒေါ်စိုးစိုး၊ ဦးစောနိုင်-ဒေါ်စန်းစန်းမော်၊ဦးဝင်းကို-ဒေါ်စုစုလွင်တို့၏အစ်ကို၊ မအိသက်မာ၊ မောင်ရန်နိုင်ထွန်း (ခ) မောင်သက်နိုင်ထွန်း၊ မခင်သန္တာလွင်၊ မသဲဆုစံတို့၏ ဖခင်၊ ဒေါ်မာမာချို၏ ခင်ပွန်းသည် ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၂၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
**ဒေါ်ခင်ရွှေ**
အသက်(၇၉)နှစ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ဘိုရားကြီးကျေးရွာနေ (ဦးဖိုးချွဲ-ဒေါ်စောခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ လှိုင်ရတနာအိမ်ရာ၊ တိုက် ၅၊ အခန်း ၂၈၊ ရန်ကုန်-အင်းစိန်လမ်းမနေ (ဦးရွှေသောင်)၏ဇနီး၊ ဦးသိန်းဝင်း-ဒေါ်သန်းသန်းယဉ်၊ ဦးမောင်မောင်သန်း-ဒေါ်တင်တင်လှ၊ ဦးမြင့်ချို(ဆ/မ ဖြည့်တင်းရေး) - ဒေါ်မီမီအောင်(ဆ/မ ဖြည့်တင်းရေး)၊ ဦးစိုးမြင့်-ဒေါ်ရီရီလွင်၊ ဦးမောင်မောင်ညွန့် - ဒေါ်ခိုင်ခိုင်ဝင်း (ရိုးမဘဏ်)တို့၏မိခင်၊မြေး ခုနစ်ယောက်တို့၏အဘွားသည် ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၇ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
**ဦးကွမ်** (ကော့သောင်း)
အသက်(၇၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်၊ ဘုရားလမ်း၊ အမှတ်၂၆၀နေ(ဦးဖုစူးဟိုင်-ဒေါ်စုဖိတ်)တို့၏သား၊ ဒေါ်လှလှရီ၏ခင်ပွန်း၊ ဦးထွန်းလင်း - ဒေါ်ယုစီတို့၏မောင်၊ (ဦးကောင်းညွန့်) - ဒေါ်မြင့်မြင့်ချို၊ ဦးအောင်မြင့်-ဒေါ်အင်ပို၊ ဦးသိန်းလွင်-ဒေါ်ခင်လေးလွင်၊ ဦးတင်မောင်-ဒေါ်ခင်ဝေ၊ ဦးတင်စိန်-ဒေါ်မြင့်မြင့်စန်း၊ ဦးအောင်ကျော်သန်း-ဒေါ်နီနီချို၊ ဦးတင်အောင်-ဒေါ်ခင်မာမာ၊ ဦးမင်းနိုင်-ဒေါ်စန်းစန်းထွေးတို့၏အစ်ကိုသည် ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသား/အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
**ဦးစိန်ဝင်း**
လျှပ်စစ်ဝန်ထမ်းဟောင်းများ
အသင်းဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန(ငြိမ်း)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ (၁)ရပ်ကွက်၊အနောက်ပိုင်းလမ်း၊အမှတ် ၁၀၅၄ နေ (ဦးလှမောင် - ဒေါ်အုန်းမြိုင်)တို့၏ သား၊ (ဦးဂစ်ရှား-ဒေါ်ခင်လှ)တို့၏သားသမက်၊ ဒေါ်ခင်ဥ၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ရဲလင်းဦး၊ (မောင်ဟိန်းဇော်ဦး)၊ မောင်ထိန်လင်း-မလှိုင်ဇင်ဦး၊ မောင်ရန်နိုင်အောင်တို့၏ဖခင်၊ မနေခြည်လင်းထက်၊ မရတီစုမြတ်တို့၏ အဘိုးသည် ၇-၄-၂၀၁၇ရက် (သောကြာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှမှော်ဘီမြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်သန်းဝင်း** (မင်းရွာ)
B.Com (AA) (1977- ခုနှစ်)
(MPPE ဝန်ထမ်းဟောင်း)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၄လမ်း၊ အမှတ် ၆၄၁နေ (ဦးသင်း)-ဒေါ်လှိုင်တို့၏သမီး၊ ဦးသန်းဦး (စစစ၊ ဦးစီးအရာရှိ၊ ငြိမ်း) (ရဲသူရအပတ်စဉ်-၁၃)၏ဇနီး၊ ဦးညွန့်ဝေ-ဒေါ်ကျင်ဝင်း၊ ဒေါ်ခင်စန်းရီတို့၏ ညီမ၊ ဗိုလ်ကြီးကျော်ဇေယျာသင်း (DSMA အပတ်စဉ်-၈)-ဒေါ်တင်တင်အေး၊ ဦးကျော်ငြိမ်းချမ်းဇင်(British Council, Customer Service Assistant)တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၇-၄-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၄-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဘဒ္ဒန္တရေဝတ**
(မဇ္ဈိမထိကဗဟုဇနဟိတရေ)
သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ အောင်ချမ်းသာရွာနေ (ခမည်းတော် ဦးဘကျန်-မယ်တော် ဒေါ်လှကြီး)တို့၏သားတော်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ရတနာသိင်္ဃကျောင်းနှင့် ကံ့ကော်ကျောင်းတို့၏ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တရေဝတသည် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁၀ရက်) ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) ည ၇း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁၄ရက်) ၁၀-၄-၂၀၁၇ ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာများနှင့်
ဒါယကာ၊ ဒါယိကာမများ

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးထွန်းရှိန်** အသက်(၉၈)နှစ်
ကျောင်းအုပ်ဆရာကြီး(အငြိမ်းစား)၊ အမက(၂)ပုဇွန်တောင်မြို့နယ်

ရန်ကုန်မြို့၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၂၁၀၊ ပထမထပ် (2-B)နေ (ဦးထွန်းအောင်-ဒေါ်သိန်းရင်)တို့၏သား၊ (ဦးအုန်းဖေ-ဒေါ်သိန်းတင်)တို့၏သားသမက်၊ (ဒေါ်သိန်းလှိုင်)၏ခင်ပွန်း၊ (ဦးမောင်သန်း)-ဒေါ်ကြည်ကြည်ဦး၊ ဦးတင်ထွန်း-(ဒေါ်တင်ရွှေ)၊ ဒေါ်သီသီဦး၊(ကိုမိုးဇော်)၊ (ကိုရဲနောင်)၊ (ကိုရဲအောင်)၊ မနီနီဦး၊ မသက်သက်အောင်တို့၏ဖခင်၊ ကိုဇော်မင်းအောင်-မနုနုလှိုင်၊ ကိုကြည်မြင့်-မစုစုလှိုင်၊ ကိုသန်းဦးလှိုင်-မမြမြအေး၊ ကိုဇော်မျိုးလှိုင်၊ ကိုဇော်ဇင်လှိုင်၊ မဝင်းသန္တာထွန်း၊ ကိုမျိုးဝင်း-မသိမ့်သန္တာထွန်းတို့၏အဘိုး၊ မြစ်ကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၄-၂၀၁၇ရက်(သောကြာနေ့) နံနက် ၇း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၄-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဦးအေးသိန်း** (လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း)
ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး
အသက်(၆၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နေ (ဦးအောင်ညွန့်-ဒေါ်သန်းရီ)တို့၏သား၊ [ဗိုလ်မှူးသန်းရွှေ(ငြိမ်း)]-ဒေါ်တင်စန်းရီ၊ [ဒုတိယဗိုလ်မှူးကြီးတင်လှ(ငြိမ်း)]-ဒေါ်တင်မိမိလှိုင်၊ ဗိုလ်ကြီးလှရွှေ(ငြိမ်း)-ဒေါ်နီနီ၊ (ဦးမြင့်ရွှေ)-ဒေါ်ရင်နု၊ ဒေါက်တာရဲညွန့်-ဒေါ်စိန်စန်းတို့၏ညီ/မောင်၊ ဒေါ်မြင့်မြင့်ကြည်၏အစ်ကို၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ တိုက် ၂၇၉၊ အခန်း ၀၂နေ ဒေါ်ခင်နှင်းအေး(ခ)ဒေါ်ကျော့ကျော့၏ခင်ပွန်း၊ ကိုဇော်မိုးသိန်း၊ ဗိုလ်မှူးဇေယျာသိန်း(ကက-လေ)-ဒေါ်သဲနေနေကျော်(ပညာ-လေ့ကျင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန)တို့၏ဖခင်၊ မနှင်းဝတီဇေယျာ၊ မယွန်းနဒီဇေယျာတို့၏အဘိုးသည် ၆-၄-၂၀၁၇ရက် ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၇ ရက် နံနက် ၁၁နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
**ဦးအေးသိန်း**
အသက်(၆၆)နှစ်

တပ်မတော်နည်းပညာတက္ကသိုလ် အမှတ်စဉ်(၅) ဗိုလ်လောင်းသင်တန်းမှ ဗိုလ်မှူးဇေယျာသိန်း(တပ်မတော်-လေ)၏ဖခင် ဦးအေးသိန်း (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ပညာရေးဝန်ကြီးဌာန)သည် ၆-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်နည်းပညာတက္ကသိုလ်အမှတ်စဉ်(၅)မှ သူငယ်ချင်းများ

---

ခရစ်တော်၌အိပ်ပျော်ခြင်း
**ဦးထွန်းကြည်ဦး(ခ)ဦးမောင်ကြီး**
အသက်(၆၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆဒ္ဒန်လမ်း၊ အမှတ် ၅၂၊ လေးလွှာနေ (ဦးကျော်ထွန်း-ဒေါ်ကြည်ကြည်)တို့၏သား၊ စောမြဝင်းကျော်-နော်ဖောဖိုးတို့၏သားသမက်၊ ဒေါ်ခင်သန်းစိုး၊ (ဒေါ်ခင်ဆွေမြင့်)၊ ဒေါ်ခင်ချိုအေး၊ ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ကြည်ကြည်လှိုင်ထွန်းတို့၏မောင်၊ ဦးမောင်အောင်-Mrs. Poe၊ ဒေါ်မွေးသူဇာကျော်ထွန်း-ဦးဇော်ဝင်းမောင်တို့၏အစ်ကို၊ မဆုမြတ်နိုးဦး၊ မချယ်ရတီတို့၏ဖခင်၊မဖြူသက်ဆွေ၊မနှင်းလဲ့ဆွေ၊မဆွေဆွေအောင်@ Nucharee Aung တို့၏ဦးကြီး၊ နော်မေရီကျော်၏ချစ်လှစွာသောခင်ပွန်းသည် ၆-၄-၂၀၁၇ ရက် ညနေ ၄း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၄-၂၀၁၇ ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဗိုလ်ကြီးဝဏ္ဏရဲထိုက်**
ကြည်း-၃၆၅၂၈
B.E (Chemical)
DSTA-5 Intake
အသက်(၃၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နေ ဦးဉာဏ်ဆွေဝင်း-ဒေါ်ဖြူဖြူမြင့်တို့၏တစ်ဦးတည်းသောသား၊ ဒုတိယဗိုလ်မှူးကြီးဇေယျာလင်း-ဒေါ်စပယ်ဖြူဆွေတို့၏မောင်သည် ၇-၄-၂၀၁၇ရက် မွန်းလွဲ ၁း၂၂နာရီတွင်အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) (မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၇ ရက် မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ စစ်အခမ်းအနားဖြင့် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်ကြီးဝဏ္ဏရဲထိုက်**
DSTA-5
အသက်(၃၇)နှစ်

တပ်မတော်နည်းပညာတက္ကသိုလ် အမှတ်စဉ်(၅) ဗိုလ်လောင်းသင်တန်းမှ ဗိုလ်ကြီးဝဏ္ဏရဲထိုက်သည် ၇-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်နည်းပညာတက္ကသိုလ်
အမှတ်စဉ်(၅)ဗိုလ်လောင်းသင်တန်းမှ သူငယ်ချင်းများ

# သင်္ကြန်အထူးရထား ရန်ကုန်- မန္တလေးခရီးစဉ် စတင်ပြေးဆွဲ၊ လက်မှတ်များကို သုံးရက်ကြိုတင်ဝယ်ယူနိုင်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဧပြီ ၇**

မြန်မာ့မီးရထားအနေဖြင့် ယခုနှစ်သင်္ကြန်တွင် ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် အထူးရထားများကို သင်္ကြန်ကာလမတိုင်ခင်နှင့် သင်္ကြန်ပြီးကာလများတွင် ပြေးဆွဲသွားမည်ဖြစ်ပြီး **ယနေ့** (ဧပြီ ၈ ရက်)တွင် ရန်ကုန်- မန္တလေး အထူးရထားကို စတင်ပြေးဆွဲမည်ဖြစ်ကာ ထူးခြားမှုအစီအစဉ်တစ်ရပ်အနေဖြင့် ရိုးရိုးတန်းလက်မှတ်များကို တန်းစီစရာမလိုဘဲ အထူးတန်းကဲ့သို့ သုံးရက်ကြိုတင် ဝယ်ယူနိုင်ကြောင်း မြန်မာ့မီးရထား တိုင်းအမှတ်(၇) သွားလာပို့ဆောင်ရေးဌာနခွဲမှ သိရသည်။

"ဒီနှစ်သင်္ကြန်မှာတော့ ခရီးသွားပြည်သူတွေအဆင်ပြေအောင် ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ အရင်နှစ်သင်္ကြန်ကလို သင်္ကြန်အထူးရထားလက်မှတ်တွေကို တစ်ရက်ကြိုမရောင်းတော့ဘဲ အထူးတန်းလို သုံးရက်ကြိုတင်ရောင်းချသွားမှာပါ။ ဧပြီ ၈ ရက်မှာ ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားစတင်ပြေးဆွဲပါမယ်။ ရက်ကြိုရိုးရိုးတန်းလက်မှတ်များကိုလည်း ဧပြီ ၈ ရက်မှာပဲ စတင်ဝယ်ယူနိုင်ပါပြီ။ အရင်နှစ်တွေကတော့ အခုလို ကြိုမရောင်းခဲ့ဘူး။ ဒီနှစ်မှာတော့ ခရီးသည်တွေ နံနက်စောစောလက်မှတ်တန်းစီစရာမလိုပဲ အဆင်ပြေစေဖို့ ရိုးရိုးတန်းလက်မှတ်ကိုလည်း အထူးတန်းလို သုံးရက်ကြို စတင်ရောင်းချ သွားမှာပါ"ဟု မြန်မာ့မီးရထား တိုင်းအမှတ်(၇) သွားလာပို့ဆောင်ရေးဌာနခွဲမှ တိုင်းမန်နေဂျာ ဦးဇော်လွင်က ပြောသည်။

မြန်မာ့မီးရထားသည် ဝန်ထမ်း၊ အလုပ်သမားနှင့် ခရီးသွားပြည်သူများ အဆင်ပြေစေရန် ယခုနှစ် သင်္ကြန်အကြိုကာလနှင့် သင်္ကြန်ပြီးကာလများတွင် ပုံမှန်ပြေးဆွဲပေးနေသော ရိုးရိုးရထားများအပြင် အထူးရထားများကို တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ရာ သင်္ကြန်အထူးရထားအဖြစ် ဧပြီ ၇ ရက်တွင် မန္တလေး- ရန်ကုန်၊ ဧပြီ ၈ ရက် (**ယနေ့**)မှစတင်ကာ ရန်ကုန်- မန္တလေးနှင့်

*စာမျက်နှာ ၇ ကော်လံ ၁* ❄



မြန်မာ့မီးရထားမှ ရန်ကုန်- မန္တလေး ပြေးဆွဲနေသော အမှတ်(၃)အဆန်ကို တွေ့ရစဉ်

## ရခိုင်ပြည်နယ်အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပွဲပြုလုပ်မည်

**နေပြည်တော် ဧပြီ ၇**

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအား ရခိုင်ပြည်နယ် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ဧပြီ ၁၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါရှင်းလင်းပွဲ သတင်းရယူရေးအတွက် ပြည်တွင်းသတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများအနေဖြင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့သို့ လည်းကောင်း ဆက်သွယ်၍ အမည်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာအမျိုးသမီးအသင်း ဆီးရီးယားကို ၁၄ ဂိုးပြတ်သွင်း

**သတင်း - ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - MFF**

**ဟနွိုင်း ဧပြီ ၇**

၂၀၁၈ အာရှဖလား အမျိုးသမီးခြေစစ်ပွဲအုပ်စု (ဃ) တတိယနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပရာ မြန်မာအမျိုးသမီးအသင်းက ဆီးရီးယားအမျိုးသမီးအသင်းကို ၁၄ဂိုး- ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဆီးရီးယားကို ဂိုးပြတ်သွင်းယူပြီး နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ ခြေစစ်ပွဲအောင်ရန် အိမ်ရှင်ဗီယက်နမ်နှင့် အဓိကယှဉ်ပြိုင်ရမည့် မြန်မာအသင်းသည်

*စာမျက်နှာ ၇ ကော်လံ ၁* ❖


မြန်မာနှင့်ဆီးရီးယား ယှဉ်ပြိုင်နေစဉ်

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၇

**မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်သည်။**

**ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများ ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။**

**ဧပြီ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။**

**ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကိုလည်း သင်္ကြန်ရုံးပိတ်ရက်ကာလဖြစ်သည့် ဧပြီ ၁၅ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်) မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၆ ရက်တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည် ဖြစ်သည်။**

**သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။**

(သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း)

